www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# မျှော် - ၅၂၈

ပုသိမ်အောင်သန်းဦး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ် စာပေဗိမာန်စာမူဆု
ဝတ္ထုရှည်၊ ပထမဆုရ

# "မှော် ၅၂၈"

## ပုသိမ်အောင်သန်းဦး

| | | |
|---|---|---|
| စီစဉ်တည်းဖြတ်သူ | - | ဦးညွန့်ဟံ (ညွန့်ဟံ- ကြူတော)<br>စာတည်း (တာဝန်ခံ) |
| | - | ဒေါ်တင်မွေး (မွေးငယ်ငယ်)<br>စာတည်း |
| အဖုံးပန်းချီ | - | တံကောင်း |

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

တန်ဖိုး (၅၀၀) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က မှတ်ပုံတင်အမှတ် (၁၇၄၉၂)
ဖြင့်ပုံနှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# " အမှာစကား "

မော် ၅၂၈ ကို မရေးမီ ကျွန်တော် မော် နောက်ခံ ဝတ္ထုတို ၂၅ ပုဒ်ခန့် စတင်ရေးခဲ့သည်။ မော်ဝတ္ထုတို ၂၅ ပုဒ် သည် မော်အကြောင်းကို စတင်လေ့လာမှတ်တမ်းတင်ထားခြင်းဖြစ် သည်။ ကျွန်တော် မြင်သိခံစားခွင့်ရခဲ့သော မော်လုပ်ကွက်ကြီး၏ အခြေအနေများကို ရှုထောင့်စုံမှ တင်ပြထားခြင်းဖြစ်သည်။

ကျွန်တော် မော်ကြီး၏ရှုထောင့်စုံကို လေ့လာမှတ်တမ်း တင်ပြီးမှ ခြုံငုံပြီး ဤမော် ၅၂၈ ဝတ္ထုရှည်ကို စတင်ရေးသားခဲ့သည်။ ဤဝတ္ထုရှည်ကို ရေးရာတွင် ကျွန်တော့်၌ စိတ်ကူးယဉ်ဖန်တီးစရာ သိပ်မလို၊ ကျွန်တော့်မျက်စိရှေ့တွင်ပင် မော်လုပ်ကွက်အသီးသီး၊ ထောင့်အဖုံဖုံမှ ကျင်းပေါ်ကျင်းအောက်လုပ်သားများ၊ ခဲရွေးမများ၊ အင်ချုပ်မ၊ အင်ချုပ်ချုပ်မ၊ ကျင်းဆရာ၊ ကျားအင်ချုပ်၊ အင်ချုပ်ချုပ်၊ ကျင်းချုပ်၊ လုပ်ငန်းတာဝန်ခံစသူတို့ လှုပ်ရှားနေကြသည်။

သူတို့တွေကို ကြည့်ပြီး ကျွန်တော်ရေးခဲ့သည်။ ဝန်ခံရပါက ဖန်တီးမှုသိပ်မရှိ။ ကျွန်တော်မြင်တွေ့ခဲ့ရသမျှ တွေ့ကြုံခဲ့ရသမျှ ဝတ္ထုပေါ် ချရေးလိုက်ခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မှော် ဝတ္ထုတိုတွေရေးစဉ်က နှစ်လမျှအချိန် ယူခဲ့ရသော်လည်း ဤမှော် ၅၂၈ ကို ကျွန်တော် ငါးရက်နှင့်အပြီး သတ်ရေးနိုင်ခဲ့သည်။

ဝတ္ထုဇာတ်အိမ်သည် မှော် ၅၂၈ လုပ်ကွက်အတွင်းမှာသာ ရှိသည်။ ဤလုပ်ကွက်အတွင်းရှိ လုပ်ငန်းအားလုံးကို တတ်နိုင်သမျှ မြေပေါ်မြေအောက်စုံအောင် ကျွန်တော် ရေးပြခဲ့သည်။ ကျွန်တော့် ဝတ္ထုများ၏ အစဉ်အလာအတိုင်း လူငယ်အကျိုးပြု ဝတ္ထုရှည် တစ်ပုဒ်ဖြစ်သွားခဲ့သည်။

တကယ်တော့လည်း မှော်လုပ်ကွက် အသီးသီးတွင် အသက်စွန့်ပြီး မြေပေါ်မြေအောက် အလုပ်လုပ်နေကြသူတွေမှာ လူငယ်တွေသာ ဖြစ်သည်။ လုပ်ငန်းတာဝန်ခံ၊ မန်နေဂျာ၊ ကျင်းချုပ်၊ ဝင့်စက်ဆရာ၊ ချောဘားစက်ဆရာ၊ ခဲကြိတ်စက်ဆရာ၊ ဂိုဒေါင်မှူး၊ ကျင်းဆရာ၊ အင်ချုပ်စသည်တို့မှာ လူငယ်တွေသာဖြစ်သည်။

စင်စစ် လောပန်တို့သည်ပင် အသက်လေးဆယ်မပြည့်ချင် ကြသေး။ အားလုံး လူငယ်တွေချည်း. . .။

ထို့ကြောင့် သူတို့တွေစွန့်စားကြသည်။ တက်ကြွကြသည်။ အပင်ပန်းခံကြသည်။ ဇွဲရှိကြသည်။ လုံ့လရှိကြသည်။ သူတို့တွေ အားလုံး နံနက်ခြောက်နာရီမှ ညနေငါးနာရီ၊ ညနေခြောက်နာရီမှ နောက်တစ်နေ့နံနက်ငါးနာရီထိ နေ့ဆိုင်းညဆိုင်းတွေဖြင့် ၂၄ နာရီ ပတ်လုံး မနားမနေ အလုပ်လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေပေါ်လုပ်သူလုပ်၊ မြေအောက်ဆင်းသူဆင်း၊ ကျောက်ကောင်းကျောက်မြတ်ရရှိရေးအတွက် အားကြိုးမာန်တက် ဂန်းထိုး၊ ယမ်းခွဲ၊ တူထု၊ အိတ်ထည့်၊ ခဲဆွဲ၊ ခြင်းထည့်၊ မိုးကြမ်းခင်း၊ အုန်းစိုက်၊ မျှောခင်း၊ ခေါင်းစားထိုးနေကြသည်။

ချောဘားပုံးကြီး အပေါ်တက်လိုက် အောက်ဆင်းလိုက် လုပ်နေသည်ကို အောက်ရောက်လာလျှင် ခဲအိတ်တွေ အမြန်အပြည့်အမောက်ထည့်၊ အထက်ရောက်လာလျှင် ပုံးထဲက ခဲအိတ်တွေထုတ် ခဲကြိတ်စက်ဆီ ခဲဆွဲ၊ အိတ်ဖြတ်၊ ခဲလောင်း၊ ခဲကြိတ်၊ ခဲရွေးမလေးတွေက ခဲရွေးကြ။ ကျောက်ပါလျှင် တာရာပုံးမည်းကြီးထဲထည့်၊ ခါစက်ဖော် . . .

ဤနေ့စဉ် မြင်တွေ့နေရသော လုပ်ငန်းကြီးကို အလုပ်သမားဇာတ်ကောင်တွေ၊ ကြီးကြပ်သူလူကြီးတွေ၊ ခဲရွေးမတွေ အင်ချပ်တွေဖြင့် ဖွဲ့စည်းကာ မှော်လုပ်ကွက်တစ်ကွက်၏ လှုပ်ရှားရှင်သန်နေကြသည့် မြင်ကွင်းကျယ်ကြီးကို ကျွန်တော်တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ဝတ္ထုဆိုသည်နှင့်အညီ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်စရာ၊ ပီတိဖြစ်စရာ၊ ကြည်နူးဖွယ်၊ စက်ဆုပ်ရွံရှာဖွယ်တွေ ပါလာရပါသည်။ ကောင်းသူတွေပါသလို မကောင်းသူတွေလည်း မလွဲမသွေ ပါလာရပါသည်။

လူ့ဘဝဇာတ်ခုံကြီး ကိုယ်တိုင်က အဖြူနှင့်အမည်း၊ အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုတွင် ဇာတ်ကောင်တွေ၏ကြိုးစားရုန်းကန်မှုကို ဦးတည်ရေးပါသည်။ မှော်တောတွင် ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်ရင်း မိမိတို့ဘဝတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကြိုးစားနေကြသော လူငယ်များကိုလည်း ပြထားပါသည်။

ကျွန်တော့်ဝတ္ထုတွင် ဇာတ်ကောင်တွေ၊ ဇာတ်လိုက်တွေ များနေသယောင်ထင်ရသော်လည်း အဓိကဇာတ်လိုက်မှာ အလုပ်ဖြစ်သည်။

လုပ်ငန်းကြီးတစ်ခု အောင်မြင်သွားရခြင်းသည် သက်ဆိုင်ရာတာဝန်ရှိသူ ကျင်းသား၊ ကျင်းဆရာ၊ အင်ချုပ်၊ ကျင်းပေါ်လုပ်သား၊ ဝင့်စက်ဆရာ၊ ချောဘားစက်ဆရာ၊ ခဲကြိတ်စက်ဆရာ၊ ခဲရွေးမမှစပြီး စားဖိုမှူး၊ ဆေးမှူး၊ ဂိုဒေါင်မှူး လုပ်ငန်းတာဝန်ခံများ၊ ကျင်းချုပ်၊ အင်ချုပ်ချုပ်စသူများ၏ သူ့တာဝန်ကိုယ့်တာဝန်မှ မလစ်ဟင်းကြရအောင် ဆောင်ရွက်နိုင်မှုကြောင့်သာ ကျောက်ကောင်းကျောက်ပွင့်ကို ရရှိခြင်းဟူသည့် ပန်းတိုင်ကိုရောက်ရှိပုံဖြင့် ဝတ္ထုကို ဖော်ညွှန်းသည်။

ထို့ကြောင့် ကျွန်တော့်ဝတ္ထုတွင် ဝဏ္ဏသည် ဇာတ်လိုက်မဟုတ်၊ ရတနာသည် ဇာတ်လိုက်မ,မဟုတ်၊ သူတို့သည်ဇာတ်ရံများသာဖြစ်သည်။ တကယ့်ဇာတ်လိုက်မှာ အလုပ်ဖြစ်သည်။

ဤရည်ရွယ်ချက်ရောက်အောင် ကျွန်တော် ကြိုးစားကြည့်သည်။ မအောင်မြင်သော် ကျွန်တော် ညံ့ဖျင်းသောကြောင့်သာဖြစ်ပါသည်။ ကျွန်တော် ဆက်လက်ကြိုးစားရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ မှော်ဝတ္ထုရှည်တစ်ပုဒ်ကို ကျွန်တော် ကြိုးစားရေးဖြစ်ခဲ့ပါပြီ။ ဤဝတ္ထုရှည်ရေးနိုင်ရန် ကျွန်တော် မှော်လုပ်ကွက်တစ်ခုတွင် ကြီးကြပ်ရေးမှူးတာဝန်ယူလျက် သုံးလတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ကြောင့်သာ ဤဝတ္ထုမျိုးကို ရေးသားနိုင်ခြင်းဖြစ်ပါသည်။

တစ်ခုပြောစရာရှိပါသေးသည်။ မိုင်းရှူးရတနာမြေတွင် မှော် ၅၂၈ လုပ်ကွက်ရှိပါလိမ့်မည်။ သို့သော် ကျွန်တော့်ဝတ္ထုထဲက မှော် ၅၂၈ သည် အဆိုပါ မှော် ၅၂၈ ကို လေ့လာပြီးရေးသားခဲ့ခြင်း မဟုတ်ပါ။

၅၂၈ သွယ်သော မေတ္တာများဖြင့် မိသားစုသဖွယ် တစ်ယောက်ကိုတစ်ယောက် ဖေးမကူညီကြကာ သူ့ဝန်ကိုယ့်တာလုံအောင် လုပ်ဆောင်နေကြသည့် မှော်တစ်ခု၏ ချစ်စရာလုပ်ငန်းခွင် အနေအထားကို တင်ပြလိုသောကြောင့် မှော် ၅၂၈ ဟု အမည်ပေးထားခြင်းဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စာဖတ်သူအားလုံးအား ခင်မင်လေးစားသော
ပုသိမ်အောင်သန်းဦး
၂၅-၇-၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မှော် . . .။

မှော်တောကြီး . . .။ မိုင်းရှူးမြို့သို့မရောက်မီကပင် အဝေးဆီမှလှမ်း၍ မြင်လိုက်ရသည့် မှော်တောကြီး . . .။ ပြိုးပြိုး ပြောင်ပြောင် သွပ်ဖွေးဖွေးဖြင့် စည်ကားတင့်တယ်နေသော ဝမ်ကန် အရပ် . . .။

ဤဝမ်ကန်အရပ်သည် မိုင်းရှူးမြို့၏အထက် ပေ ၅၃၀၀ မြင့်သည့် တောင်ကုန်းပေါ်တွင်ရှိသည်။ ယခင်ကတော့ ရွာလေး တစ်ရွာပါ။ လက်ဖက်စိုက်၊ ခြံစိုက်၊ မီးသွေးဖုတ်၊ ထင်းရောင်းသည့် အသက်မွေးဝမ်းကျောင်းမှုများဖြင့် လုပ်ကိုင်စားသောက်နေကြ သည့် ရှမ်း၊ ပလောင်၊ လားဟူတို့တွေ အတူနေထိုင်ခဲ့ကြသည့် ရွာလေးတစ်ရွာပါ။

ဤရွာလေးများထဲမှ ခိုလုံဟူသည့် ပလောင်ရွာလေးမှ ထွန်ယက်စိုက်ပျိုးရင်း မြေအောက်မှ အဖိုးတန်ကျောက်ရရှိခဲ့သည့် ရွာသားတချို့ မိုင်းရှူးမြို့ဆင်းပြီး ဆန်နှင့်ကျောက် လဲစားခဲ့ရာမှ ခိုလုံရွာတွင် ကျောက်ထွက်သည်ဟူသောသတင်း တောမီးပမာပျံ့နှံ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး သည်၏နောက် ကျောက်တူးသူ၊ ကျောက်ရှာသူတွေ၊ ကျောက်ဝယ် ရောင်းသူတွေ ဝမ်ကန်၊ ဆိုင်းလျန်အရပ်များဆီသို့ အစုလိုက်အပြုံလိုက် ရောက်ရှိလာကြကာ တူးဖော်ရှာဖွေရောင်းဝယ်ကြရင်း အခြေစိုက်လာကြသည်။

သည့်နောက် ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနမှ ဘူမိဗေဒပညာရှင်များနှင့် သုတေသနပြုလုပ်ပြီး ကျောက်ကောင်းကျောက်မြတ်များ ထွက်ရှိနိုင်ကြောင်း သိရသည်နှင့် တိုင်းရင်းသားအရင်းရှင်များ၊ ငြိမ်းချမ်းရေးယူထားကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများအား လုပ်ကွက်များသတ်မှတ်ပြီး ကျောက်မျက်တူးဖော်ထုတ်လုပ်ခွင့် ပေးလိုက်သောအခါ သူ့ထက်ငါ အလုအယက် ကျောက်မျက်ပွင့်ကောက်များ တူးဖော်ရှာဖွေလျက်ရှိကြရာ ယခုအခါတွင် မော်လုပ်ကွက် အသီးသီးသည် ဝင့်စက်မောင်းသံ၊ မီးစက်များခုတ်မောင်းသံ၊ ကျောက်ခွဲစက်ကြီးကြိတ်ဝါးနေသံ၊ ကားသံ၊ ဆိုင်ကယ်သံ၊ ထော်လာဂျီသံ စသောအသံမျိုးစုံဖြင့် လှုပ်ရှားရုန်းကန် တူးဖော်နေကြသည့် ရှုခင်းမြင်ကွင်းစုံကို အံ့ဖွယ်ဘနန်း တွေ့ကြရမည်ဖြစ်ပါသည်။

မိုင်းရှူးမြို့မှ ဖိုးပိုးကားများဖြင့် တောင်ပေါ်ရှိ ဝမ်ကန်အရပ်ဆီသို့ ဆယ့်ကိုးမိုင်ခရီး လှမ်းတက်လာမည်ဆိုပါလျှင် အကဲစ်တွေ့တုခေါ်သည့် အင်္ဂလိပ် (S) ပုံသဏ္ဍာန်ကွေ့ကို ကျော်ဖြတ်လာပြီး သည်၏နောက်တွင် ပထမပါနိတ်ခေါ်သည့်အရပ်တွင် ၂၉၈ မော်ကြီးမှ ခဲများအား ရွေးချယ်နေကြသည့် ခဲရွေးမလေးများ၊ အင်ချပ်

www.burmeseclassic.com

www.burmeseclassic.com



မျှား၊ ကျင်းဖော်လုပ်သားလေးများ၏ ရှုခင်းမြင်ကွင်းကို ပထမဆုံး မြင်တွေ့ကြရမည်ဖြစ်ပါသည်။

ထို့နောက် ဆီသိုလှောင်ရုံများကို ကျော်ဖြတ်လာခဲ့ပြီး သည်၏နောက်တွင် လှျမ်းပြည့်မြို့ဦးကျောင်းနှင့်စေတီ၊ ပြီးတော့ မီးလွတ်ဆရာတော်သီတင်းသုံးရာ မဟာသန္တိသုခ ကမ္မဋ္ဌာန်းကျောင်း တော်ကြီးနှင့် ကုန်းမြင့်ထက်မှ ဘုရားစေတီအလီလီအား ဖူးတွေ့ ကြရမည်ဖြစ်သည်။

မီးလွတ်ဆရာတော်ကျောင်း၏ မျက်နှာချင်းဆိုင်တွင်ပင် မှော် ၅၄၄ လုပ်ကွက်၊ မှော် ၂၉၀၊ ၅၅၊ ဂဏန်းကျင်းဖြစ်သည့် မှော် ၃၄၄ လုပ်ကွက်တို့ကို မြင်တွေ့ကြရမည်လည်းဖြစ်သည်။ ရှေ့ လမ်းတစ်လျှောက်တွင် လှိုင်ဆောင်ထောက်ရဲစခန်းနှင့် ပုံကျဈေး တို့ကို ဖြတ်ကျော်လာခဲ့ကြပြီး သည်၏နောက်တွင် ကျောက်ချွန်း ဟုခေါ်သည့် လမ်းခွဲနေရာတစ်ခုသို့ ရောက်မည်။ ကျောက်ချွန်းမှ ညာဘက်ဆီသို့ ချိုးတွေ့၍လာခဲ့သည်ရှိသော် ပလောင်ကွက်ကို ညာဘက်ဆီတွင် တွေ့ကြရမည်ဖြစ်သည်။

ထို့နောက် တောင်ကုန်းမြင့်အတိုင်း ခဲတောင်ကြီးကိုပတ်၍ တက်ခဲ့ကြမည်ဆိုပါလျှင် မှော် ၂၂၃ ကျင်းဖောင်းကြီးနှင့် မှော် ၃၃၈၊ မှော် ၁၄၊ လ-၇ ၃၃၇၊ ၂၈၄၊ ၂၈၇၊ လ-၄၊ လ-၅၊ ၂၇၄၊ 252?253?MEC ၊ ပြည်ခိုင်ဖြိုးလုပ်မှော်လုပ်ကွက်ကြီးများအပြင် မှော် ၃၂၅၊ ၃၆၀၊ ၃၆၂၊ ၂၉၈၊ မြယမုံ၊ ၂၉၇၊ ၅၇၈ စသည့်မှော်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကွက်အသီးသီးအား ဆိုင်းလျှန်ဘက်တိုင် မျက်စိတစ်ဆုံး တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထိုမှ အောက်ဘက်လမ်းခွဲလေးဆီ ပြန်ဆင်းလာပါလျှင် အောက်ဘက်တွင် မှော် ၂၂၂၊ ၃၂၈၊ ၂၅၊ ၂၀၊ ၁၉၊ ၁၆၊ ၁၇၈ စသည့်မှော်လုပ်ကွက်ကြီးများကို တွေ့မြင်ရှုစားကြရမည်ဖြစ်ပါသည်။

၎င်းမှော်လုပ်ကွက်များ၏အောက်တွင်တော့ လူးကျင်းခေါ် မြေကျင်းလုပ်ကွက်များကို တွေ့ကြရမည်ဖြစ်သည်။ ခဲကျောက် မပေါ်မီက မြေကျင်း၊ လူးကျင်းများကိုသာ ပထမဆုံး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ နာမည်ကျော် ကျားပါးစပ်၊ ပျားကျင်းစသည့်ကျင်းကြီးများမှာ လူးကျင်း၊ မြေကျင်းကြီးများသာ ဖြစ်ကြသည်။

မြေကျင်းလူးကျင်းများ လုပ်ကိုင်ခဲ့ကြရာမှ ခဲကျောက်များ ခေတ်စားလာသောအခါ ခဲတောင်ဝန်းကျင် စည်ကားလာပြီး ခဲကျောက်များတူးဖော် ထုတ်လုပ်လာခဲ့ကြခြင်းဖြစ်သည်။ အောက်ရှိ လူးကျင်းမြေကျင်းများအနက် ၃၃၄ မြေကျင်း၊ ၂၈ လူးကျင်း၊ ၄၁၊ ၃၅၊ ၃၁၊ ၂၁၂၊ ၇၀၊ ၇၁၊ ၅၄၊ PNO ပအို့ဝ်လူးကျင်းအသီးသီးကို လည်း အောက်ဘက်မြေနိမ့်ချိုင့်ဝှမ်းအတွင်း တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ကြရမည်ဖြစ်သည်။

ထိုမှတစ်ဖန် တက်လာခဲ့သည့် ကျောက်ချွန်းလမ်းခွဲဆီသို့ ပြန်ဆင်းလာခဲ့ကြပြီး သွပ်တန်းဈေးခေါ် မဏိရတနာဈေးဆီသို့ ဦးတည်မောင်းနှင်ခဲ့ကြပြီး သက္ကမုဏိဘုရားစေတီကြီးအား ဖူးမြော်

www.burmeseclassic.com

www.burmeseclassic.com



မာန်လျှော့ကန်တော့ကြပြီး သည်၏နောက် သက္ကမုဏိဘုရားရင်ပြင် ထက်မှ ညာဘက်ခြမ်းရှိ မှော်လုပ်ကွက်ကြီးများအား မျှော်ငေးကြည့်ရှု တော်မူကြမည်ဆိုပါလျှင် တောင်ကြောကြီးများတစ်လျှောက်တွင် လည်းကောင်း၊ အောက်ဘက်လှူးကျင်းများ၊ မြေကျင်းများကို လည်းကောင်း မြင်ကြရပါလိမ့်မည်။

ဤလုပ်ကွက်ကြီးများကား ဦးပိုင်၊ ၂၆၁၊ ရှမ်းရိုးမ၊ MEC စသည့် စသည့်လုပ်ကွက်ကြီးများဖြစ်ပါသည်။ မျှော်၍မှန်း၍ကြည့်ရှု ပါသော် မိုးပျံချောဘားကြီးများဖြင့် ခဲအိတ်များသယ်ယူပို့ဆောင်နေ ကြသော ရှုခင်းများ၊ မြင်ကွင်းများ၊ ခဲကြိတ်စက်သံ၊ ဝင့်စက်မောင်း သံ၊ မီးစက်မောင်းသံတို့ဖြင့် ဆူညံစွာလုပ်ကိုင်ဆောင်ရွက်နေကြ သည့် လှုပ်ရှားနေမှုများကိုလည်း အဝေးကပင် မြင်တွေ့နိုင်ပါသည်။

ထိုမှကျော်၍ ဆိုင်းလျှန်ဘက်ဆီသို့ မျှော်ငေးကြည့်ရှုကြ မည်ဆိုပါအံ့။ PNO ပအိုဝ်မှော်ကြီး၊ ဦးအောင်ခမ်းထီကြီးမှူးပြီး ဦးနေဝင်းထွန်းဦးဆောင်ကာ PNO တပ်ဖွဲ့ဝင်များ စုပေါင်း တည်ထားတော်မူသော ရွှေဘုန်းတော်အဘယလာဘမုနိ ပတ္တမြား နဂါးရုံစေတီတော်ကြီးနှင့်တကွ ရွှေဟသာ်ာ 'ဝ' တိုင်းရင်းသားတို့၏ လုပ်ကွက်မှော်ကြီး၊ ရှမ်းကွက်၊ လားဟူကုန်း၊ လက်ဖက်တောကွက် စသည့်စသည့် မှော်လုပ်ကွက်အသီးသီးအားလည်း မျက်စိတစ်ဆုံး မြင်ကြရမည်ဖြစ်ပါသည်။

တောင်ကုန်းကျောက်တောင်အသီးသီးတို့၏ ချောက်နှာ၊ ရင်ဘတ်၊ ခန္ဓာကိုယ်ကြီးတစ်ခုလုံးအား ကုတ်ခြစ်၊ ဖဲ့ခြေ၊ ထွင်းဖောက်

www.burmeseclassic.com

www.burmeseclassic.com



လျက် ကျောက်မျက်ရတနာများအား ရှာဖွေဖော်ထုတ်နေကြသည့် မြင်ကွင်းကျယ်ကြီးအား ရင်သပ်ရှုမောဖွယ် တွေ့မြင်ကြရပြီးသည့်နောက် မှော်လုပ်ကွက် ၅၂၈ အား အနီးကပ် တွေ့မြင်သုံးသပ်နိုင်ပါရန် စာဖတ်သူမိတ်ဆွေအား ခေါ်ယူပြသပါတော့မည်။

အဝေးကြည့်မြင်ကွင်းကျယ်ကြီးမှနေပြီး အနီးကြည့်သို့ ပြောင်းလဲကြည့်ရှုလိုက်မည်ဆိုပါလျှင် မှော်လုပ်ကွက် ၅၂၈ ၏ မြင်ကွင်းကို ထင်ထင်ရှားရှားတွေ့မြင်ကြရပါလိမ့်မည်။

လုပ်ကွက်မှော်ကြီး၏ တံခါးကိုဖွင့်ထားသည်တော့မဟုတ်။ ပိတ်ထားပါသည်။ သို့သော် အသေပိတ်ထားသည်လည်း မဟုတ်ပါ။ ခဲတင်ကားကြီး ဝင်ထွက်သွားလာနိုင်ရန်၊ ဆိုင်ကယ်များ ဝင်ထွက်သွားလာနိုင်ရန် ဖွင့်ပေးလေ့ရှိပါသည်။ တံခါးအဖွင့်အပိတ်ကို လုံခြုံရေးတာဝန်ကျ (သကဆဖ) အဖွဲ့ဝင်များ (သောင်းကျန်းသူဆန့်ကျင်ရေးပန်းဆေးတပ်ဖွဲ့ဝင်များ)၊ 'ဝ' တပ်ဖွဲ့ဝင်များက အလှည့်ကျစောင့်ကြပ်ကြပါသည်။

တံခါးကြီး၏မျက်နှာစာတွင် "ညှိတွေ့ခွင့်မပြု" ဟူသော စာလုံးကြီးကို ဆေးနီဖြင့်ရေးသားထားသည်ကို ပထမမြင်တွေ့ကြရမည်ဖြစ်သည်။ တံခါး၏ဘယ်ဘက်ထောင့်တွင် လုံခြုံရေးကင်းမှု ရှိပါသည်။ ကင်းရုံတွင် တာဝန်ကျလုံခြုံရေးနှစ်ဦးရှိပြီး အဲဘက် လူဝင်ပေါက်တံခါးလေးတစ်ခုက လူအဝင်အထွက်အတွက် သီးသန့် ပြုလုပ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးကင်းတဲထဲတွင် ကင်းအလှည့်ကျတာဝန်ကျသူများစာရင်း၊ ကြော်ငြာသင်ပုန်းပေါ်တွင် နေ့စွဲတပ်ပြီး နေ့စဉ် ခဲကြမ်း၊ ခဲနုတ်၊ ခဲမှုန့်များ သယ်ယူပို့ဆောင်နေသည့် ကားအရေအတွက်ခေါက်ရေစာရင်း၊ နေ့ပုတ်ပြတ်ကျင်းဆင်းလုပ်သားစာရင်း၊ ညပုတ်ပြတ်ကျင်းဆင်းလုပ်သားစာရင်း၊ ကားတင်ပုတ်ပြတ်လုပ်သားစာရင်း၊ အိတ်ချုပ်လုပ်သားစာရင်း၊ ပြင်ပလုပ်အားပေးလုပ်သားစာရင်းများကို ကျောက်သင်ပုန်းကြီးပေါ်တွင် နေ့စဉ်ဆောင်ရွက်ချက်မှတ်တမ်းဆိုပြီး ရေးမှတ်ဖော်ပြထားသည်ကိုလည်း တွေ့ကြရမည်ဖြစ်ပါသည်။

ပြင်ပတံခါးမကြီးရှေ့ဝယ် "ညှိလုံးဝတွေ့ခွင့်မပြု" ဟူသော ပြင်းထန်သည့်ဆုံးဖြတ်ချက်အမိန့်ကြီး ချမှတ်အတည်ပြုရေးဆွဲထားသော်လည်း ကင်းရုံထဲတွင်တော့ ညှိတွေ့ချိန် ညနေ ၅ နာရီမှ ၅ နာရီခွဲအထိဟူသော စာတန်းကို တွေ့ရှိရပါသည်။ "တစ်ဦးညှိတွေ့ချိန် ၁၅ မိနစ်" ဟူ၍ နောက်ဆက်တွဲရေးသားဖော်ပြထားသည့် စာတန်းငယ်ကိုလည်း တွေ့ကြရမည်ဖြစ်ပါ၏။

ထို့ကြောင့် ညှိလုံးဝတွေ့ခွင့်မပြုဆိုသော်ငြား တစ်နေ့ နာရီဝက်ခန့်တော့ တွေ့ခွင့်ပြုသည်။ တစ်ခါတွေ့ကြလျှင် ၁၅ မိနစ်လောက်တော့ စကားပြောခွင့်ရှိကြပါသည်ဟူသော အသိတော့ ဝင်လိုက်မိကြမည်ထင်ပါ၏။

ကင်းရုံနှင့်ဆက်လျက် လုံခြုံရေးရဲဘော်များ၏ အိပ်ဆောင်ရှိသည်။ အပေါ်ထပ်တွင် လုံခြုံရေးရဲဘော်တွေ အိပ်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ကား ဆေးခန်းဖြစ်သည်။ မှော်လုပ်သားလေးများ၊ အလုပ်သမလေးများ သာမန်ထိခိုက်ဒဏ်ရာရ၊ ဖျားနာကြလျှင် ကုသပေးရာ ဆေးခန်းငယ်ဖြစ်သည်။ ဆေးမှူးတစ်ဦးက တာဝန်ယူပြီးကုသပြုစု ဖေးမလျက်ရှိနေ၏။

ဆေးခန်း၏ရှေ့တွင်ကား မှော် ၅၂၈ ၏ရုံးကြီး။ အထက်ထပ်ကား ရုံးနှင့်တွဲလျက် မန်နေဂျာ၊ ကျွင်းချုပ်၊ အင်ချုပ်ချုပ်၊ အင်ချုပ်များနှင့် စာရေးများက အခန်းအသီးသီးနှင့် နေကြသည်။

ရုံးခန်းတွင် စားပွဲရှည်ကြီးတစ်ခုနှင့် ပလတ်စတစ်ကုလားထိုင် ၁၅ လုံးခန့် ချထားသည်။ စားပွဲရှည်ကြီး၏နောက်တွင် မှော် ၅၂၈ ဟူသော စာလုံးကြီးကို မြန်မာ၊ တရုတ်စာတန်းများဖြင့် စီခြယ်ရေးသားထားသည်ကို တွေ့မြင်ကြရပါလိမ့်မည်။

ရုံးဆိုသော်လည်း လက်နှိပ်စက်၊ ဗီရို၊ စာရွက်စာတမ်းများ မတွေ့ရ။ လိုအပ်မှသာ မန်နေဂျာ၊ စာရေး စသူတို့က သူတို့အိပ်ခန်းများအတွင်းမှ ယူဆောင်လာကြပြီး မြန်မာလို၊ တရုတ်လို ရေးမှတ်ထားသည့် စာအုပ်ရှည်ကြီးများတွင် ရေးမှတ်ထည့်သွင်းကြခြင်းသာ ဖြစ်ပါသည်။

အလုပ်သမားများ အလုပ်ပျက်လျှင်၊ စည်းကမ်းဖောက်ဖျက်လျှင်၊ ကျောက်ခိုးသည်ကို မိလျှင် လုပ်ငန်းတာဝန်ခံက ခေါ်တွေ့မေးမြန်းအပြစ်ပေးရာ နေရာလည်းဖြစ်ပါသည်။

ရုံးခန်း၏ ညာဘက်အထက်တွင် ဘုရားစင်ရှိ၏။ ဘုရားစင်ပေါ်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်အား ပန်း၊ သစ်သီးများ

www.burmeseclassic.com



နှင့်တကွ ဘုရားပွဲဖြစ်ဟန်ရှိသည့် အုန်း၊ ငှက်ပျော၊ လက်ဖက် စသည်များဖြင့် ပူဇော်ထားသည်ကိုလည်း တွေ့မြင်ရပါသည်။ ထို့ပြင် ဘုရားစင်ပေါ်တွင် ခဲတုံးကြီးတစ်တုံး. . .။ သေချာစွာကြည့်ပါမှ ခဲတုံးကြီးတွင် ကျောက်များ ရှည်လျားစွာတွယ်ကပ်မြုပ်ဝင်နေသည်ကို တွေ့ရပါလိမ့်မည်။ ဗုဒ္ဓမြတ်စွာအား ဤကဲ့သို့ ကျောက်မျက်ကျောက်ကောင်းများ မြေအောက်ခေါင်းစားကျင်းအသီးသီးမှ ပေါပြည့်လျှံစွာ ထွက်ပါစေကြောင်း ဆုတောင်းကပ်လှူထားကြပုံရပါသည်။

ဘုရားစင်ရှေ့ ဝဲထောင့်တွင် စားပွဲငယ်တစ်လုံး။ ဤစားပွဲငယ်ကား ညှပ်ပြီးကျောက်များ ထုပ်စီးရာ၊ ချိန်တွယ်မှတ်တမ်းတင်ရာ စားပွဲငယ်ဖြစ်သကဲ့သို့ လုပ်ငန်းပြီးမြောက် အားလပ်သည့် ညအခါတွင် မန်နေဂျာ၊ ကျင်းချုပ်၊ တာဝန်ခံလူကြီးမင်းတို့ အပျင်းပြေ မာကျောက်ကစားရာ စားပွဲငယ်လည်းဖြစ်လေသည်။

စားပွဲရှည်ကြီး၏ ရှေ့တည့်တည့်တွင်ကား ၂၄ လက်မ ရောင်စုံရုပ်မြင်သံကြား တီဗွီကြီးနှင့် စီဒီခွေထိုးစက်တို့ကို တွေ့ရပါသည်။ ဤရုပ်မြင်သံကြားစက်ကြီးမှ ညစဉ် တရုတ်စီဒီဇာတ်လမ်းတွဲများ ပြသဖြေဖျော်ပေးလေသည်။ ရုံး၏နောက်ဘက်တွင် ရုံးအဖွဲ့ မန်နေဂျာများ၊ ကျင်းချုပ်၊ အင်ချပ်ချုပ်တို့၏ သီးသန့်မီးဖိုဆောင်နှင့် ထမင်းစားခန်း၊ ရေချိုးခန်း၊ အိမ်သာများရှိလေသည်။

ရုံး၏အောက်ထပ်ကား ထမင်းစားဆောင်ရှည်ကြီးနှင့် ဂိုဒေါင်. . .၊ ပြီးတော့ မီးဖိုဆောင်ကြီး၊ ထမင်းစားဆောင်ရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွင် စားပွဲငယ် ၁၁ လုံးနှင့် ခုံရှည်များဝန်းရံထားသည်ကို တွေ့မြင်ရပါသည်။ တစ်ဖက်ထမင်းချက်ခန်းကြီး၏ရှေ့တွင် "တာဝန်နှင့်လုပ်အားပေးများမှတစ်ပါး ဝင်ခွင့်မပြု" ဟူသော စာတန်းရေးဆွဲချိတ်ထားပြီး ရှေ့ထမင်းပေါင်းအိုးကြီးနှစ်လုံးထားရာအထက်တွင် "ထမင်းများကို လိုအပ်သလောက်သာ ထည့်ယူပါ။ ထမင်းဟင်းပိုများ သွန်ပစ်သည်ကိုတွေ့ရှိပါက ဝါးခြမ်းပြားနှင့် သုံးချက်အရိုက်ခံရမည့်အပြင် ဒဏ်ငွေသုံးထောင် ဖြတ်တောက်ခြင်းခံရမည်" ဟူသော စာတန်းကြီးကိုလည်း ထိတ်လန့်ဖွယ်မြင်ကြရမည်ဖြစ်ပါသည်။

ထမင်းစားဆောင်ကြီး၏ ထိပ်တွင်ကား ၁၂ လက်မ ရုပ်မြင်သံကြားစက်ကြီးတစ်လုံး။ ၎င်းကား ကျောင်းသားများ၊ ခဲရွေးမလေးများ ညပိုင်းအပျင်းပြေကြည့်ရန် ထားရှိပေးခြင်းဖြစ်သည်။ အပေါ်ရုံးခန်းမှတစ်ဆင့် လွှင့်ထုတ်ပေးသော တရုတ်သိုင်းကားများကို ကြည့်ကြရမည်ဖြစ်ပါ၏။

ထမင်းချက်ရုံ၏ရှေ့တွင် ဒီဇယ်ဆီ၊ ဓာတ်ဆီများသိုလှောင်ထားသည့် ဆီဂိုဒေါင်ကို တွေ့ရမည်။ ဆီပေပါလေးငါးခြောက်လုံးခန့်ကို သစ်သားတံခါးသော့တွဲလောင်းဖြင့် ပိတ်ထားသည်ကို တွေ့ကြရမည်ဖြစ်သည်။

နံနက်ခြောက်နာရီ အလုပ်စသည်နှင့် စက်ဆရာများအား ဒီဇယ်ဆီများ ထုတ်ပေးရာနေရာလည်းဖြစ်သည်။ ဆီဂိုဒေါင်နှင့် မျက်စောင်းထိုးတွင်ကား ကျောင်းပေါ်၊ ကျောင်းအောက်လူသားလေးများ၏ အိပ်စက်နားခိုရာ အိပ်ဆောင်ရှည်ကြီး. . .။ ၎င်းယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



လေး အိပ်ဆောင်ရှည်ကြီး၏အောက်တွင် အမှတ် ၁ လေးပင်ကျင်း၊ အမှတ် ၂ လေးပင်ကျင်းတို့ကို ခဲခြင်းကြီးများချိတ်ဆွဲလျက် သံမဏိကြီးတပ် ဝင့်စက်နှစ်လုံး. . .။ စက်ဆရာတို့နှင့်အတူ တွေ့မြင်ကြရမည်လည်းဖြစ်ပါသည်။

ဝင့်စက်နှစ်လုံး၏ကြား အလယ်ဗဟိုတွင် ချောဘားပြေးလမ်းရှိသည်။ သစ်သားကုန်းတံတားတွင် သံပြေးလမ်းများ တပ်ဆင်ထားသည်။

အပေါ်တက်လမ်း၊ အဆင်းလမ်းသို့ဖြစ်သည်။ လေးပင်ကျင်းအမှတ် ၁ စအိုနှင့် အမှတ် ၂ စအိုတို့မှ ထွက်ကျလာသည့် ခဲအိတ်အသီးသီးအား ချောဘားပုံးကြီးထဲတွင်ထည့်ပြီး ချောဘားစက်က အပေါ်သို့ဆွဲတင်ဆွဲချဖြင့် ခဲအိတ်များအား ခဲကြိတ်စက်ဆီပို့ဆောင်သောလမ်းဖြစ်သည်။

လေးပင်ကျင်းနှစ်ကျင်းအထက်တွင် ငှက်ပျောပွဲ၊ အုန်းပွဲတစ်ပွဲစီဖြင့် ကျင်းလုပ်သားများ ဘေးဥပဒ်အန္တရာယ် မကပ်ရောက်ရန်၊ မထိခိုက်ရန် နတ်ဒေဝါများအား ပူဇော်ပသထားသည်ကိုတွေ့ရမည်။ အုန်းသီးအညှာအား ပိတ်ဖြူ ပိတ်နီများဖြင့် ရစ်ပတ်ထားသဖြင့် နတ်အားပူဇော်ထားခြင်းဖြစ်ကြောင်း သိရှိနိုင်ခြင်းဖြစ်ပါသည်။ မိုင်းရှူးရတနာမြေကို စောင့်ရှောက်တော်မူသော ပူဖန်ယာဖန်အဘိုးနှင့်အဘွား နတ်မောင်မယ်အား ပူဇော်ထားပုံရပါသည်။

ဝင့်စက်နှစ်လုံးအနီးတွင် စက်ဆရာတို့၏ အိပ်ခန်းများရှိသည်။ အိပ်ခန်းတစ်ခန်းတွင် စက်ဆရာသုံးယောက်နှုန်း အိပ်စက်နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ဆရာတို့၏ အိပ်ခန်းနောက်တွင် အုန်းတိုင်၊ မျှော်တိုင်များထားရှိရာနေရာရှိသည်။ မြေအောက်ခေါင်းစားကျင်း အသီးသီး အုန်းတိုင်၊ မျှော်တိုင်များ၊ လေးနှစ်ချောင်း၊ သုံးတစ်ချောင်းများ၊ ဝါးကပ်များမှာ ၁၅ ရက်၊ ၁၀ ရက် တစ်ကြိမ်ဆိုသလို လဲနေရသည်။ မြေ၏ဖိအားဒဏ်၊ ရာသီဥတု၏ဒဏ်ကို အုန်းတိုင်မျှော်တိုင်များ ကြာရှည်မခံနိုင်။ ဆွေးကြ၊ ကျိုးကြ၊ ပျက်စီးကြကုန်၏။

ဤအခါ အသစ်လဲလှယ်ကြရသည်။ အုန်းတိုင်မျှော်တိုင် အဆွေးအပျက်များ ဖျက်သိမ်းပြီး မြေပေါ်ပို့၊ မြေပေါ်မှ အုန်းတိုင်၊ မျှော်တိုင်သစ်များ အောက်သို့ပို့ပြီးပြင်ကြ၊ ဆင်ကြ၊ မိုးကြ၊ ခင်းကြသည့်အလုပ်ကို ကျင်းဆရာနှင့် ကျင်းသားတို့က လုပ်ကြရသည်။ ထို့ကြောင့် အုန်းတိုင်သစ်လုံးကြီးများ၊ မျှော်တိုင်သစ်လုံးငယ်များ အမြဲတမ်းလိုအပ်နေသည်။ ဤလိုအပ်ချက်ကို ဖြည့်တင်းဖို့ အုန်းတိုင်တွေ၊ မျှော်ချောင်းတွေ အမြဲအသင့်ဝယ်ထားရသည်။ ဤသည်တို့ကို သူ့အမျိုးနှင့်သူ ထားရှိရသည်။ မြေအောက်ခေါင်းစားကျင်းဆရာများက လိုအပ်သည်ကို အင်တာကွန်ဖုန်းဖြင့် မြေပေါ်သို့အကြောင်းကြားသည်။ မြေပေါ်မှလိုအပ်သမျှ မြေအောက်သို့ ပို့ဆောင်ပေးရသည်။ အုန်းတိုင်၊ မျှော်ချောင်းများ၊ လေးနှစ်၊ သုံးတစ် စသောသစ်များကို ခဲခြင်းကြီးများတွင်ထည့်ပြီး ဝင့်စက်ဖြင့် အောက်သို့ချပေးရ၏။

အုန်းတိုင်မျှော်တိုင်များ ထားသိုရာဘေးတွင် ဘားဂိုဒေါင်ရှိ၏။ ခဲတင်ကားကြီးနှင့် ထော်လာဂျီတို့ ထားသိုရာနေရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တားဂိုဒေါင်ဘေးရှိ အခန်းထဲတွင်ကား လေးပင်ကျင်းအမှတ် ၃ ရှိ၏။

ဤလေးပင်ကျင်းအမှတ် ၃ သည် လူဆင်းကျင်းဖြစ်သည်။ လေးပင်ကျင်းအမှတ် ၁ နှင့် အမှတ် ၂ တို့မှလည်း လူဆင်းနိုင်သည်။ ဤကျင်းများမှဆင်းလျှင် ဝင့်စက်ဖြင့်ချပေးနိုင်သည်။ ခဲခြင်းကြီးပေါ် မတ်တတ်ရပ်ပြီး ဆင်းနိုင်တက်နိုင်ကြသည်။

ကျင်းဆင်းလုပ်သားအများစုကတော့ ကျင်းအမှတ် ၃ မှသာ ဆင်းကြတက်ကြသည်။ အောက်ပေ ၃၀၀ အနက်သို့ သူတို့ဆင်းကြသည်မှာ နှစ်မိနစ်ခန့်သာကြာသည်ဟု ဆိုကြသည်။ ကျင်းပေါ်တက်မှ ငါးမိနစ်ခန့်သာကြာသည်ဟု ဆိုကြသည်။ သူတို့မှာ လူငယ်များဖြစ်၍ ဖျတ်လတ်ကြသည်။ ဆင်းနိုင်တက်နိုင်ကြသည်။ မတ်စောက်သော အဆင်းအတက်လှေကားကို မနားတမ်း ဆင်းနိုင်တက်နိုင်ကြသည်။

ကျင်းအမှတ် ၃ ရှေ့တွင် မိုးကာကြီးခင်းထားသည်။ ဤနေရာတွင် ကျင်းအောက်မှ တက်လာကြသော ကျင်းဆင်းလုပ်သားလေးများအား လုံခြုံရေးတာဝန်ရှိသူများက ဖင်ကုန်းချောင်းဆိုးလုပ်ခိုင်းပြီး စစ်ဆေးရာနေရာလည်း ဖြစ်သည်။ ကျင်းအထက်တွင် နတ်စင်ရှိ၏။ အမှတ် ၁ နှင့်အမှတ် ၂ ကျင်းများမှာကဲ့သို့ အုန်းပွဲငှက်ပျောပွဲနှင့် ပူဇော်ထားသည်။

ဤအမှတ် ၃ လေးပင်ကျင်းရှေ့တွင်ပင် လေးနှစ်ချောင်း၊ သုံးသစ်ချောင်းများထားသိုရာ နေရာလည်းရှိသည်။ အမှတ် ၃

www.burmeseclassic.com

www.burmeseclassic.com



လေးပင်ကျင်း၏တောင်ဘက်တွင် ခဲကြိတ်စက်ကြီးဆီမှ ကျလာသော ခဲများအား ခဲရွေးမလေးများက ရွေးချယ်ပြီး ခဲကပ်ကျောက်မပါတော့သည့် စွန့်ပစ်ခံ အပလာခဲများသည် သွပ်ရေတစ်လျှောက်မှ တစ်ဆင့် အောက်သို့ ကျလာသည်ကို ကားတင်ပုတ်ပြတ် အလုပ်သမားလေးများက အိတ်အသီးသီးဖြင့်ခံကာ ကားပေါ်တင်နေကြသည်ကိုလည်း မြင်ကြရမည်ဖြစ်ပါသည်။

ဤကဲ့သို့ ကားပေါ်ပုတ်ပြတ်တင်နေကြသော အလုပ်သမားများသည် ကားကြီးတစ်စီး အမြင့်တစ်တောင်ခန့်တင်ပြီးလျှင် ကိုးရာ့ငါးဆယ်ရကြ၏။ ကားဆယ်ခေါက်တင်နိုင်လျှင် ကိုးထောင့်ငါးရာရမည်။ သူတို့ တစ်နေ့ကားအခေါက်ပေါင်း ၁၇ ခေါက် ၁၈ ခေါက် ရကြသည်။

ဤခေါက်ရေကို သူတို့ကားတင်ပုတ်ပြတ်သမား ၇ ယောက် ရှိလျှင်ရှိသလိုခွဲဝေယူကြသည်။ သူတို့ ကားစီးရေကို ကားဆရာကလည်းမှတ်၊ လုံခြုံရေးဂိတ်ကလည်းမှတ်၊ ကားတင်ပုတ်ပြတ်ခေါင်းကလည်းမှတ်ကြရသည်။ အဓိက ကတော့ လုံခြုံရေးဂိတ်က ကားထွက်သွားသည်နှင့်ခဲကြမ်းလား၊ ခဲနုတ်လား၊ ခဲမှုန့်လား ဆိုသည်ကို ကြည့်ပြီး စာရင်းမှတ်ရသည်။

ခဲကြမ်းကအပြင်တွင် တစ်စီးတစ်ထောင်ဖြင့် ပြန်သွင်းရသည်။ ခဲနုတ်က တစ်စီးခြောက်ထောင်ဖြင့် အပြင်တွင် ပြန်သွင်းရသည်။ ခဲမှုန့်ကတော့ ယူသူမရှိ သင့်လျော်ရာချောက်တွင် သွားသွန်ရသည်။ ခဲကြမ်း၊ ခဲနုတ် တစ်နေ့ရငွေဖြင့် ကားတင်လုပ်သားများကို ရှင်းပေးသည်။ ပိုငွေကို ရုံးတွင်အပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤခဲများအပြင်တွင် ထုတ်ရောင်းရငွေများကလည်း ကျောင်းသားများအားနေ့စဉ် ကျွေးမွေးစရိတ်ကျေလေသည်။ ကျောင်းသားများအား ကျွေးမွေးစရိတ်က တစ်နေ့မှ နှစ်သောင်းခွဲသာ. . .။ နှစ်ရက်မှ ငါးသောင်းဖိုးသာ ကျွေးမွေးစရိတ်ရှိသည်။ ကျောင်းသား၊ ကျောင်းဆရာ၊ အင်ချုပ်နှင့်လုံခြုံရေးအပါအဝင် လူတစ်ရာငါးဆယ်ကျော်အား တစ်ယောက် ၁၆၆ ကျပ်ဖိုးကို တစ်နေ့ထမင်းသုံးနပ်ကျွေးနေရသည်။ ၁၆၆ ကျပ်မှာ ဟင်းဖိုးသာဖြစ်သည်။ ဆီဖိုး၊ ဆန်ဖိုးမပါ။ ဆန်၊ ဆီ စသည့်အဓိကကုန်များကို ကုမ္ပဏီက သီးသန့်မှာယူဖြည့်သွင်းကာ ဂိုဒေါင်တွင် ထားရှိပေးသည်။ စားဖိုမှူးက ယူချက်ရုံသာ. . .။

စားဖိုဆောင်၏နောက်တွင် ထင်းရုံရှိသည်။ ထင်းများကိုလည်း သုံးလစာ၊ ခြောက်လစာဝယ်ယူသိုလှောင်ထားသည်။ ထင်းရုံရှေ့တွင် ကျောက်ထု၊ ကျောက်ညှပ်ခန်းရှိသည်။ တစ်နေ့တာ မြေအောက်မှ ကြိတ်ခွဲရရှိသည့် ကျောက်ပါသည့်ခဲများကို ထုရာ ညှပ်ရာအခန်းဖြစ်သည်။ ညနေထမင်းစားပြီးသည်နှင့် ကျောက်ထု၊ ညှပ်ကြရသည်။ သူတို့တွေအား အချိန်ပိုအဖြစ် တစ်ဦးတစ်ရာနှုန်းပေးပြီးခိုင်းခြင်းဖြစ်သည်။ အလုပ်ချိန်မှာ တစ်နာရီခန့်သာကြာလေသည်။

ထင်းရုံမှတစ်ဆင့် လှေခါးထစ်လေးများအတိုင်း အပေါ်သို့တက်လာပါလျှင် မီးစက်ကိုတွေ့ရမည်။ မော် ၅၂၈ တွင် မီးစက်လေးလုံးရှိသည်။ ညဆိုင်းတွင် မြင်းကောင်ရေ ၂၅ ကောင်အားဖြင့် ၂၂၀ ဗို့အား မြေပေါ်မြေအောက်ကို မီးများအဆက်မပြတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



နေသကဲ့သို့ နေ့ဘက်တွင်လည်း ၂၀၀ ဗို့အားဖြင့် မီးများဖြန့်ဝေပေးလျက်ရှိလေသည်။

မီးစက်ရှေ့တွင် မီးစက်တာဝန်ခံစက်ဆရာတို့၏ အိပ်ဆောင်ရှိပြီး အထက်ကုန်းမြင့်တွင်ကား မိန်းကလေး ခဲရွေးမများနှင့် မိန်းကလေးအင်ချုပ်မတို့၏အိပ်ဆောင်ရှိလေသည်။ မိန်းကလေးအိပ်ဆောင်အောက်တွင် ခဲအိတ်အပြအပေါက်များချုပ်ရာ စက်ချုပ်ခန်းရှိသည်။

မိန်းကလေးဆောင်၏အနီးတွင် ခဲကြိတ်စက်ကြီးရှိသည်။ ချောဘားစက်နှင့်ခဲကြိတ်စက်အောက်တွင် ခါစက်၊ ပြီးတော့ခဲကြိတ်စက်မှ ခဲများစီးမျှောရာ သွပ်ရေတစ်လျှောက်ပြားကြီး. . .။ ရေတစ်လျှောက်ပြားကြီးလေးပြားသည် သုံးပေခန့်စီကျယ်ဝန်းပြီး ရေတစ်လျှောက်ပြားတစ်ခုစီတွင် ခဲရွေးမတစ်ဖက်သုံးဦးစီ ခြောက်ဦးထိုင်၍ ခဲရွေးနိုင်ကြသည်။

ရေတစ်လျှောက်ပြားလေးခုဆိုတော့ ခဲရွေးမ ၂၄ ဦး။ ခဲရွေးမလေးများ၏ထိပ်တွင် ဂေါ်ပြားဖြင့် ခဲများပို့ဆောင်ပေးနေကြသည့် ကျင်းပေါ်လုပ်သားလေးတစ်ဦးစီ. . .။ ခဲရွေးမလေးများ၏ အဆုံးတွင် ရွေးပြီးခဲများအား ရေတစ်လျှောက်ဖောက်ကြီးမှ အောက်သို့ ဂေါ်ပြားဖြင့် တွန်းပို့နေကြသည့် ကျင်းပေါ်လုပ်သားလေးလေးဦး. . .။

အောက်ခါစက်ဆီသို့ စီးမျှောလာသည့် ခဲနုတ်များအား ဂေါ်ပြားဖြင့်ထိုးယူကာ ခဲနုတ်များထဲမှ ကျောက်များအား ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



နေကြသော ခဲရွှေးမလေးများထံ ပေးပို့နေသော ကျင်းပေါ် လုပ်သားလေးတစ်ဦး. . .။

ခဲနုတ်များထဲမှ ပွင့်ကောက်ကျောက်များ ရွေးချယ်ပြီး ဘာမှမပါတော့သည့်ခဲနုတ်များအား ဂေါ်ပြားဖြင့် တွန်းချနေသော ခဲရွှေးမလေးတစ်ဦး. . .။

သူတို့၏အောက်တတိယ သံဆန်ခါတွင် ဂေါ်ပြားဖြင့် ကော်ကာ သံဆန်ခါခွက်ထဲထည့် ဆန်ခါဝိုက်နေသည့် လုပ်သားလေးတစ်ဦးနှင့် ဆန်ခါလှုန်ပြီး ကျောက်ကောက်နေသည့် မိန်းကလေးတစ်ဦး. . .။ သူတို့၏အောက်တွင် မှုန်ကန်နှစ်ကန်မှ မှုန်အနှစ်များအား ဂေါ်ပြားဖြင့်ထိုးကော်ကာ တစ်ဖက်ကျင်းကြီးဆီ ပို့နေကြသော အလုပ်သမားလေးနှစ်ဦး။

ခဲကြိတ်စက်ကြီး၏အောက်တွင်ကား မိန်းကလေးရေချိုးခန်းနှင့် ယောကျ်ားလေးရေချိုးခန်းများကို ရှေ့ဆင့်နောက်ဆင့်တွေ့ကြရမည်ဖြစ်ပြီး ရေချိုးကန်၏အောက်တွင် ရေချိုးရာမှ ကျလာသည့်ရေများကို သိုလှောင်ထားရာ ကန်ငယ်များကို တွေ့ရမည်။

ရေချိုးခန်းများ၏ အထက်တွင်ကား ရေလှောင်ကန်နှစ်ခု. . ။ ရေလှောင်ကန်များ၏ အထက်လမ်းများဆီသို့ တက်လာသည်ရှိသော် မိန်းကလေးဆောင်၏နောက်တွင် မိန်းကလေးအိမ်သာများ၊ ပြီးတော့ မနီးမဝေးတွင် ယောကျ်ားလေးအိမ်သာများကို တွေ့ရှိရမည်။

၄င်းအိမ်သာများအထက်ကုန်းမြင့်ပေါ်သို့ သဲကျောက်အိတ်များ အဆင့်ဆင့် ဆင့်ထားသော လှေကားအတိုင်းတက်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော် နတ်ကွန်းကြီးကို တွေ့ရမည်။ ၅၂၈ မော်ကြီးတွင် နတ်ကွန်း နတ်နန်းကြီးဖြင့် အဘိုးနှင့်အဘွားခေါ် မိုင်းရှူးရတနာမြေကို စောင့်ရှောက်တော်မူသော ပူဖန်၊ ယာဖန် အဘိုးနှင့်အဘွားနတ်မင်းများအား စံမြန်းရန် စီစဉ်ထားခြင်းဖြစ်သည်။ နတ်ကွန်း၏ အောက်တွင် ယမ်းတိုက်ရှိပြီး နတ်ကွန်းအထက် တောင်ကုန်းမြင့်ပေါ်တွင် လုံခြုံရေးကင်းတဲရှိသည်။

ဤလုံခြုံရေးကင်းပေါ်မှ စီးကြည့်လျှင် မော် ၅၂၈ အကွက်ကြီးသာမက အခြားအခြားသော မော်များ၊ လူးကျင်း၊ မြေကျင်းများနှင့် လူးပေါ့၊ ဝမ်ကန်စသော တစ်ဖက်ရှိ လူနေရပ်ကွက်များကိုလည်း လှမ်း၍မြင်နိုင်သော နေရာဖြစ်၏။

လှပသော အဆောက်အဦများ ဘုရား၊ ကျောင်း၊ ကန်၊ ဝူ ပုထိုးများကိုလည်း မြင်တွေ့နိုင်ပါသည်။

မော် ၅၂၈ ၏ အဆောက်အဦများ၊ စက်ကိရိယာများ၏ အနေအထားကို အကြမ်းဖျင်းသိရှိကြပြီးသည်၏နောက် ဤမော် အတွင်းရှိ လူသားအားလုံး၏ဘဝအထွေထွေကို အနီးကပ်ကြည့်ရှုလေ့လာကြရအောင်လား. . .။

သူတို့ကား မော်အတွင်းက လူသားများ၊ မော်လုပ်သားများပင် မဟုတ်ပါလား. . .။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျောင်းဆင်းလုပ်သားလေးဝဏ္ဏက သံပန်းကန်ပြားနှင့် ဇွန်းတို ကိုင်ကာအိပ်ဆောင်ထဲမှပြေးအထွက် အမှတ် ၃ ကျောင်းပေါ်သို့ တက်လာကာ ဖင်ကုန်းချောင်းဆိုးအစစ်ခံပြီး ထွက်လာသော ရန်နိုင်တို့ အိပ်ဆောင်ဝတွင် တစ်ယောက်နှင့်တစ်ယောက် တိုက်မိပြီး ဝဏ္ဏလက်ထဲက သံပန်းကန်လွတ်ကျသွားသကဲ့သို့ ပွိုင့်ဖိနပ်ချွတ်တာ ကိုင်လာသော ရန်နိုင်၏လက်မှ ဖိနပ်လည်း လွတ်ကျသွားသည်။

"ဘယ်လိုလဲ၊ အိပ်မှုံစုံမွှားနဲ့ မမြင်ဘူးလား၊ လူတစ်ယောက်လုံးမမြင်ရအောင် မင်းက ဒီလောက်ငတ်ကြီးကျပြီး စားဖိုဆောင်ဆီပြေးနေရလား. . ."

ဝဏ္ဏက သူ့သံပန်းကန်ကို ကုန်းကောက်ရင်း ရန်နိုင်ကို မော်ကြည့်သည်။ အတွင်းခံ ဘောင်းဘီတိုနှင့် တစ်ကိုယ်လုံး ရွှံ့တွေပေကျံနေသည့် ရန်နိုင်ကိုမြင်တော့ ဝဏ္ဏပြုံးသည်။

"စားဖိုဆောင်ကို ဘယ်လောက်နှုန်းနဲ့ မြန်မြန်ပြေးပြေး . . .၊ ဆီမပါတဲ့ ပဲပြုတ်ပဲစားရမှာ ငါသိပါတယ်။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းကကော ငါ့ကိုမြင်ရအောင် ဘာတွေးပြီး ပြေးလာရလို့လဲ၊ လုံခြုံရေးအစစ်ခံပြီး လွတ်ပြီကျွတ်ပြီဆိုပြီး ကျောက်ရတဲ့ မျက်နှာနဲ့ ပြေးလာခဲ့လို့လား။

"မင်းကို အဖက်လုပ်ပြီး စကားပြောနေရင် အချိန်ကုန်တယ်၊ ငါ အေးလှပြီ၊ ရေပြေးချိုးရဦးမယ်. . .၊ ရေကုန်နေမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

"ကောင်းပါပြီ၊ ငါကလည်း မင်းနဲ့စကားပြောနေမယ့်အစား ရတနာ့မျက်နှာလေးမြင်ရအောင် ပြေးလိုက်ဦးမယ်၊ ရတနာက ဒီမနက် အမဲခြောက်ဖုတ်ဆီဆမ်း ယူလာမယ်တဲ့ကွ. . ."

ရန်နိုင်က ဝဏ္ဏကို ငေးရင်းအိပ်ဆောင်ထဲ ဝင်ခဲ့သည်။ အိပ်ဆောင်အတွင်းမှာတော့ ပိုးလို့ပက်လက်အိပ်နေသူတွေ၊ သွားတိုက်တံပျောက်သူ၊ ဆပ်ပြာခွက်ရေခွက်များယူသွားသူ၊ ဖိနပ်မှားစီးသွားသူတွေနှင့် ပွက်လောရိုက်နေသည်။

"ဟော့. . . ထကြတော့လေ၊ ခရာသုံးချက်မှုတ်တာကြာပြီ၊ မင်းတို့အမေ့လင်အိမ်မှတ်နေလား၊ တော်ကြာနောက်ကျလို့ သုံးရက်အဖြတ်ခံနေရဦးမယ်"

"ဘယ်မအေရိုးက ငါ့လုံချည် မှားဝတ်သွားပြန်ပြီလဲ၊ လုံချည်တစ်ထည်ထဲရှိတဲ့ဥစ္စာ၊ ငါ ဒီဘောင်းဘီတိုနဲ့ ထမင်းစားဆောင် ဘယ်လိုသွားရမလဲ. . ."

ရန်နိုင်က အောင်ထွန်းဇော်ကို ပြုံးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ မင်းလုံချည်ဝဏ္ဏဝတ်သွားတာ တွေ့လိုက်တယ်၊ ဒီကောင်စားဖိုဆောင်မှာ ရတနာ့ဆီက အမဲခြောက်စားချင်လို့ ပြေးပြီ၊ ငါ့ကောင် ဝင်တိုက်သွားသေးတယ်. . ."

"သိမယ်၊ ဒီဝဏ္ဏဆိုတဲ့ကောင်၊ ဘယ်တော့မှ စည်းကမ်းမရှိဘူး၊ ဖိနပ်မှားစီးရတာနဲ့၊ ဆပ်ပြာမှားယူသွားရတာနဲ့၊ ခု- ငါဘယ်လုံချည်ဝတ်ရမှာလဲ၊ ဘောင်းဘီကလည်း ကျင်းထဲဆင်းတဲ့ဘောင်းဘီပဲရှိတာ၊ ညစ်ပတ်နေပြီ. . ."

"ဟိုမှာ ဝဏ္ဏလုံချည်ရှိတယ် ဝတ်သွားပါလား. . ."

အောင်ထွန်းဇော်က ဝဏ္ဏလုံချည်ကို ကြည့်သည်။ လုံချည်တရေရေတွေစိုနေ၏။ မခြောက်သေး. . .။

"မခြောက်သေးဘူးကွ၊ ညနေက ဒါကြောင့် ငါ့လုံချည်ဝတ်ပြီးပြေးတာ"

"ကဲဗျာ. ကျွန်တော့်လုံချည် ခဏဝတ်သွားစမ်းပါ၊ ခင်ဗျားတို့တလည်း တစ်ဒုက္ခ. . ."

အိပ်မှုံစုံမွှားနှင့် ထလာသော စိန်မဟာက ဆိုသည်။

"မနက်မလင်းသေးဘူး ခရာသံတွေညံနေပြီ။ ပြီးတော့ ခင်းတို့ရဲ့ အမင်္ဂလာသံတွေက တစ်မျိုး၊ ငါ့မှာ အိပ်ကောင်းခြင်း အိပ်ရ စားကောင်းခြင်းလည်း မစားရတဲ့ဘဝနဲ့ သုံးလဒုက္ခခံ နေရတယ်၊ မြန်မြန်သုံးလပြည့်မှဖြစ်မယ်. . .၊ တော်ပြီ. . .တော်ပြီ နောင်ပြီး လယ်လုပ်တာပဲကောင်းတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာခင်ဗျား လယ်လုပ်လုပ်၊ ခြံလုပ်လုပ်၊ လုပ်ချင်တာလုပ်၊ ဒီမှာအိမ်သာသုံးစက္ကူလိပ်ပျောက်နေလို့ ဒုက္ခရောက်နေရတဲ့အထဲ၊ ဟော့ကောင်တွေ စက္ကူလိပ်ဘယ်မှာလဲကွ၊ ဒီမှာ ထွက်တော့မယ်၊ အိမ်သာကျုတန်းစီနေရရင်အခက်၊ ကိုယ်တော်မြတ်များကလည်း အိမ်သာတစ်ခါတက်ရင် တစ်နာရီလောက်ကြာတာ၊ အကျင့်ဖြစ်နေပြီ၊ ခဲဆွဲ၊ ခဲလောင်း၊ ဂေါ်ထိုးတစ်နာရီလောက်နားရနည်းသလားဆိုပြီး အချောင်ခိုနေတဲ့အကျင့်တွေလေ. . .၊ သူတို့မှ ချေးမနံသေးမနံ နေနိုင်ကြတယ်၊ ဟာ. . . လုပ်ပါကွ၊ ငါ့စက္ကူလိပ်ဘယ်မှာလဲ၊ မတွေ့ကြရင်လည်း စက္ကူလေးဘာလေး ပေးကြပါဦး၊ မင်းတို့ပြဿနာထက် ငါ့ပြဿနာက ပိုပြီးအရေးကြီးတယ်၊ တော်ကြာထွက်ကျလို့ကတော့ တစ်ဆောင်လုံးဒုက္ခရောက်ကုန်မယ်. . ."

"ကဲ. . . ကဲ- အဲဒီကိစ္စ အရင်ရှင်းပေးလိုက်ကြပါဦးကွာ၊ စက္ကူလိပ်ရှိတဲ့ပုဂ္ဂိုလ်များ မျှဝေခံစားပေးသနားတော်မူကြပါ. . ."

"ရှော့ဗျာ. . .၊ ခင်ဗျားမလည်း စက္ကူပျောက်ရ၊ အကျီပျောက်ရ၊ ဘောင်းဘီပျောက်ရနဲ့ တော်ကြာလူပါပျောက်နေဦးမယ်. . ."

"ဟော့ကောင်တေဇ ထလေ၊ မင်းအဖေဆေးမှုးက ဒီနေ့ဆေးနားများပြီ၊ မပေးနိုင်ဘူးဆိုမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ ဆေးမှူးဆီပြေးလေ၊ မင်း ညကတစ်ညလုံး ဖျားနေတယ်မဟုတ်လား. . ."

"မထနိုင်ဘူးဗျာ၊ ခေါင်းတောင်မထောင်နိုင်ဘူး၊ ကိုယ်တွေလက်တွေလည်းနာနေတယ်. . ."

www.burmeseclassic.com



"မထနိုင်လို့မရဘူးကွ၊ မင်းကို ဘယ်သူက ဆေးလက်မှတ် ထားပေးမလဲ၊ လာ-ငါတွဲခေါ်မယ်၊ နို့မို့ သုံးရက်အဖြတ်ခံရမှာနော်၊ ထွေယ်ဘူးကွယ်. . . "

"ဟုတ်တယ်၊ ထ. . . တေဇ ငါပါတွဲပို့ပေးမယ်၊ ဆေးနားခွင့် ရမှ ပြန်အိပ်၊ ခုတော့ မထလို့မဖြစ်တော့ဘူး"

တေဇကို ဇာနည်လင်းနှင့် ထွန်းထွန်းတို့ကပါ တွဲထူပြီး ဆေးခန်းဆီပို့လိုက်ကြသည်။

"ဟော့ . . . ငါ့ပန်းကန် ဘယ်သူယူသွားလဲ၊ မနေ့ညကပဲ ဆေးကြောပြီး ဗီတန်းပေါ်မှာ မှောက်ထားတာ၊ ဇွန်းပဲရှိတော့တယ်၊ ပန်းကန်မရှိတော့ဘူး၊ တော်ကြာ ထမင်းစားနောက်ကျလို့ ခဲကြိတ် ဆတ်မန်နေရှာက ဆူနေဦးမယ်. . .၊ ဟော့ . . . ဘယ်ကောင် ယူသွားတာလဲကွ . . . "

"မင်းပန်းကန်ပြား နံပါတ်မှတ်ထားတယ်မဟုတ်လား၊ ပေါ်လာမှာပါကွာ"

"ဟ . . . ပန်းကန်ပြားနံပါတ် ၁၇၈ ပဲ၊ ခုလောလောဆယ် ဘာနဲ့စားရမလဲ၊ လူတိုင်း ပန်းကန်ကိုယ်စီထုတ်ပေးထားတာ၊ သိမယ်၊ ယူသွားတဲ့ကောင် တွေ့လို့ကတော့ လက်သီးစာကို ကျွေးလိုက်ဦးမယ်. . . "

ရန်နိုင် ဘောင်းဘီတိုလေးနှင့် အိပ်ဆောင်ပေါ် ပြေးတက် လာပြန်၏၊ ရေချိုးပြီးပြန်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ရန်နိုင်၊ ငါ့ပန်းကန်တွေ့လား"

"ခင်ဗျားဗျာ၊ တစ်ညလုံး ကျုပ် ကျင်းအောက်မှာ အလုပ်လုပ်နေရတာ၊ ခုမနက် ငါးနာရီမှ ကျင်းပေါ်ရောက်တာ၊ ခုပဲ ရေချိုးပြီး တက်လာတာ၊ ခုထိမနားရသေးဘူး၊ ခင်ဗျားမှ ဟုတ်နေပြီ၊ ဒီတစ်မနက်လုံး ဂြိုဟ်ဝင်နေလားမသိဘူး၊ ဘာမှအဆင်မပြေဘူး"

"ကဲ . . . မင်းပန်းကန်ပြား ခဏပေး၊ မင်းက နားရပြီ၊ အိပ်ဖို့ပဲ ရှိတော့တာ၊ ထမင်းစားနောက်ကျလည်း အရေးမကြီးဘူး၊ ငါတို့က အလုပ်ဝင်ရတော့မှာ၊ ချီးမှုပဲ . . .၊ အပလာကောင်တွေ၊ ချီးထုပ်တွေ ကျက်သရေကိုမရှိဘူး"

"ရော့ဗျာ၊ ကျုပ်ပန်းကန်ယူပြီး မြန်မြန်ကြွတော်မူစမ်းပါ၊ နားတွေပူလှပြီ၊ အောက်မှာ အလုပ်ပင်ပန်းခဲ့တာကတစ်မျိုး၊ အပေါ်ရောက်တော့ နားပူတာကတစ်မျိုး၊ ကြာရင် ရူးမယ်ထင်တယ်"

"ပေး . . . မင်းပန်းကန်၊ ခဏနေ လိုက်ခဲ့၊ ငါစားပြီး မင်းဆက်စားပေါ့၊ ဟုတ်ပြီလား . . ."

"ဟုတ်ပါပြီဗျာ၊ ကြွပါ၊ ကြွကြွပါ၊ ခင်ဗျားတို့ မြန်မြန်ကြွကြွမှ ကျုပ် နားငြီးသက်သာမယ်"

ရန်နိုင် အဝတ်အစားလဲလိုက်သည်။ ခေါင်းဖီးလိုက်သည်။ မှန်ကြည့်ပြီး သနပ်ခါးပွတ်လိုက်သည်။ ပြီးတော့ အိပ်ဆောင်ပေါ်အောက်သို့ဆင်းခဲ့သည်။ လမ်းတွင် နန်းခမ်းလှိုင်နှင့်ဆုံသည်။ နန်းခမ်းလှိုင်က အင်ချုပ်မလေး. . .။

"အခုမှ ထသလား. . ."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ငါ ညဆိုင်းကျတယ်လေ၊ ကျင်းအောက်က တက်ပြီး ရေချိုးနေလို့ ခုမှ စားဖို့ဆောင်သွားရမှာ"

"ဟုတ်လား၊ ဒါကြောင့် နင့်ကို မတွေ့မိတာကို၊ နင် ဘာလချောင်ကြော် ယူမလား၊ ရော့ . . ."

"ရပါတယ်ဟာ၊ မယူတော့ပါဘူး၊ မနက်ဆို ပဲပြုတ်လေးနဲ့ အရေတာ ခံတွင်းတွေ့ပါတယ်"

"မဟုတ်ဘူး၊ နည်းနည်းယူလေ၊ နင့်ပန်းကန်ကော"

"ငါ့ပန်းကန် ဟို . . . ကျင်းဆရာတင်လေးမောင် ယူသွား တယ်၊ သူ့ပန်းကန်ပျောက်နေလို့တဲ့"

"ဒါဆို ရော့၊ ပုလင်းလိုက်ယူသွားလေ၊ နင်စားပြီး နေ့လယ် ထမင်းစားလာမှ ငါ့ကို ပြန်ပေး"

"နေပါစေဟာ၊ ငါ စားရမှာကနည်းနည်း၊ စားဖို့ဆောင် ရောက်ရင် ဝိုင်းနှိုက်ကြမှာဟ၊ ရပါတယ်၊ ကျေးဇူးတင်ပါတယ်ဟာ"

နန်းခမ်းလှိုင်က ရန်နိုင်ကို သဘောပေါက်စွာပြုံးသည်။

"ဒါဖြင့် နေ့လယ်ကျ ထမင်းအတူစားမယ်နော်၊ နင် တအား အည်း အိပ်မနေနဲ့ဦး၊ နေ့လယ် ၁၁ နာရီအမီထ၊ ဟုတ်ပြီလား"

ရန်နိုင် ခေါင်းညိတ်လိုက်သည်။ ပြီးတော့ စားဖို့ဆောင် အထက်လျှောက်ခဲ့သည်။ လမ်းတွင် တေဇကိုတွေ့ရသည်။

"ဘယ်လိုလဲ ငါ့ညီ၊ ဆေးနားရလား"

"ထုတ်တဲ့ အစ်ကို၊ ရပါတယ်၊ ပြန်နားလိုက်ဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ထမင်းမစားနိုင်ဘူး မဟုတ်လား၊ ငါ့မှာ ကော်ဖီမစ် တစ်ထုပ်ဝယ်ထားတာရှိတယ်၊ ငါ အပြန်ရေနွေးခပ်လာမယ်၊ ဒီတော့ မှဖျော်ပေးမယ်၊ ဟုတ်ပြီလား"

တေဇ ခေါင်းညိတ်ရင်း ဖြည်းဖြည်းချင်း အိပ်ဆောင်ဘက် သို့လျှောက်သွားသည်။ ဝဏ္ဏက ထမင်းစားဆောင်မှထွက်လာရင်း ရန်နိုင်ကို ပြုံးသည်။

"မင်းကတော့ ဟုတ်သွားပြီ၊ တို့ကတော့ ကျင်းဆင်းရ ဦးမယ်၊ မင်းမှာ ဆေးလိပ်ပါလား"

ဝဏ္ဏကိုကြည့်ရင်း ရန်နိုင်ခေါင်းခါလိုက်သည်။ ပြီးတော့ ထမင်းစားဆောင်ထဲ ဝင်ခဲ့သည်။ ထမင်းစားနေသူ၊ စကားပြောနေ ကြသူတွေကြား ဝင်ခဲ့သည်။

ဝဏ္ဏကတော့ အိပ်ဆောင်ရောက်သည်နှင့် လုံချည်ကို ချွတ်လိုက်သည်။ အင်္ကျီကိုလည်း ချွတ်လိုက်သည်။ ကျင်းဆင်း ဦးထုပ်နှင့် လက်နှိပ်ဓာတ်မီးကိုယူရင်း ပွိုင့်ဖိနပ်ကိုစီးလိုက်ပြီးတော့ ဦးထုပ်ဆောင်း၊ ဓာတ်မီးစလွယ်သိုင်းလွယ်ပြီး ကျင်းအမှတ် ၃ ဘက် လျှောက်ခဲ့သည်။

ကျင်းထိပ်တွင် သူ့လိုကျင်းဆင်းကြမည့်သူတွေ စုပြုံရောက် ရှိနေကြ၏။ ထိုစဉ် ခရာသံသုံးချက်ဆင့်၍ ထွက်လာသည်။

တစ်နေ့တာအတွက် လုပ်ငန်းလည်းပတ်ပေတော့မည်။ ဝင့်စက်တွေ နှိုးလိုက်ပြီ။ ချောဘားစက်သံ ကြားရသည်။ ခဲကြိတ် စက်ကြီးကား မနှိုးသေး. . . ။ မီးစက်သံတွေကတော့ ညံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စာအုပ်ရှည်ကြီးကိုကိုင်ကာ စာရေးအားကွေ့ ရောက်လာသည်။

တစ်ယောက်ချင်းနာမည်စိစစ်ပြီး ကျင်းအောက်သို့ ဆင်းစေသည်။ ကျင်းဆင်းဦးထုပ်ဆောင်းကာ ဓာတ်မီးစလွယ်သိုင်းလျက် ကျင်းအောက်သို့ ဓာတ်မီးကိုဖွင့်ထိုးကာ တစ်ဦးချင်း ကျင်းဆင်းလှေကားမှ ဆင်းခဲ့ကြသည်။ ကျင်းတစ်လျှောက် ပေ ၂၀ အကွာတွင် မီးလုံးတစ်လုံး ထွန်းထားသည်။ လက်နှိပ်ဓာတ်မီး၏ အလင်းရောင်ကလည်း မီးရောင်မရောက်သည့်နေရာတို့ကို ထိုးထားလိုက်သည်။

သူတို့တွေ ပေ ၃၀၀ အနက်ဆီသို့ တစ်လှမ်းချင်း ဆင်းနေကြသည်။ ပေ ၃၀၀ အနက်အောက်သို့ရောက်လျှင် သူ့ခေါင်းစား၊ ကိုယ့်ခေါင်းစားအတိုင်း ခေါင်းစားကျင်းအသီးသီးသို့ ဝင်ကြရမည်။

ခေါင်းစားတစ်ကျင်းတွင် လူလေးဦး။ အင်ချုပ်တစ်ယောက်၊ ကျင်းဆရာတစ်ယောက်၊ ကျင်းနောက်လိုက်လုပ်သားနှစ်ယောက်၊ သူတို့တွေ မိမိတို့ခေါင်းစားကျင်းအလိုက် ဂန်းထိုး၊ ယမ်းခွဲ၊ တူထု၊ အိတ်ထည့်၊ ကြိုးချည်၊ ခဲဆွဲကြရမည်။ လိုအပ်သည့်နေရာများတွင် အုန်းတိုင်စိုက် မျှောခင်း၊ မိုးကြမ်းခင်း၊ ခဲအိတ်ဆင့်ကြရမည်။

မှော် ၅၂၈ တွင် ခေါင်းစားကျင်း ၁၂ ကျင်းရှိပြီ။ သည်တော့ မြေအောက်တွင် လုပ်သားပေါင်း ၅၀ ကျော်ဖြင့် အလုပ်လုပ်ကြရသည်။ ကျောက်မျက်၊ ပွင့်ကောက်ရရှိရေးအတွက် သူတို့တွေ အသက်စွန့်ပြီး ရှာဖွေတူးဖော်ပေးကြတော့မည်။ လုပ်ငန်းစလေပြီ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

လုပ်ငန်းစလေပြီ . . .။

အင်ချုပ်ကိုကျော်ဆန်းက ကျောင်းဆရာစိန်မဟာကိုကြည့်သည်။

"ကျွန်တော်တို့ ဒီနံရံကို ဂန်းထိုးမယ်မဟုတ်လား"

"ဟုတ်တယ် ကိုဆန်း၊ ဒီမှာကျောက်ကျောကြီး တွေ့ရတယ်၊ အဲဒါကို ဂန်းထိုးယမ်းခွဲပြီး ခေါင်းစားထိုးသွားရမှာပဲ"

"ကဲ . . . ဝဏ္ဏနဲ့ဇာနည်လင်း၊ ဝဏ္ဏက ဂန်းထိုးမယ် ယမ်းလိပ်တွေကို ဇာနည်လင်းက အသင့်ပြင်ထား၊ ငါတို့အပေါ် ပြိုဆင်းလာမယ့် ခဲတုံးတွေရှိမရှိ လေ့လာဦးမယ်"

စိန်မဟာနှင့် အင်ချုပ်ကိုကျော်ဆန်းတို့က ဂန်းထိုးမည့်နံ အပေါ် မော့ကြည့်ကြသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြ သည်၊ အန္တရာယ်ကို အရင်ရှာရမည်။ အလုပ်လုပ်နေခိုက် ခဲတုံးပြ များ ပြိုဆင်းလာလျှင် အားလုံးဒုက္ခရောက်မည်။

စိန်မဟာက ကျောင်းဆရာ၊ ခေါင်းစားကျောင်း တာဝန်အရှိဆုံးပုဂ္ဂိုလ်၊ သူတစ်ချက်မှားလျှင် အားလုံးအသက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကုန်းပေါ်တွင် ပြောမနာဆိုမနာရှိခဲ့ကြသော်လည်း ကျင်းထဲရောက်လျှင်တော့ သူ့အမိန့်ကို အားလုံးနားထောင်ရမည်။ သူခိုင်းသည်ကို တာဝန်ကျေကျေ လုပ်ရမည်။

စိန်မဟာ နံရံအမြင့်အားလုံးကို စိစစ်သည်။ အန္တရာယ်ဖြစ်စေနိုင်သည့်၊ ပြိုကျလာနိုင်သည့် ခဲလုံးကြီးများ မတွေ့ရ။ နေ့ဆိုင်း၊ ညဆိုင်းအလှည့်ကျ ကျင်းဆင်းနေကြရသည်ဖြစ်ရာ ညဆိုင်းသမားတွေ တစ်ညလုံး လှုပ်ရှားလုပ်ကိုင်ခဲ့ကြသည့် အလုပ်များ အဆုံးသတ်သွားကြသည်လည်း ရှိသည်။ အဆုံးမသတ်သေးသည်လည်း ရှိသည်။ အဆုံးမသတ်သေးသည်များကို နေ့ဆိုင်းသမားများက ဆက်လက်လုပ်ကိုင်အဆုံးသတ်ပေးရမည်။ ပြီးတော့ ဆက်ပြီးလုပ်သင့်လုပ်ထိုက်သည်များ လုပ်ရမည်။

လောလောဆယ် ခေါင်းစားဖြည့်စရာမလို။ ညဆိုင်းသမားတွေက တစ်ညလုံး အုန်းတိုင်တွေစိုက်၊ မျောချောင်းတွေဆင့်ကာ ကြမ်းခင်း၊ ခဲအိတ်တွေဆင့်ထားပြီးပြီ။ သူတို့အားလုံး အန္တရာယ်ကင်းစွာ အလုပ်လုပ်နိုင်ကြသည်။ ကျင်းဆရာစိန်မဟာက ဝဏ္ဏကို ဂန်းထိုးရန် အမိန့်ပေးလိုက်သည်။

အင်ချုပ်ကိုကျော်ဆန်းက မီးပလပ်တွင် ဟီတာချိဂန်းမှ လျှပ်စစ်ကြိုးခေါင်းကို ထိုးထည့်လိုက်သည်။ ဝဏ္ဏက ရှေ့ရှိကျောက်ဆောင်ကြီးကို ဟီတာချိဂန်းဖြင့် ထိုးဖောက်လိုက်သည်။ ကျောက်နံရံနှင့်သွားတို့ ထိခိုက်ထိုးဖောက်နေသည့်အသံများ ဆူညံနေသည်။ [illegible] နံရံမျက်နှာပြင်တွင် တစ်ပေါက်ပြီးတစ်ပေါက် ဂန်းထိုးလျှက်

www.burmeseclassic.com



ရှိသည်။ ကျောင်းဆရာနှင့် အင်ချုပ်တို့က ဝဏ္ဏ လှုပ်ရှားလုပ်ကိုင်နေ
သည်ကို ကြိုးကြပ်လမ်းညွှန်နေကြသည်။

အတန်ကြာတော့ ဇာနည်လင်းက ဝဏ္ဏဖောက်သွားသည့်
ကျောင်းပေါက်များတွင် ယမ်းကတ်များထည့်နေ၏။ သူတို့တွေ ယမ်း
များထည့်ပြီးသွားတော့ လျှပ်စစ်ဓာတ်ဖြင့် ဆက်သွယ်ကာ ယမ်းခွဲ
ပြင်ကြသည်။ အင်ချုပ်ကိုကျော်ဆန်းက ကျောင်းဆရာစိန်မဟာကို
မေးသည်။

"ကျွန်တော်တို့ ဘယ်ဘက်ရှောင်ကြမလဲ"

သူတို့တွေအားလုံး "၁၁" ခေါင်းစားများဖြစ်သည်။ ယမ်းခွဲ
ပေါက်ကွဲကာ ခဲများလွင့်စင်ပြိုကျလာလျှင် ရှောင်နိုင်တိမ်းနိုင်
အန္တရာယ်ကင်းစွာနေနိုင် လုံခြုံနိုင်မည့် နေရာကိုရွေးကြရမည်။ သူ
တွေအားလုံး "၁၂" ခေါင်းစားထောင့်ချိုးကို ရောက်နိုင်မှ အန္တရာ
ကင်းမည်။

"ကျွန်တော်တို့ ၁၂ ခေါင်းစားထိ ရှောင်နိုင်မှလွတ်မယ်"

"ဒါဆို ပလပ်မထိုးနဲ့ဦး၊ ဇာနည်လင်း မင်းယမ်းတွေအား
ထည့်ပြီး လျှပ်စစ်ကြိုးတွေနဲ့ အားလုံးဆက်သွယ်ပြီးပလား"

"ပြီးပြီ အစ်ကို"

"နေဦး၊ ကျွန်တော် စစ်ဆေးလိုက်ဦးမယ်"

စိန်မဟာက ဂန်းထိုးပေါက်အသီးသီးအား ယမ်းထည့်ထ
မှု၊ မီးကြိုးဆက်သွယ်ထားမှုများ အသေးစိတ်လိုက်လံစစ်ဆေးလို
သည်။ ပြီးတော့ အင်ချုပ်ကိုကျော်ဆန်းတို့ရှိရာသို့ ပြန်လျှော

www.burmeseclassic.com

www.burmeseclassic.com



သာသည်။ ပလပ်ထိုးမည့်နေရာကို ၁၂ ခေါင်းစားထောင့်ချိုးထိ ပြောင်းယူဆွဲလိုက်သည်။

"ကဲ ဝဏ္ဏနဲ့ဇာနည်၊ ၁၂ ထောင့်ချိုးထိရောက်အောင် ရှောင်ပေတော့၊ ကျွန်တော်တို့နှစ်ယောက်လည်း ခေါင်းစားထောင့်ချိုးထိရောက်အောင် ဝင်ထားမှဖြစ်မယ်၊ ယမ်းရဲ့အရှိန်နဲ့ ပေါက်ကွဲထွင့်စင်မှုတွေက ကျွန်တော်တို့ဆီ ရောက်လာနိုင်တယ်"

အင်ချပ်ကိုကျော်ဆန်းနှင့် ကျင်းဆရာစိန်မဟာတို့ ၁၂ ခေါင်းစားထောင့်ချိုးဝင်ပြီးသည်နှင့် လျှပ်စစ်မီးခုံကြီးရှိရာဘက်သို့ သွားကာ ပလပ်ထဲသို့ လျှပ်စစ်မီးခေါင်းကို ထိုးထည့်လိုက်သည်နှင့် ဒုန်းခနဲ ဝုန်းခနဲ ပေါက်ကွဲသံကြီးများ ဆက်တိုက်ထွက်ပေါ်လာကာ ယမ်းငွေ့တွေလွင့်မျောကာ ထွက်လာသဖြင့် ယမ်းငွေ့များစဲသွားသည်ထိ သူတို့တွေအားလုံး ၁၂ ခေါင်းစားကျင်းထောင့်ချိုးတွင် ထိုင်ရင်း စောင့်နေကြလေ၏။

သူတို့တွေ လုပ်ငန်းတစ်ခုပြီးသွားပြီ။ သို့သော် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းက ပိုပြီးအန္တရာယ်ကြီးသည်။ ယမ်းခွဲရာမှ အောက်သို့ပြိုဆင်းမလာဘဲ ခေါင်တွင်ကပ်ကျန်တင်ကျန်နေသည့် ခဲတုံးကြီးများရှိလျှင် သူတို့တွေ ထိုးချရမည်။ ဖယ်ရှားကြရမည်။ ထိုသော အန္တရာယ်ကင်းစွာဖြင့် ပြိုကျလာခဲ့သည့် ခဲတုံးကြီးများကို ရွှေ့ပြောင်းတူကြီးများဖြင့် ချေခွဲနိုင်မည်။

"ကဲ . . . ယမ်းငွေ့တွေ သိပ်များနေတယ်၊ တို့ဘာမှ လုပ်လို့ရသေးဘူး၊ အပေါ်ကအန္တရာယ်တွေလည်း မမြင်နိုင်သေးဘူး၊ ဒီတော့ ခဏနားကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အင်ချုပ်ကိုကျော်ဆန်းက မြေပြင်တွင်ထိုင်ချလိုက်ရင်း ကျောင်းဆရာစိန်မဟာကို ကြည့်သည်။

"ဘယ်နှယ်လဲ ကျောင်းဆရာ၊ ဒီတစ်ခါ အစုခွဲရင် ရွာပြန်တော့ မလား"

စိန်မဟာ သက်ပြင်းချလိုက်သည်။

"ပြန်နိုင်မယ် မထင်သေးပါဘူးဗျာ၊ အစုခွဲရင် ဘယ်လောက် ရမလဲ၊ ကျောင်းဆရာစုဆိုတော့ တစ်စုခွဲပဲရမှာ၊ ကျောက်ကောင်းကောင်း မထွက်ရင် တစ်လသုံးသောင်းတောင် ရမှာမဟုတ်ဘူး၊ ကျောက်ပွင့်မှ အသက်ရှုနိုင်မှာ၊ မပြန်နိုင်ရင်လည်း အိမ်တော့ ငွေလွှဲပို့လိုက်ပါ့မယ်"

"အရင်အပတ်က ဘယ်လောက်ရလဲ"

"အရင်အစုတုန်းကတော့ မဆိုးပါဘူး၊ သုံးလမှာ သုံးသိန်း ရလိုက်တယ်၊ ကျောက်ကလည်း သုံးလပြည့်ခါနီးမှ ပွင့်တာကို လောပန်းမ ရောက်လာပြီး ဘုန်းကြီးတွေဆွမ်းကပ်၊ ကုသိုလ်ပြုလိုက်မှ ဖြုံးတွေထဲက ကျောက်ပေါ်လာတာဗျို့၊ ကျောက်တစ်ပွင့် သိန်း ထောင်ချီပြီးတန်လို့ အစုနည်းနည်းပိုလာတာ၊ နို့မို့ မလွယ်ဘူး၊ လ စားကမှ ပုံသေရငွေ တွက်လို့ရသေးတယ်၊ အစုစားဘဝကတော့ ရင်လှိုက်သဲဖို့ပါပဲ ကိုဆန်း၊ လောင်းကစားသမားဘဝနဲ့ အတူတူပဲ"

"ကံပေါ့ဗျာ၊ အလုပ်ဆိုတာ ကံကိုခေါ်တယ်ဆိုပေမယ့် အလုပ်လုပ်တိုင်း ကံကောင်းတာမဟုတ်ဘူးဗျ၊ အလုပ်လုပ်ရင် အန္တရာယ်နဲ့တွေ့ကြသူတွေလည်း အများကြီးမဟုတ်လား၊ မျက်စိရှေ့ တွင်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ၊ ကျောင်းဆရာပြောသလို ကံပါပဲ၊ ကျွန်တော်လည်း အစုခွဲပြီးရင် အိမ်ကိုတစ်ခေါက်လောက်တော့ ပြန်လိုက်ချင်တယ်၊ အိမ်ပြန်ဖြစ်တာ နှစ်နှစ်ရှိသွားပြီ၊ မိန်းမနဲ့ကလေးတွေကို ငွေသာ ပို့နေရတာ၊ သူတို့တွေ ဘယ်လိုဘယ်ပုံ လုပ်ကိုင်စားသောက် နေကြတယ်ဆိုတာ မသိရဘူး၊ ဒါ့ကြောင့် ဒီတစ်ချီအစုခွဲပြီးရင်တော့ အိမ်ပြန်ဦးမယ်ဗျာ"

"ဟုတ်တယ် ပြန်သင့်ပါတယ်၊ မိန်းမနဲ့ကလေးတွေကလည်း မျှော်နေကြမှာပေါ့"

"ပြန်ချင်တယ်ဗျာ၊ တစ်ခေါက်တစ်ခေါက် ပြန်ရရင်လည်း ငွေကုန်ခံနဲနေအောင် ကုန်တာဗျာ၊ ကားခ ရထားခတွေကလည်း ဈေးကြီး လမ်းမှာ စားစရိတ်၊ တည်းခိုစရိတ်ကလည်း ကြီးဆိုပြီး အဲဒါတွေကုန်မယ့်အစား မိန်းမနဲ့ကလေးတွေ လောက်လောက်ငင သုံးနိုင်ပါစေဆိုပြီး ငွေသာလွှဲပို့နေမိတာ၊ စိတ်ကတော့ သူတို့ဆီ ရောက်နေပါတယ်၊ လူကသာ မရောက်နိုင်တာ"

"အရင်အပတ်က ဘယ်လောက်လွှဲလိုက်နိုင်လဲ"

"ကျွန်တော်က အင်ချပ်စုဆိုတော့ လေးသိန်းခွဲလောက် ရပါတယ်၊ ကျွန်တော့်အတွက် ငါးသောင်းလောက်ပဲ ချန်ထားလိုက်ပြီး လေးသိန်းလွှဲလိုက်ပါတယ်၊ အဲဒီငွေလေးသိန်းကလည်း သုံးလ၊ လေးလစာပါပဲ၊ ငွေပို့ပြီး အနည်းဆုံးသုံးလလောက် သူတို့ဆီ ပို့နိုင်မှာ မဟုတ်တော့ဘူးလေ"

ကျောင်းဆရာစိန်မဟာ သက်ပြင်းမှုတ်ထုတ်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်လည်း ဘာလိုလိုနဲ့ မှော်ကြာ ဖြစ်နေပြီ၊ ဒီမှာ ကြာကြာနေလို့မဖြစ်ဘူးဗျ၊ ဒီမှာက ပျက်စီးဖို့လွယ် တယ်၊ ဒါကလည်း ကိုယ့်စိတ်ကိုယ် မနိုင်ရင်ပေါ့ဗျာ၊ ယာမာ့တို့ ဘိန်းဖြ တို့ကလည်းရှိနေတော့ အဲဒါတွေသွားစမ်းမိလို့ကတော့ သွားပြီဗျို့ တစ်ခါတည်း စလွယ်ရတဲ့အထိ ဘဝပျက်သွားမှာ၊ ကျွန်တော်နဲ့ အတူတူ အလုပ်လုပ်ရင်း စလွယ်ရသွားတဲ့သူတွေလည်း အများကြီး ပါပဲ"

ဇာနည်လင်းက ပြုံးလိုက်သည်။

"ဘယ်လိုလဲ ကျင်းဆရာ၊ စလွယ်ရတယ်ဆိုတာ ရှင်းပြပါဦး"

စိန်မဟာက ဇာနည်လင်းကိုကြည့်သည်။

"မင်း တကယ်မသိဘူးလား"

"ဒီကောင်က ရောက်လာတာမကြာသေးဘူး၊ ရောက် ကတည်းက လုပ်ကွက်ထဲကနေ အပြင်မထွက်ရသေးတော့ အပြင် မှာသုံးနေတဲ့ ဝေါဟာရတွေလည်း သူဘာမှမသိသေးဘူး"

"ဒီလိုကွ၊ ယာမာ့ဆိုတာ စိတ်ကြွရူးသွပ်ဆေးကို ပြောတာ တကယ်တော့ ယာမာ့ဆိုတာ ရှမ်းစကား၊ မြင်းအားဆေးပေါ့ကွ တောင်ပေါ်ကို ခရီးသွားတဲ့အခါ မြင်းတွေကိုယ်မှာ ဝန်စည်စလယ် တွေချိတ်ပြီး ခရီးဝေးသွားကြရတာဆိုတော့ မြင်းတွေ အပင်ပန်းခံနို အောင်၊ ခရီးဝေးသွားနိုင်အောင် အစာနဲ့ရောပြီးကျွေးတဲ့ဆေးပေ အဲဒီယာမာ့ဆိုတဲ့ မြင်းအားဆေးကို လူတွေက စမ်းသုံးလာကြတယ် မြင်းတွေအလုပ်လုပ်နိုင်သလို သူတို့တွေလည်း ပိုပြီးအလုပ်လုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မလားလို့ပေါ့၊ အဲဒီယာမာ့ဆိုတဲ့ဆေးက ပြင်းတယ်၊ ဒီအတိုင်း သောက်ရင် လူတွေအူပေါက်ပြီးသေနိုင်တယ်၊ ဒီတော့ လူတွေက အမှုန့်ကြိတ်ပြီး စီးကရက်ဘူးထဲက ငွေရောင်စက္ကူလေးကို ခွက်လေး ပုံသဏ္ဌာန်လုပ်ထားတဲ့ ခွက်ထဲထည့်၊ အောက်က ဖယောင်းတိုင်နဲ့ မီးအပူပေး၊ ထွက်လာတဲ့အငွေ့ကို စက္ကူလေးလိပ်ပြီး ပေါ့တံအဖြစ်နဲ့ ရှူရှိုက်ကြတယ်၊ အဲဒီလိုရှူတာကို ပေါ့ဆွဲတယ်လို့ခေါ်တယ်"

"ခုထိ စလွယ်ရတယ်ဆိုတာ မပါသေးပါလား . . ."

"ပါမှာပေါ့၊ ခုမှ နိဒါန်းပျိုးတုန်းပဲရှိသေးတယ်. . ."

ဟု ဝဏ္ဏက ပြုံးရင်းပြောသည်။

"ပေါ့ဆွဲရာမှာ တချို့က ယာမာ့အမှုန့်နဲ့ ဘိန်းဖြူမှုန့်ရောပြီး အောက်ကအပူပေးပေါ့၊ ထွက်လာတဲ့အငွေ့ကို ပေါ့တံရှူတံစက္ကူ လိပ်လေးနဲ့ ရှူရှိုက်တာပေါ့၊ အဲဒါကို ယာမာ့နဲ့လက္ခဏာလေးတော် ထင်နေပြီလို့ တင်စားပြီးပြောကြတယ်"

"လခွီးမှပဲ၊ ယာမာ့လက္ခဏာဇာတ်လဲ ဖိုးသမားနဲ့တွေ့မှ ဇာတ်စီးတော့တာပဲ"

ဟု အင်ချပ်ကိုကျော်ဆန်းက မှတ်ချက်ချသည်။

"အဲဒီလို ပေါ့ဆွဲရာကနေ ကြာတော့ပေါ့မဆွဲရရင်မနေနိုင် တော့ဘူး။ ပေါ့ဆွဲတယ်ဆိုတာကလည်း ပိုက်ဆံရှိမှ ဆွဲနိုင်တာ၊ ဒီတော့ ပိုက်ဆံရအောင်ရှာကြရတယ်၊ ပိုက်ဆံရဖို့ဆိုတာကလည်း ဘူရှေ့မဟုတ်တော့ အလုပ်လုပ်ကြရတာပေါ့၊ ကဲ လုပ်ကွက်သိမှာက ဘယ်သူပြည့်မှ ပိုက်ဆံရမှာဆိုတော့ ဘယ်လိုလုပ်ပြီးပေါ့ဆွဲနိုင်မှာလဲ၊

www.burmeseclassic.com

www:burmeseclassic.com



ဒီတော့ အဲဒီလိုပေါ့ဆွဲနိုင်ဖို့အတွက် လမ်းထွက်ပြီးအလုပ်လုပ်ကြရတယ်၊ ဘယ်လိုလုပ်ကြရသလဲဆိုတော့ ကုန်တွေထမ်းသယ်ပိုးကြရတဲ့အလုပ်တွေ သူတို့လုပ်ကြရတယ်၊ ကုန်ထမ်းတယ်ဆိုတော့ သိုင်းကြိုးနဲ့လွယ်ပြီး ထမ်းရတယ်မဟုတ်လား၊ ဖိုးသမားတွေကိုကြည့်. . .၊ သူတို့တွေ သိုင်းကြိုးတွေလွယ်ပြီး သွားလာနေကြတာကို တွေ့ရလိမ့်မယ်. . .၊ ဒါကြောင့် အဲဒီလူတွေကို စလွယ်ရသူတွေလို့ တင်စားခေါ်ကြတာကွ"

"ရှင်းပါပြီဗျာ. . ."

ဇာနည်လင်းက ပြုံးရင်းပြောသည်။

"တချို့က အဲဒီဖိုးသမားတွေကို အိုင်စီလို့လဲ ခေါ်တယ်၊ အဲဒါကော သိလား"

ဇာနည်လင်းက ပြုံးရင်းခေါင်းခါသည်။

"အိုင်စီဆိုတာ Iron cross ရဲ့ အတိုကောက်ပေါ့၊ အခက်အခဲကိုကျော်ဖြတ်နေကြသူများလို့ သူတို့ကိုတင်စားပြီးခေါ်တာ"

"ဒါဆို ဇော်ဝင်းထွဋ်တို့အဖွဲ့လည်း ပျက်ပြီပေါ့၊ ဖိုးသမားနဲ့တွေ့လို့ကတော့ ဘာများခံနိုင်တော့မှာလဲ"

ဟုဆိုကာ အားရပါးရ ရယ်မောလိုက်ကြသည်။

"ယမ်းခိုးတွေလည်း အတော်စဲသွားပြီ၊ တို့လုပ်ငန်းပြန်စကြရအောင်"

အားလုံးနေရာမှထကြပြီး ခေါင်းစားကျင်း "ခဲ" ဆီ ပြန်လျှောက်လာခဲ့ကြသည်။ ရောက်မဆိုက်ပင် ယမ်းခွဲသွားရာမှ လွင့်စင်

www.burmeseclassic.com

www.burmeseclassic.com



ကျလာသော ခဲတုံးကြီးများကို ကျော်လွှားကာ နံရံအပေါ်ကို မော့ကြည့်ကြသည်။

နံရံပေါ်တွင် အောက်သို့ပြုတ်ကျမလာသေးသည့် အန္တရာယ် ခဲတုံးကြီးနှစ်တုံးကို တွေ့ရသည်။

"သတိထား ဝဏ္ဏ၊ အဲဒီခဲတုံးကြီးတွေဟာ အချိန်မရွေး ပြုတ်ကျလာနိုင်တယ်"

စိန်မဟာက ဝဏ္ဏကို တွန်းဖယ်ရင်း ခဲတုံးကြီးများကို မော်၍ ကြည့်နေသည်။

"ဇာနည်လင်း သံတူရွင်းရှည်ကြီးတစ်ချောင်းယူလာခဲ့"

ဇာနည်လင်းက သံတူရွင်းရှည်ကြီးတစ်ချောင်း ယူလာပေးသည်။

"ကဲ. . . ကိုဆန်းကော ဝဏ္ဏတို့ဇာနည်လင်းတို့ကော ဖယ်၊ ငါ အဲဒီကျောက်တုံးကြီးတွေကို ထိုးချမယ်၊ အဲဒီ ကျောက်တုံးကြီးတွေနဲ့ အတူကျလာမယ့် တခြားနောက်ဆက်တွဲ ခဲတွေ၊ သဲတွေ၊ မြေတွေရဲ့အန္တရာယ်လည်းရှိနေတယ်၊ အားလုံး ဘေးလွတ်ရာ ခဏရှောင်၊ ကျွန်တော်တစ်ယောက်တည်းပဲ ထိုးချရင်းရှောင်မယ်၊ ကျွန်တော် ကျောက်တုံးကြီးရဲ့ အခြေအနေကြည့်ပြီး တစ်ယောက်တည်း ရှောင်နိုင်တိမ်းနိုင်ပါတယ်။ အများနဲ့ဆို ပြေးရလွှားရမလွယ်ဘူး၊ သမ်းမှာလည်း ခဲတွေအပုံလိုက်ဖြစ်နေတယ်"

"ကျင်းဆရာတစ်ယောက်တည်း ဖြစ်ပါ့မလား၊ အန္တရာယ် ရှိတယ်နော်၊ လိုအပ်ရင် အဲဒီခဲတုံးတွေနား ဝန်းဆော်ထိုးရင် ကောင်းလား"

www.burmeseclassic.com

www.burmeseclassic.com



"ဂန်းထိုးရင်း ပြုတ်ကျလာမှ ပိုပြီးအန္တရာယ်များတယ်ကိုဆန်း၊ ဂန်းထိုးနေတဲ့လူ ရှောင်နိုင်တိမ်းနိုင်ဖို့ မလွယ်ဘူး၊ လူသာမဟုတ်ဘူး၊ ဂန်းပါ ပျက်စီးသွားနိုင်တယ်၊ ရပါတယ်၊ ကျွန်တော်ဒီလောက်တော့ ရှောင်နိုင်တိမ်းနိုင်ပါတယ်၊ အတွေ့အကြုံတွေလည်းများလှပါပြီးဗျာ"

"သေချာရဲ့လား ကျောင်းဆရာ"

"ရတယ်၊ ခင်ဗျားတို့သာ လွတ်အောင်ရှောင်နေကြ"

စိန်မဟာသည် ကျောက်တုံးကြီးများကို စူးစိုက်ကြည့်နေသည်။ သူ့သံတူရွင်းရှည်ကြီးဖြင့်လည်း ချိန်ဆနေသည်။ ခဲတုံးကြီးပြုတ်ကျလာနိုင်သည့်လမ်းကြောင်းကိုလည်း တွက်ဆနေသည်။ ပြီးတော့သံတူရွင်းရှည်ကြီးဖြင့် ခဲတုံးကြီးကို ထိကြည့်သည်၊ ထိုးကြည့်သည်။ ခဲတုံးကြီးလှုပ်ရှားလာသည်။

ခဲလုံးကြီးနှင့်နံရံကြားကို သံတူရွင်းဖြင့် ကော်ထိုးလိုက်လျှင် ခဲလုံးကြီးပြုတ်ကျလာနိုင်ကြောင်း သူတွက်သည်။ ခဲလုံးကြီးပြုတ်ကျလာလျှင် သူပြေးရှောင်ရမည့်လမ်းကို ကြည့်သည်။ ခဲလုံးကြီး ပြုတ်ကျပြီးငြိမ်သွားလျှင် ကိစ္စမရှိ။ သူ့ပြေးလမ်းဆီလိမ့်ဆင်းလာနိုင်မလားဟု တွက်သည်။

စွန့်စားရမည်။ ခဲလုံးကြီးပြုတ်ကျမလာလျှင် ခေါင်းစားကျင်းတဲတွင် စိတ်ချလက်ချ အလုပ်မလုပ်နိုင်။ အလုပ်လုပ်ရင်း ပြုတ်ကျလာသော် အားလုံးကိစ္စချောနိုင်၏။

သူ သံတူရွင်းရှည်ကြီးဖြင့် ချိန်ဆကာ ခဲတုံးကြီးကို ကော်ချလိုက်ပြီး ၁၂ ခေါင်းစားဘက် ဦးတည်ပြေးသည်။ ခဲလုံးကြီးသည်

www.burmeseclassic.com



ဒုန်းခနဲအသံဖြင့် မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။ တစ်လုံးတည်း မဟုတ်နှစ်လုံးဆင့်ပြီး ကျလာခြင်းဖြစ်သည်။ ခဲလုံးကြီး၏နောက်တွင် မြေခဲများ၊ ခဲတုံးငယ်များ ဝေါခနဲ ကျဆင်းလာသည်။

စိန်မဟာဘယ်မှာနည်း။ ခဲများ၊ သဲများကြောင့် ခေါင်းစား ကျင်း "၁၀" အတွင်း မှုန်မှိုင်း၍သွားသည်။

"ကျင်းဆရာ. . . ကျင်းဆရာ"

အင်ချုပ်ကိုကျော်ဆန်းက အော်ဟစ်၍ခေါ်သည်။ ဝဏ္ဏနှင့် အနည်လင်းတို့က ကျောက်ပုံကြားရှာသည်။ စိန်မဟာကား ကျောက် တုံးကြီးနှင့် နံရံကြားညပ်နေသည်။

"ကျင်းဆရာ. . . ကျင်းဆရာ"

"ကျွန်တော်ဒီမှာ၊ နံရံနဲ့ကျောက်တုံးကြီးကြား ရောက်နေ တယ်၊ သံတူရွင်းကြီးနဲ့ ကျောက်တုံးကြီးကို တွန်းဖယ်ပေးပါဦး၊ ဒါမှ ကျွန်တော်ထွက်နိုင်မယ်"

တော်သေး၏။ စိန်မဟာ ကံသီခြင်းပင်ဖြစ်မည်။ နံရံနှင့် ကျောက်တုံးကြီးက ဖိကပ်မသွား၍ စိန်မဟာကို မညပ်မိခြင်းဖြစ် သည်။ မဖိမိခြင်းလည်းဖြစ်သည်။ သုံးယောက်အားဖြင့် ကျောက်တုံး ကြီးကို တွန်းဖယ်ကြသည်။ မရွေ့. . .။

"ခေါင်းစား ၁၂ က ကျင်းဆရာကျော်စိန်ဝင်းတို့အဖွဲ့ကို သွားခေါ်"

အင်ချုပ်ကိုဆန်းက ဝဏ္ဏကိုလွှတ်သည်။ ကျင်းဆရာ ကျော်စိန်ဝင်းနှင့်အတူ အင်ချုပ်ဝင်းမောင်၊ ကျင်းနောက်လိုက် ထွန်းထွန်းနှင့်အောင်ထွန်းဇော်တို့ ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဲတုံးကြီးကို ဝိုင်းတွန်းကြသည်။ ခဲတုံးကြီးရွေ့သွားပြီ။ စိန်မဟာကို ခဲတုံးကြားမှ ဆွဲထုတ်လိုက်ကြသည်။

"ဘယ်တိသွားသေးလဲ ကျောင်းဆရာ. . ."

စိန်မဟာက ပြုံးသည်။ ပြီးတော့ ခဲတုံးကြီးကို ကြည့်သည်။

"ဒီကောင်ကြီးကျွန်တော့်နောက်ပြေးလိုက်လာမှန်း ကျွန်တော် မသိဘူး။ နံရံကြားမှာ ကျွန်တော်ခွေလဲသွားတာနဲ့သူလည်း ရပ်သွားတာ၊ တော်သေးတယ်။ သူသာနံရံကိုပြေးကပ်လို့ကတော့ ကျွန်တော် စိစိညက်ညက်ကြေပြီ"

"ကံတရားပေါ့ ကျောင်းဆရာ"

"ဟုတ်တယ် သေကံမရောက်သက်မပျောက်ပေါ့ဗျာ" ဟုဆိုကာ စိန်မဟာရယ်လိုက်သည်။

"နေဦး၊ ခင်ဗျားဘယ်နေရာထိသွားလဲ၊ ဆေးခန်းပို့ပေး ရမလား"

ခေါင်းစား ၁၂ မှ ကျောင်းဆရာကျော်စိန်ဝင်းက ဆို၏။

"မလိုပါဘူး၊ ကျုပ်ဘယ်နေရာမှ ဒဏ်ရာပြင်းပြင်းထန်ထန် မရဘူး၊ နည်းနည်းပွန်းပဲ့သွားရုံလောက်ပဲ၊ ခဲတုံးကြီးက ကျွန်တော့် ကိုညှာလိုက်တာပါ"

စိန်မဟာက ခဲတုံးကြီးကို ပွတ်တာငေးကြည့်နေလိုက်သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နန်းခမ်းလှိုင်က ရန်နိုင့်ကို စောင့်နေသည်။ ရန်နိုင် ထမင်းဆူး ဦး စားဖို့မှူးဝေမာ့ထံ ပန်းကန်ပြားထိုးပေးလိုက်တော့ ဝေမာက ခေါင်ပေါက်နှင့်ပဲပြားကြော်တစ်ဇွန်းကော်ပြီး ရန်နိုင်ပန်းကန်ထဲ ထည့်လိုက်သည်။ ဝေမာ့ကိုကြည့်ရင်း ရန်နိုင်စလိုက်၏။

"အောင်ထွန်းဖော်ဆိုရင်တော့ အများကြီးထည့်ပေးမှာနော်၊ နှင်း ဆော်တော်မျက်နှာလိုက်. . ."

ဆိုတော့ ဝေမာကပြုံးရင်း. . .

"ဘယ်တူမလဲလေ၊ ဟိုမှာ. . အင်ချပ်မ ခမ်းလှိုင်တို့ စောင့်နေတယ်. . ."

ဟုဆိုကာ ရန်နိုင့်ကို မျက်စပစ်ပြသည်။ ရန်နိုင်က ထမင်း ချိုးကန်လေးယူကာ နန်းခမ်းလှိုင်တို့၏ စားပွဲဆီလျှောက်သွား၏။ နန်းခမ်းလှိုင်၏ဘေးတွင် အင်ချပ်မ ရတနာ။ ရန်နိုင်က နန်းခမ်းလှိုင် ထိုင်ခုံ မျက်နှာချင်းဆိုင် ခုံရှည်တွင် ထိုင်လိုက်၏။

"ရော့. . . ဒီမှာ ဗာလချောင်ကြော်"

ဟုဆိုကာ ရန်နိုင် ပန်းကန်ထဲ ဗာလချောင်ကြော်တွေ ထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ၊ တော်ပါပြီဗျာ၊ ညီမလေးတို့ပေးမှကမ်းမှ စားရမယ့် ဘဝမျိုးမို့ သာဓု. . . သာဓု. . . သာဓု"

ဟု ဆိုလိုက်တော့ နန်းခမ်းလှိုင်သာမက ရတနာပါ ရယ်လိုက်ကြသည်။

"တို့က ဒီမှာ ဗာလချောင်ကြော်တွေ ဘာတွေနဲ့ ကြီးပွားနေတဲ့အချိန်၊ ဟိုကျောင်းအောက်မှာ ဝဏ္ဏတစ်ယောက်တော့ ပဲပင်ပေါက်ကြော်နဲ့ နှစ်သိမ့်နေရမှာပါ၊ နင်အမဲခြောက်မပေးလိုက်ဘူးလား"

ရတနာက ပြုံးသည်။

"တကယ်ပဲ ရတနာ၊ မနက်က အမဲခြောက်စားချင်လွန်းလို့ ကျောင်းအောက်ကတက်လာတဲ့ ငါ့တောင်မမြင်ဘူး၊ ဝင်ကိုက်သွားသေးတယ်၊ ပန်းကန်တွေဘာတွေ လွတ်ကျလို့"

ရတနာက ပြုံးရုံသာပြုံးနေသည်။

"ကိစ္စမရှိပါဘူး၊ ညနေကျတွေ့ကြရမှာပါ။ ဒီတော့မှ အမဲခြောက်တို့ဘာတို့ ကျွေးလိုက်ပေါ့ဟယ်၊ ဒီကောင်က လူကသာ ထောင့်မကျိုးတာ၊ အကောင်းတော့ကြိုက်တယ်ဟ၊ တော်ကြာ အရှူးအမဲသားကျွေးဆိုသလို ဖြစ်နေပါဦးမယ်၊ ဒီကောင်က ငကြောင်ဟ"

"ကိုရန်နိုင်ရယ်၊ ရော့ ယူပါ၊ ဒီမှာ အမဲခြောက်ဖုတ် ဆီနဲ့ဆမ်းထားတာ. . ."

ဟုဆိုကာ ရန်နိုင်ပန်းကန်ထဲ ဇွန်းနှင့်ကော်၍ထည့်ပေးလိုက်သည်။

"အို. . . ဒီကောင်မလေး၊ ငါကစနေတာ၊ အဟုတ်ပဲ. . . အဟုတ်ပဲ၊ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေဟယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ရတနာကော နန်းခမ်းလှိုင်ပါ ရယ်လိုက်ကြသည်။ အေးပွဲဝိုင်းအသီးသီးကလည်း သူတို့သုံးယောက်ကို စောင့်ကြည့်နေကြ၏။ ရန်နိုင်က မတ်တတ်ရပ်ထမင်းစားနေသော မီးစက်တာဝန်ခံ စာကလေးခေါ် ကျော်မောင်မောင်ကို လှမ်းခေါ်သည်။

"စာကလေး လာပါဗျ၊ ဒီမှာ နေရာရှိတယ်"

"စားကြပါဗျာ၊ တော်ကြာစားဖိုဆောင်အတွင်း အတူတွဲမထိုင်ရ၊ စကားမပြောရဆိုတဲ့ စည်းကမ်းနဲ့ငြိပြီး အလုပ်ပြုတ်နေပါဦးမယ်"

ဟုဆိုကာ ပြုံးနေသည်။

"ဒီမှာ အတူထိုင်တာမှ မဟုတ်ဘဲ၊ မျက်နှာချင်းဆိုင်ထိုင်တာ၊ စကားပြောတာမှ မဟုတ်ဘဲ ထမင်းစာနေကြတာ"

ဟုဆိုတော့ အားလုံးရယ်မောမိကြသည်။

"ဟုတ်ပ၊ ဟုတ်ပ၊ တော်ပါပေတယ်. . ."

ဟုဆိုကာ ထမင်းစားဆောင်အတွင်းမှ ထွက်သွားတော့သည်။

"အောက်မှာ အန္တရာယ်တွေများလားဟင်. . ."

ဟု ထမင်းစားရင်း ရတနာကရန်နိုင်ကိုမေးသည်။

"မြေအောက်မှာ အန္တရာယ်များတယ်ဆိုတာ ဟုတ်ပါတယ်၊ မြေပြိုမှာကျောက်တုံးပိမှာ အပေါ်စအိုကအုံးတွေခဲတွေပြုတ်ကျလာမှာ စိုးရိမ်ရတာပေါ့၊ ဒါပေမဲ့ဖြစ်ခဲပါတယ်ဟာ၊ မြေပေါ်မှာလဲ အန္တရာယ်တွေများတာပဲ၊ ခြေတစ်လှမ်းမှားတာနဲ့ အန္တရာယ်ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တာပဲမဟုတ်လား၊ ဥပမာဟာ. . . မြေပေါ်မှာ ဘိန်းခန်းသွားမိတာတို့၊ ကိုးသုံးလုံးတန်းသွားမိတာတို့၊ လောင်းကစားဝိုင်းသွားမိတာတို့ကြောင့် အန္တရာယ်တွေ အမျိုးမျိုးကြုံခဲ့ရသူတွေလဲ အများကြီးပါပဲ၊ တို့က မြေအောက်အန္တရာယ်သာတွေးပြီး ကြောက်နေကြတာ၊ မြေအောက်အန္တရာယ်ထက် မြေပေါ်မှာက အန္တရာယ်တွေ ပိုရှိနိုင်တယ်ဆိုတာ မတွေးမိကြဘူး၊ ကြည့်လေ. . . မြေပေါ်မှာ ခြေလှမ်းတွေမှားခဲ့ကြလို့ ဖိုးသမားဖြစ်သွားသူတွေ၊ HIV ပိုးဝင်ပြီး AIDS ဖြစ်သွားသူတွေ အများကြီးမဟုတ်လား. . ."

နန်းခမ်းလှိုင်ကပြုံးရင်း ရန်နိုင့်ကို ကြည့်သည်။

"အပြောတော့ကောင်းတယ်နော်၊ တော်ကြာသူလဲ မြေပေါ်အန္တရာယ်တွေနဲ့ တွေ့နေဦးမယ်. . ."

ဟုဆိုတော့ ရန်နိုင် ပြုံးနေသည်။

"တို့က အသိဉာဏ်ရှိပါတယ်၊ တို့ဆရာက ကျောင်းမှာတုန်းက ပြောခဲ့တာရှိတယ်. . .၊ မင်းတို့ပညာသင်တယ်ဆိုတာ ဘာလုပ်ဖို့လဲတဲ့၊ သိလား. . .၊ တချို့ကပြောကြတာပေါ့ ဆရာဝန်ဖြစ်ချင်လို့၊ အင်ဂျင်နီယာဖြစ်ချင်လို့၊ စစ်ဗိုလ်ဖြစ်ချင်လို့ စတာတွေပေါ့ဟာ၊ ဒီလိုပြောတော့ ဆရာကပြုံးတယ်၊ မင်းတို့က ဖြစ်ချင်တာတွေကို ပြောနေကြတာပဲတဲ့၊ မင်းတို့ဆယ်တန်းအောင်ရင် တက္ကသိုလ်က ဘွဲ့တွေ့ရရင် မင်းတို့ဖြစ်ချင်တာတွေ ဖြစ်မှာပေါ့တဲ့၊ တကယ်ကစာသင်တယ်၊ ပညာသင်တယ်ဆိုတာ၊ အမှားနဲ့အမှန်ကို ခွဲခြားတတ်ဖို့တဲ့၊ အမှားကို အမှားမှန်းသိပြီး ရှောင်နိုင်ဖို့၊ အမှန်ကိုအမှန်မှန်းသိပြီး ဆောင်နိုင်ဖို့တဲ့၊ ကဲ- ညီမတို့ကော သဘောပေါက်ကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ပြုံးလိုက်ကြသည်။

"ငါ့ညီမတို့ကို အစ်ကိုကြီးမှာချင်တာက ခုနပြောတဲ့ အမှားတို ရှောင်နိုင်ဖို့ အမှန်ကိုဆောင်နိုင်ဖို့အတွက် ကိုယ့်မှာကိုယ်ခံအားကောင်းကောင်းရှိဖို့ပဲ၊ အဲဒီကိုယ်ခံအားကတော့ သီလပဲ၊ ကိုယ်ကျင့်တရားပဲ. . ."

"အမလေး. . . ခုမှ ဓမ္မကထိကနဲ့ လာတွေ့နေရပြန်ပြီ. . ."

ဟုဆိုကာ တစ်ဘက်စားပွဲမှ ဝင့်စက်မောင်းဆရာ ကျော်သူအောင်က ပန်းကန်ကိုင်ကာနေရာမှထသည်။

"ဘုရားတရားအကြောင်းပြောရင် တစ္ဆေသရဲတွေ ထွက်ပြေးကြတယ်ဆိုတာ ဒါပဲညီမလေးတို့. . ."

ဟုဆိုကာ ရန်နိုင်လည်း နေရာမှထလိုက်သည်။

"ကဲ- ညီမလေးတို့လဲ အလုပ်ချိန်နီးနေပြီ၊ ဆဲ့နှစ်နာရီ ထိုးဖို့ ဆဲ့ငါးမိနစ်ပဲလိုတော့တယ်. . .၊ သွားကြအုံး. . .၊ ခုလိုကျွေးမွေးပေးကမ်းတဲ့အတွက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားကြီးခြင်း. . ."

"တော်ပါတော့ကိုရန်နိုင်ရယ်. . ."

ဟုဆိုကာ ရတနာက နန်းခမ်းလှိုင်လက်ကို ဆွဲရင်းနေရာမှထလိုက်သည်။

"ကဲ- သွားမယ်နော်. . ."

ဟုဆိုကာ နန်းခမ်းလှိုင်နှင့် ရတနာထွက်သွားခိုက် ရန်နိုင်က ရတနာကိုလှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝဏ္ဏာမြေအောက်ရောက်နေလို့ မြေအောက်မှာ အန္တရာယ်တွေရှိလားလို့ မေးတာမဟုတ်လား ရတနာ၊ မစိုးရိမ်ပါနဲ့ ညနေဝဏ္ဏာကြီး မြေလျှိုးပြီးလို့ မိုးပျံလာပါလိမ့်မယ်. . ."

အင်ချပ်မလေးနှစ်ယောက် ထွက်သွားတော့ ရန်နိုင်ထမင်းစားဆောင်အတွင်းမှ ပန်းကန်ဆွဲပြီး ထွက်လာခဲ့သည်။

မကြာမီ ခရာတွတ်သံ၊ သံချောင်းခေါက်သံများ ဆက်တိုက်ပေါ်လာပြီးနောက် ခဲကြိတ်စက်ကြီးသည် တဂျိမ်းဂျိမ်းနှင့် လည်ပတ်လေတော့သည်။ အောက်က ခဲစက်ကြီးကလည်း တဂျုံးဂျုံးနှင့်လည်ပတ်ကာ ခဲလောင်းသူ၊ ခဲဆွဲသူတွေ လှုပ်ရှားနေကြတော့၏။ ခဲရွှေမလေးတွေကလည်း သံလက်ကိုယ်စီဖြင့် ခဲတွေမွှေနှောက်ရွေးနေကြတော့သည်။ အင်ချပ်မလေးတွေကလည်း မိမိတို့ထိုင်ခုံအသီးသီးတွင်ထိုင်ရင်း ခဲရွှေမလေးများအား စူးစိုက်ကြည့်နေကြတော့သည်။

ချောဘားစက်ဆရာကလည်း ချောဘားပုံးတွေကို အပေါ်နှင့်အောက် စုန်ဆန်ကာ မောင်းနှင်နေလေပြီ။ ချောဘားအောက်ရှိကျင်းပေါ်လုပ်သားလေးတွေကလည်း ချောဘားပုံးထဲ ခဲအိတ်တွေပစ်ထည့်နေကြသည်။

ဝင့်စက်ဆရာတို့ကလည်း ခဲခြင်းကြီးတွေ မြေအောက်စအိုးမြေပေါ်စအိုးသို့ လျင်မြန်စွာ ဆွဲတင်ဆွဲချနေကြသည်။

မှော် ၅၂၈ သည် စက်သံတွေတဂျုန်းဂျုန်းနှင့် သက်ဝင်လှုပ်ရှားနေပြန်ပြီ. . .။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဦးမောင် ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် ကင်းရုံထဲဝင်လာသည်။

"ဘယ်လိုဖြစ်တာလဲ ဦးမောင်"

ဆိုတော့ မျက်နှာကြီးနီရဲစွာနှင့် လက်ထဲကစာအုပ်ရှည်ကြီးကို အိပ်စင်ပေါ် ပစ်ချလိုက်ရင်း. . .

"မန်နေဂျာပေါ့ဗျာ၊ ကျုပ်ကို ပညာပြလိုက်တယ်"

မန်နေဂျာဆိုသူက အားဖာ၊ လောပန်၏ညီဖြစ်သည်။ စကားပြောဆိုးသလောက် အမူအယာကလည်း ခက်ထန်သည်။ သူက အကောင်းမြင်ထက် အဆိုးမြင်များသူလည်း ဖြစ်သည်။ လူတစ်ယောက်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ခုကိုဖြစ်စေ အပြစ်ရှာသည့် အကြည့်နှင့်သာ ကြည့်လေ့ရှိသည်။

"ဘယ်လို ပညာပြလိုက်လို့လဲဗျာ"

ဆိုတော့ ဦးမောင်က အပြင်သို့ငေးရင်း သက်ပြင်းကိုမှုတ်ထုတ်လိုက်သည်။

"ပြော. . . မပြောချင်ပါဘူးဗျာ၊ သူ့ဆိုင်ကယ်လာတာမြင်တာနဲ့ တံခါးဖွင့်ပြီးဖြစ်ရမယ်တဲ့၊ ဘရိတ်အုပ်ပြီးရပ်နေရတာမျိုး မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူးတဲ့၊ လုံ. ခြုံရေးသမားတွေအားလုံး အမြဲအသင့်ဖြစ်နေရမယ်တဲ့၊ ပြီးတော့ နေ့ကင်း၊ ညကင်းတွေအားလုံး မျှော်ထဲမှာ အမြဲလှည့်ပတ်ကြည့်ရှုနေရမယ်တဲ့၊ လူတွေ ကျော်ခိုးတာကိုပဲ စစ်ရမှာ မဟုတ်ဘူး၊ မြေအက်တာ၊ မြေအိတာ၊ ရေမြောင်းပိတ်တာ၊ ရေဝင်တာတွေလဲ လိုက်ကြည့်နေရမယ်တဲ့၊ အပေါ်ကင်းထိပ်က ရေမြောင်းပိတ်နေတာ ခင်ဗျားမသိဘူးလားတဲ့၊ ခင်ဗျားတို့ လုံခြုံရေးတာဝန်ယူထားတာ ဘာလဲတဲ့၊ ကင်းရုံထဲမှာပဲ ထိုင်နေမလားတဲ့၊ ညည့်အဝင်အထွက်၊ ကားအဝင်အထွက်ပဲ တာဝန်ရှိသလားတဲ့၊ ဟိုနေ့က သူ့ဆွေမျိုးတွေလာတာ တံခါးဖွင့်မပေးလို့ဆိုပြီး ဆူတယ်၊ သူ့ကို တွေ့ချင်တယ်ဆိုတဲ့လူကို သူ့ဆီခွင့်မတောင်းဘဲ အပေါ်ရုံးခန်းကို လွှတ်လိုက်လို့တဲ့ ဆူတယ်၊ လခွီးမှုပဲ ငါတော့ တော်တော်စိတ်ကုန်သွားပြီ၊ အလုပ်ကတောင် တစ်ခါတည်း ထွက်ဖို့စိတ်ကူးလိုက်သေးတယ်၊ လောပန်မမျက်နှာကြောင့်ရယ်၊ လစာသုံးသောင်းခွဲမျက်နှာကြောင့်ရယ်မို့ပေါ့၊ နို့မို့ တစ်ခါထဲ နုတ်ထွက်ခဲ့တယ်"

"စိတ်အေးအေးထားဗျာ၊ ဒါ သူ့အကျင့်ပဲ"

"သူ့အကျင့်သူ့စရိုက်ပဲဆိုပြီး သည်းခံခဲ့ပေါင်းများပြီ၊ စဉ်းစားကြည့်၊ ကျုပ်သားလောက်အရွယ်က ကျုပ်ကို ဆူပူကြိမ်းမောင်းတာခံပြီး အလုပ်လုပ်နေရတာ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ အေးအေးဆေးဆေး သက်သာ အကျိုးနဲ့အကြောင်းနဲ့ပြောလဲ ကျုပ်နားလည်ပါတယ်။ ကျုပ်လူပါဗျာ၊ ခုတော့ လူတွေကြား၊ ရုံးအဖွဲ့သားတွေ၊ ကျင်းချုပ်၊

www.burmeseclassic.com



အင်ချုပ်ချုပ်စတဲ့ လူကြီးတွေကြားမှာ အော်ဟစ်ပြီးပြောတာ၊ ကျုပ်ရှက်တယ်ဗျာ"

ဦးမောင်ကို ကြည့်ပြီး စိတ်မကောင်းကြ၊ မန်နေဂျာ၊ လုပ်ကွက်တာဝန်ခံ၊ မော်တာဝန်ခံဆိုသည့်မာနနှင့် တွေ့ရာလူကို အော်ဟစ်ကြိမ်းမောင်းတတ်သော အားဖာ၏စရိုက်ကလည်း ပြုဖို့ပြင်ဖို့တော့ ကောင်းသည်။ လုပ်ငန်းကြီးတစ်ခုလုံး လည်ပတ်ဖို့အတွက် သူ့တာဝန်ကိုယ့်တာဝန် ကိုယ်စီရှိကြသည်။

သူက သူ့ထက်ပိုတာဝန်ကြီးသည်ဟူ၍ ပြော၍မရပေ။ အားလုံးသည် မြေအောက်ကကျောက်မျက်ရတနာများ၊ ပွင့်ကောက်များရရှိရေးလုပ်ငန်းတွင် တာဝန်အသီးသီးကို ကိုယ်စီယူထားကြသူတွေဖြစ်ကြသည်။

မီးဆရာလည်း မီးတာဝန်၊ နှစ်ဆယ့်လေးနာရီလုံး မြေပေါ်မြေအောက်မီးပြတ်လပ်ခြင်းမရှိစေရ၊ စက်လေးလုံးတစ်လုံးမှ မပျက်စီးစေရ။ အမြဲ ပြင်ဆင်စစ်ဆေးနေရသည်။

ဆေးမှူးလည်း ကျင်းပေါ်ကျင်းအောက်လုပ်သားတွေ၊ ခဲရွေးမတွေ၏ ထိခိုက်ရှနာများ၊ ကိုယ်လက်ကိုက်ခဲနာကျင် အဖျားအနာအမျိုးမျိုးကို တာဝန်ခံကုသပေးနေရသည်။ လုပ်သားတွေ ခဲရွေးမတွေ ကျန်းမာပါမှ အလုပ်ကောင်းကောင်းလုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ ကျောက်ရမည်။

ထို့အတူ စားဖိုမှူးများသည်လည်း ကျင်းပေါ်ကျင်းအောက် လုပ်သားတွေ အားလုံးအချိန်မီ အဆင်ပြေစွာ စားသောက်နိုင်ရေးအတွက် တစ်နေ့ထမင်းလေးနပ် အချိန်မီချက်ပြုတ်ပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက် ငါးနာရီခွဲတွင် တစ်ကြိမ်၊ နံနက် ဆယ့်တစ်နာရီတွင် တစ်ကြိမ်၊ ညနေ ငါးနာရီတွင်တစ်ကြိမ်၊ ည ဆယ့်တစ်နာရီတွင် တစ်ကြိမ် အသင့်ဖြစ်နေစေရမည်။ ည ဆယ့်တစ်နာရီ ထမင်းပွဲကတော့ ညဆိုင်းသမားတွေအတွက်သာဖြစ်သည်။

တစ်ညလုံး အလုပ်လုပ်နေရသူတွေမှ ဆာလောင်မွတ်သိပ်ကြသည်။ မြေအောက်ကျင့်းထဲတွင် ခဲတုံးကြီးများအန္တရာယ်၊ မြေပြိုကျမည့် အန္တရာယ်ပြီးတော့ ခဲထု၊ ခဲဆွဲ၊ ခြင်းထည့် စသည့်အလုပ်တွေကလည်း ပင်ပန်းသည်။ ထို့ကြောင့် ညဆယ့်တစ်နာရီတွင် သူတို့တွေထံ မြေအောက်သို့ ထမင်းထုပ် ဟင်းထုပ်တွေ သူ့ခေါင်းစားနှင့် သူ အိတ်ဖြူတွင်စာရေးပြီးထည့်ပေးရသည်။ ခဲခြင်းကြီးဖြင့် မြေအောက်သို့ ချပေးရသည်။ သို့မှသာ သူတို့တွေ အလုပ်လုပ်နိုင်မည်၊ ကျောက်မျက်ရတနာတွေ ရှာဖွေပေးနိုင်မည်။

ထို့အတူ ဝင့်စက်မောင်းဆရာများ၊ ချောဘားစက်မောင်းဆရာ၊ ခဲကြိတ်စက်မောင်းဆရာများမှသည် ကျင်းပေါ်ကျင်းအောက်လုပ်သားများ၊ ခဲရွေးမများသည်လည်း သူ့ဝန်သူ့တာလုံအောင်လုပ်ဆောင်နေကြသူတွေ ဖြစ်သည်။

ရုံးအဖွဲ့မှသာ တာဝန်ရှိသည်မဟုတ်၊ အားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ ရုံးအဖွဲ့က လုပ်သားပျက်ကွက်စာရင်း၊ ဆေးနားစာရင်းယူပြီး လစာတွက်ချက်ပေးရမည်။ ရရှိသည့်ကျောက်များစာရင်း၊ အလေးချိန်စာရင်း နေ့စဉ်သွင်းရမည်။ ကျောက်များကိုထုပ်ပိုးစီးပြီး နေ့စွဲတပ်ကာ ကျင်းဆရာများ၊ ကျင်းမှူးများ လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးစေရမည်။ လုံခြုံစွာ သိမ်းဆည်းထားရမည်။ ကျောက်မျက်ရှုံ့ အစည်းအဝေးတက်ရမည်။ ညွှန်ကြားချက်များကို လိုက်နာရမည်။ ဝန်ထမ်းအားလုံး ကျန်းမာရေး၊ စားသောက်နေထိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်။ တတ်နိုင်လျှင် လုပ်သားအားလုံး ပျော်ရွှင်ရေး၊ စိတ်ချမ်းသာရေးကိုလည်း ဆောင်ရွက်ပေးရမည်။

ခုတော့ သည်လိုမဟုတ်၊ တစ်ယောက်ပေါ်တစ်ယောက် အပြစ်ရှာချင်ကြသည်။ အပြစ်ရှာတိုင်းကောင်းသည် မဟုတ်၊ အပြစ်ကိုတွေ့လျှင် ညင်သာစွာ ပိုင်းဝန်းဖြေရှင်းခြင်းက အကောင်းဆုံးဖြစ်သည်။ လုပ်ကွက်ကြီး မှော်ကြီးအတွင်းရှိ သူအားလုံးစိတ်ချမ်းသာမှ ကျောက်ရတတ်သည်။

ကြီးကြပ်ရေးနှင့်ပြင်ပဆက်သွယ်ရေးတာဝန်ခံ ဦးဇော်ဟိန်း လုံခြုံရေးကင်းရုံထဲမှ ထွက်ခဲ့သည်။ သူက လုပ်ကွက်အတွင်း မှော်အတွင်း အားလုံးကို လှည့်ပတ်စစ်ဆေးနေရသည်။

ဦးမောင်ကိုခေါ် ဆူသော အထက်ကင်းအပေါ် မြောင်းပိတ်သည်ဆိုသည်မှာ သူ့တွင်လည်းတာဝန်ရှိသည်။ သူက ကြီးကြပ်သူ မဟုတ်လား၊ မြောင်းပိတ်နေလျှင် ကျင်းပေါ်အင်ချပ်နှင့်ညှိပြီး လုပ်သားတောင်းကာ မြောင်းကိုရှင်းရမည်၊ ဖော်ရမည်။ မြောင်းပိတ်၍မဖြစ်၊ ရေတွေလျှံတက် စိမ့်ဝင်၍ မြေပြိုလျှင်ပြဿနာ။

မနှစ်က မိုးတွင်းဇူလိုင်လတွင် မြေပြိုခဲ့ဖူးသည်။ အိမ်သာများသာမက ဂိုဒေါင်ပင် ပျက်စီးသွားသည်။ ဆန်အိတ်အလုံး

www.burmeseclassic.com



နှစ်ဆယ်ကျော်နှင့် စားသောက်ကုန်တွေ အတော်များများ ပျက်စီးဆုံးရှုံးသွားခဲ့ဖူးသည်။ ဆုံးရှုံးမှုတန်ဖိုး မနည်း။

သည်လိုအဖြစ်မျိုး နောက်ထပ်မဖြစ်စေဖို့ အရေးကြီးသည်။ လုံခြုံရေးသမားတွေမှာသာ တာဝန်ရှိသည်မဟုတ်။ အားလုံးတွင် တာဝန်ရှိသည်။ မျော်လုပ်ကွက်ကြီး မြေပြိုကျပျက်စီးလျှင် လူတွေ၏ အသက်အန္တရာယ်ပင် ဆုံးရှုံးနိုင်သည်။ မနှစ်က လူအသေအပျောက် မရှိ၍ တော်တော့သည်။ နေ့လယ်ဆယ့်တစ်နာရီ ထမင်းစားချိန်မို့ ညအချိန်ပြိုလျှင် မခက်ပါလော။

ဦးဖော်ဟိန်း အပေါ်ကင်းဆီ တက်ခဲ့သည်။ ကင်းနောက်ရှိ ရေမြောင်းကိုကြည့်သည်။ ဤရေမြောင်းကို အုတ်အင်္ဂတေများဖြင့် ကြံ့ကြံ့ခိုင်အောင် တည်ဆောက်ထားပြီးလည်း ဖြစ်သည်။

အထက်က လိမ့်ဆင်းလာမည့်ရေလုံးကြီးကို ကျောက်တုံးကြီးများဆင့် အင်္ဂတေဖြင့်မံပြီး ခုခံထားပြီးဖြစ်သည်။ ဤအချိန်က သူပင်ဦးဆောင်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မနှစ်ကကဲ့သို့ မဖြစ်ရန် မိုးမရွာမီကပင် ကြိုတင်စီမံထားခြင်းဖြစ်သည်။

ခုတော့ မိုးတစ်မိုး နှစ်မိုးသာရွာသေးသည်။ မြောင်းပိတ်ပြီတဲ့၊ သူ မြောင်းကို သေချာစွာစစ်သည်။ ပြီးတော့ ကျင်းပေါ်အင်ချုပ်ကိုစိုးဝင်းထံ လုပ်သားနှစ်ယောက်တောင်းပြီး မြောင်းကို ပြန်လည်ဖော်စေသည်။

သူက နတ်စင်အောက်ဘက်တစ်လျှောက် လိုက်လံစစ်ဆေးသည်။ မြေအက်၊ မြေနူးမှုများရှိ မရှိကြည့်သည်။ လေးနှစ်

www.burmeseclassic.com

www.burmeseclassic.com



နားဖြင့် တမံတုတ်အိတ်ဆင့်ထားသည့် အဆင့်ဆင့်သော မြေထုများကိုကြည့်သည်။ ယခင်က ယခုကဲ့သို့ စနစ်တကျမပြုလုပ်သောကြောင့် မြေပြိုခြင်းဖြစ်သည်။ ယခုအခြေအနေအရ မြေပြိုကြမည့်ဒဏ်ကို ကာကွယ်နိုင်သည့် စွမ်းရည်တွေရှိနေသည်။

သူ မိန်းကလေးဆောင်၏ အနောက်ဘက်မြောင်းကိုပတ်၍ကြည့်သည်။ မြေအက်၊ ရေစိမ့်ဝင်နိုင်သည့်လမ်းကြောင်းများ ရှာဖွေသည်။ ထိုစဉ် လုံခြုံရေးရဲဘော်လေးနှစ်ယောက် သူ့အနားရောက်လာသည်။ သူနှင့်အတူ မြေပြို၊ မြေအက်၊ ရေစိမ့်နိုင်သည့်နေရာများ ရှာဖွေသည်။ "မင်းတို့ ရေမြောင်းဖော်နေတဲ့ ကောင်လေးနှစ်ယောက်ကိုသွားပြီး ကြီးကြပ်ပေး ..."

ဦးဇော်ဟိန်းကပြောပြီး ရေချိုးကန်များအတွက် လှောင်ထားသောရေကန်နှစ်ကန်ကို စစ်သည်။ ပြီးတော့ ကျောက်ခွဲစက်ဘက်သို့ဆင်းလာကာ ခဲလောင်းထည့်နေကြသည့် အလုပ်သမားလေးများကိုကြည့်သည်။ ကျောက်ခွဲစက်ပေါ် မတ်တတ်ရပ်ပြီး ပေါက်ပြားဖြင့် ခဲတုံးများဆွဲချနေသော လုပ်သားလေးကို ဘေးမှရပ်ပြီး ဆွဲချစေသည်။

သူတို့တွေက အန္တရာယ်ကိုမမြင်၊ ခဲရွေးမလေးတွေရှေ့ နှစ်စားပြသည့်သဘော၊ အတတ်စမ်းလိုသည့်သဘော အောက်သို့ပြုတ်ကျလျှင် လည်နေသော သံဘီးကြီး၏ကြိုးခွေက အသင့်စောင့်နေသည်။ စက်ကို အလျင်အမြန်ရပ်၍မရ။ စက်ရပ်လိုက်သည်နှင့် အသက်ပျောက်သွားမည်ကို မစဉ်းစား။ ခြေချော်ပြီး ရှေ့ဖြို့ထိုးကျလိုက်လျှင်လည်း ခဲကြိတ်စက်ဝ။ ခဲတွေကိုပင် အစိတ်စိတ်ကွဲအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ဝါးနေလျှင် ခြေထောက်လောက်တော့ အရိုးအသားရှာတွေ့ လိမ့်မည်မဟုတ်။ လူငယ်တွေက ပေါ့သည်။ ကိုယ့်အန္တရာယ်ကို မကြည့်။

"မင်းတို့ စွန့်စားတာက အရေးမကြီးဘူး၊ ဖြစ်သွားရင် ကုမ္ပဏီပဲငွေကုန်မယ်၊ မင်းတို့လည်း ဘဝဆုံးမယ်၊ မင်းတို့ ရှေ့ဆက်ပြီး လူလုပ်ဖို့အများကြီးကျန်သေးတယ်၊ အတတ်မစမ်းနဲ့" ဦးဇော်ဟိန်းကိုတော့ သူတို့ကြောက်သည်။ ပြောစရာရှိ အားမနာတမ်းပြောပြီး ကူညီစရာရှိလျှင် အလုပ်သမားတွေဘက်က ရပ်တည်သူလည်း ဖြစ်သည်။ သည်တော့ ဦးဇော်ဟိန်းပြောသကဲ့သို့ ခွဲစက်ဘေးမှသာ ခဲတုံးများကို ပေါက်ပြားဖြင့်ယက်ချနေရသည်။

"သတိထားလုပ်၊ ခြေထောက်ပေါ် ခဲပြုတ်ကျရင်လည်း လွယ်တာမဟုတ်ဘူး၊ ဒီခဲတွေက အချွန်တွေ၊ အဆူးတွေနဲ့ အလေးချိန်လည်းရှိတယ်" ခဲဆွဲသူများဘက်ရောက်သွားကာ ဦးဇော်ဟိန်း ပြောဆိုရေရွတ်ရင်း မီးစက်ဘက်သို့ ပတ်ဆင်းသွားသည်။

"ဘိုးတော်က နေရာတကာ စိုးရိမ်နေတာပဲ"

ခဲဆွဲသမားတွေက နောက်ကျောမှရေရွတ်ရင်းကျန်ခဲ့သည်။ "ဟုတ်တယ်လေ၊ မင်းခြေထောက်ပေါ် ခဲတစ်လုံးကျကြည့်၊ ဘယ်လောက်ခံစားရသလဲ၊ အနာလည်း တော်တော်နဲ့ကျက်တာ မဟုတ်ဘူး။ ဒါကြောင့် ဆရာကပြောတာ"

ခဲဆွဲသမားလေး တစ်ယောက်က ဝင်ပြောလိုက်မှ အတွန့်တက်သူ ငြိမ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် စက်နှင့်အပြိုင်မနားနိုင်ကြ။ ခဲဆွဲသူ၊ ခဲလောင်းသူ၊ ခဲရွေးသူတွေ တာဝန်ကိုယ်စီနှင့် ဦးဖော်ဟိန်း ဝင့်စက်ဆရာအား ခင်ထိုင်လိုက်သည်။

"စက်နားက မခွာနဲ့၊ အောက်က အကြောင်းကြားသတင်းပို့တာ အမြဲနားစွင့်နေ၊ ကျင်းအောက်မှာက အန္တရာယ်ပိုများတယ်" ဝင့်စက်ဆရာက ဦးဖော်ဟိန်းကို ကြည့်ပြီးပြုံးသည်။

"ဆရာကလည်း မြေအောက်မှာ အန္တရာယ်များတယ်ဆိုတာ မှန်ပါတယ်၊ မြေပေါ်မှာလည်း အန္တရာယ်တွေရှိတာပဲမဟုတ်လား"

"အေးပါကွာ၊ အန္တရာယ်ဆိုတာ ဘယ်နေရာမှာမဆို ရှိတာပါပဲ၊ သတိအမြဲရှိနေဖို့တော့ လိုတာပေါ့၊ ဒါကြောင့် ငါ မကြာမကြာ ပြောနေတာ၊ အမြဲ သတိရှိပါလို့၊ ဟုတ်တယ်မဟုတ်လား၊ ပေါ့ဆလို့ မဖြစ်ဘူး၊ မင်းတို့လည်း စက်မောင်းတာ၊ ခဲခြင်းချိတ်တာ၊ ခဲခြင်း ထင်တာကအစ ပေါ့လို့မဖြစ်ဘူး၊ သတိထားလုပ်ကွ၊ ကိုယ် သတိလွတ်လိုက်တာနဲ့ ကျင်းအောက်က အလုပ်သမားတွေ ဒုက္ခကောင်းကောင်းရောက်သွားနိုင်တယ်နော်"

ဦးဖော်ဟိန်းကိုကြည့်ကာ ဝင့်စက်ဆရာ ပြုံးလိုက်လေ၏။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အောင်ထွန်းဇော်ရောက်သွားတော့ မီးဖိုချောင်ထဲတွင် ဝေမာတစ်ယောက် ချွေးတစ်လုံးလုံးဖြင့် ထင်းတုံးကြီးများကို မီးဖိုထဲ ထိုးထည့်နေလေသည်။

စားဖိုမှူး ဒေါ်နန်းကြာနှင့် ဒေါ်မာလာတို့ကတော့ အပြင် စားပွဲရှည်ကြီးတွင် ဟင်းသီးဟင်းရွက်များ ချွလှီးနေကြသည်။

"နင့်ကြည့်ရတာ ပင်ပန်းလိုက်တာ ဝေမာရာ" ဆိုတော့ ဝေမာ ပြုံးနေသည်။

"ဒီလိုပေါ့ ကိုဇော်ရယ်၊ သူ့ဆန်စား ရဲရမှာပေါ့၊ ထမင်း လေးနပ်အတွက် တစ်အိုးပြီးတစ်အိုး ပေါင်းနေရတာမလွယ်ဘူး၊ ဆန်အိတ်ကူမ ပေးမယ့်သူရှာရ၊ ဆန်ဆေးရ၊ ရေစိမ်ရ၊ ဆန်က နှစ်ခါ ပြန်ပေါင်းရတာ၊ တစ်ခါက အစိမ်းပေါင်း၊ ပေါင်းပြီး အခဲကြီးတွေ ပြန်ချေ၊ ပေါင်းအိုးထဲပြန်ထည့်၊ တစ်ဖက်က ရေနွေးအိုးကြီးဆူအောင် မီးထိုးရ၊ ဆူမှပွက်မှ အငွေ့တွေက ပေါင်းအိုးဆီ သံပိုက်ကထွက်ဆင့် ရောက်မှာ၊ ထမင်းနပ်မှ ကိုဇော်တို့ ကျောင်းသားတွေက ထမင်းမနပ်လို့ကတော့ ဆူလို့ပူလို့ ဆန္ဒပြလို့ မဆုံးတော့ဘူး၊ တစ်ခါ

www.burmeseclassic.com



ထစ်လေ ထမင်းမနပ်ဘူးဆိုပြီး ထမင်းထုပ်တွေ ကျင်းပေါ်ပြန်ပို့ကြ ဘာရှိသေးတယ်၊ ထမင်းထုပ်တွေ ကျင်းပေါ်ပြန်ပို့ပြီး ကျင်းအောက်မှာ အလုပ်သမားတွေ အလုပ်မလုပ်ကြဘူးဆိုရင် စားဖို့မှူးတွေ တောင်းကောင်းအဆူခံရတော့တာပဲ၊ နင်တို့ဘယ်လိုချက်တာလဲ၊ ပေါင်းတာလဲ စေတနာမပါရင် ထွက်ကြ၊ အသစ်ပြန်ခန့်မယ်နဲ့ ကျွန်မတို့မှာ ကိုဇော်တို့ကျင်းသားတွေကို ကြောက်နေကြရတာ၊ ကိုယ်ပေါင်းတဲ့ ထမင်းအိုးလည်း ခဏခဏ စစ်နေကြရတာ၊ လူကိုသေချင်စော်နံနေပြီ၊ ဟင်းကြတော့လည်း ဆီမပါလို့၊ ဆားမပါလို့နဲ့ အမျိုးမျိုးအပြောခံနေကြရတာ၊ ဆီ ၁၀ ပိဿာကို ၁၀ ရက်လောက်အောင်ချက်ကြရတာ၊ တစ်နေ့ထမင်းလေးနပ်ကျွေးတာ၊ လေးနပ်တို့မှ လူ ၁၅၀ ကျော်အတွက် ဆီက ၁ ပိဿာပဲ လုံလောက်အောင်ချက်ရတာ၊ တစ်ခါတစ်လေလည်း ဆီနည်းမှာပေါ့၊ ဒါကိုပဲ စားဖို့မှူးတွေကို ဆဲကြ၊ မေတ္တာပို့ကြ၊ ဟင်းမကောင်းရင် မကောင်းဘူးဆိုပြီး ငြိုငြင်ကြပြန်ရော၊ ဈေးသုံးတာက အဝယ်တော်ကသုံးတာ၊ သူဝယ်ပေးတာကို ချက်ရပြုတ်ရတာ၊ ဈေးက နှစ်ရက်မှတစ်ခါပဲသုံးတာ၊ နှစ်ရက်အတွက် ငွေငါးသောင်းချပေးတယ်တဲ့၊ တစ်ရက် နှစ်သောင်းခွဲနှုန်းနဲ့ လောက်အောင်သုံးရတာ၊ ဒီတော့ အမြဲဟင်းကဘယ်ကောင်းနိုင်ပါ့မလဲ၊ ဒါကိုပဲ စားဖို့မှူးတွေကို အပြစ်ရှာနေကြတာ၊ စိတ်ညစ်ပါတယ် ကိုဇော်ရယ်၊ အင်ချုပ်မရရင် အင်ချုပ်မပဲပြောင်းပြီး လုပ်ရှင်တော့တယ်၊ စားဖို့မှူးလုပ်ရတာ အိပ်ရေးတွေလည်း တအားပျက်တာပဲ၊ မနက် ၃ နာရီကထပြီး ချက်ရပြုတ်ရတာ၊ ညဲ ၁၁ နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောက်ကို ထမင်းထုပ်တွေ ချပြီးဝေပြီးတဲ့အထိပဲ၊ ကဲ . . . တစ်နေ့အိပ်ချိန် ဘယ်လောက်ပဲကျန်တော့လဲ၊ ကြာရင်လုံးပါးပါးပြီး သေတော့မယ်"

"ဟာ . . . မသေပါနဲ့ဦးဟာ၊ တို့တွေရဲ့ အချစ်ဗိမာန်လေး စတောင်မစကြရသေးဘူး"

"ဒါကြောင့် ငါပြောတာပေါ့၊ နင် မပေါ့ပါနဲ့လို့၊ လူဆိုတာ ပြောတာဆိုတာ လုပ်တာကိုင်တာ လေးလေးပင်ပင် ရှိရတယ်ဟ"

"အေးပါ၊ ငါလည်း လေးလေးပင်ပင် လုပ်နေပါတယ်၊ ကျောက်ခဲကြီးတွေက ဘယ်လောက်လေးလဲ၊ အဲဒီကျောက်ခဲတုံးကြီး တွေနဲ့ အလုပ်လုပ်နေရတာ၊ ခေါင်းပေါ် ကျ မသက်သာဘူးမှတ်၊ တစ်ခါတည်းကြွရော"

ဝေမာက အောင်ထွန်းဇော်ကို လှမ်းထုသည်။ အောင်ထွန်း ဇော်က ဝေမာ့လက်ကို လှမ်းဆွဲသည်။ ဒီအချိန် ဝဏ္ဏက မီးဖိုဝမှ ပြုံးဖြဖြမျက်နှာနှင့် အမိန့်ပေးနေသည်။

"ကောင်မလေးကို လွှတ်လိုက် . . ." တဲ့၊ ဝေမာက ရှက်ကိုး ရှက်ကန်းနှင့် ဝဏ္ဏကိုကြည့်သည်။

"ရှင်တို့ လူစကားတောင်းတောင်းပြောလို့မရဘူး၊ ဒီမှာ အလုပ်တွေ ပင်ပန်းရတဲ့အထဲ သူပြောလိုက်ရင် အရွှန်းအပြက်တွေနဲ့ လူပြက်လုပ်စားဖို့ပဲ တောင်းတယ်"

"ဟုတ်မှာပေါ့၊ သူက ကျောင်းဆရာစိန်မဟာနဲ့ပေါင်းနေတာ၊ စိန်မဟာက ဇာတ်ပျက်၊ အားရင် ရယ်စရာတွေချည်း ပြောနေတာ

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး၊ ကလည်း ကပြတတ်တယ်၊ အဆောင်မှာ ပျင်းနေကြရင် တောက ကပြအသုံးတော်ခံနေတာ၊ သူကတော့ လူပြက်ပေါ့”

“ဟုတ်မှာပဲ၊ စကားကောင်းကောင်း ပြောလို့ကိုမရဘူး၊ ယ်တ အမြဲမှော်ထဲမှာပဲနေမှာလား၊ မှော်ကြာပဲလုပ်နေမှာလား၊ စ်အိုးတစ်အိမ် မထူထောင်တော့ဘူးလား၊ သားနဲ့သမီးနဲ့ သီရိ တာလေး မဖန်တီးတော့ဘူးလား၊ ရှင်တို့လူက ပေါ့ပျက်ပျက်နဲ့ းတိုမရဘူး”

“ကျွန်တော့်တို့လူ မဟုတ်ပါဘူးနော်၊ ဝေမာ့လူပါ၊ ကျွန်တော် တ သူ့ကို အပေါင်းအသင်းစာရင်းက ပယ်ဖျက်ထားတာကြာပြီ၊ တောင်က ဖွန်ကြောင်၊ ဝေမာ့အကြောင်း အဆောင်မှာ နေ့တိုင်း ပြောတာ၊ ဟင်းချက်ကောင်းတဲ့အကြောင်း၊ ဝေမာဟင်းထည့်ပေးရင် ဟင်းပဲဖြစ်ဖြစ် ပိုပြီးချိုတဲ့အကြောင်း၊ စားလို့ကောင်းတဲ့အကြောင်း၊ ကြောင့် သူက စားဖို့မှူးဝေမာ့ကို ရွေးထားတဲ့အကြောင်း၊ ညဆိုရင် ာဟင်းချက်နေတဲ့ ဆီညှော်နံ့ကို အိပ်ဆောင်ထဲမှာသာ ရှူရှိုက် းနေရလို့ မနက်ဆို ခေါင်းတွေအုံ့ခဲပြီးကိုက်လို့ အလုပ်မလုပ်ချင် အကြောင်း၊ ဆေးမှူးကလည်း ခဏခဏ ဆေးခွင့်တောင်းလို့ းလက်မှတ် ထုတ်မပေးတော့တဲ့အကြောင်း . . .၊ အို . . . နေတာပဲ”

“ဟုတ်လား ကိုဇော်” ဟူသောအကြည့်ဖြင့် ဝေမာက ာင်ထွန်းဇော်ကို ကြည့်သည်။ အောင်ထွန်းဇော်က ပြုံးဖြဲဖြဲနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် အလကားချွန်နေတာ၊ ငါ ရထားနောက်ကိုတိုင်ဦးမယ
သူများလင်မယားကြား ကတုံးကတိုက် လာလာလုပ်နေတယ်လ
ဟုဆိုလိုက်သဖြင့် ဝေမာက ဖွန်းခွက်ကြီးနှင့်လိုက်ရိုက်ရာ အောင်ထွ
ဖော်ရော ဝဏ္ဏပါ စားဖိုဆောင်အတွင်းမှ ထွက်ပြေးလာရတော့သည

"မင်းတို့စားဖိုဆောင်ရဲ့ စည်းကမ်းကို ဖောက်ဖျက်သူ
ဖြစ်တယ်၊ စားဖိုဆောင်အတွင်း တာဝန်ရှိသူမှအပ မဝင်ရဆိုတ
မသိဘူးလား"

ဟု စည်းကမ်းသမား မီးစက်ဆရာ စာကလေးက ခပ်တ
တည်နှင့်ဟောက်၏။

"မသိလို့ပါဆရာ့ရယ်၊ နောင်မဝင်တော့ပါဘူး"

ဟု ဆိုကာ ဆေးခန်းဝဆီ ပြေးလာကြ၏။ ဆေးမှူး ဦးဖေ
က သူတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံး၏။

"အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရသူတွေကိုပဲ တို့
ဆေးကုပေးမှာ၊ ကမြင်းကြောထလို့ရတဲ့ ဒဏ်ရာတွေကိုတေ
ဆေးကုပေးမှာ မဟုတ်ဘူး"

ဟု ဆိုလိုက်သောအခါ ဖွန်းခွက်ကြီးကိုင်ကာ တံခါးဝတွ
ရပ်နေသော ဝေမာက ပြုံးရင်း မီးဖိုချောင်ထဲ ပြန်ဝင်သွားသည

"ထမင်းစားချိန်က လိုသေးတယ်၊ မင်းတို့က မီးဖိုချောင်
ဘာသွားလုပ်တာလဲ"

"ဟို. . ဘာဟင်းချက်လဲလို့ သွားကြည့်တာပါ၊ အဲ
စားဖိုမှူးက ဖွန်းခွက်ကြီးနဲ့လိုက်လို့ ပြေးလာရတာ"

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏကပြောရင်း ပြုံးလိုက်သည်။

"မင်းတို့က သူ့လုပ်ငန်းထဲ ဝင်ရှုပ်လို့ဖြစ်မှာပေါ့"

"မဟုတ်ပါဘူးဆရာရယ်၊ ဟင်းချက်ကောင်းတဲ့အကြောင်း၊ အိပ်မက်ထဲမှာတောင် ညှော်နံ့လေးတွေရလို့ ခေါင်းကိုက်ဝေဒနာတွေ ခံစားနေရတဲ့အကြောင်း၊ ဒါ့ကြောင့် အလုပ်မလုပ်နိုင်တော့လို့ ဆေးမှူးဆီ ဆေးခွင့်တောင်းတဲ့အခါ ဆေးနားခွင့်မပေးတဲ့အကြောင်း"

"ဟော့ကောင်တွေ၊ သွား. . သွား. . ငါ့ပါ အမှုလာမရှာနဲ့၊ ငါ့မှာကုမ္ပဏီကဆေးတွေ လုံလုံလောက်လောက် ဝယ်မပေးလို့ စိတ်ညစ်နေရတဲ့အထဲ၊ မင်းတို့ကလည်း အကြောင်းမရှိ အကြောင်းရှာ ဆေးခွင့်တွေတောင်းကြ၊ ခက်ပါတယ်၊ တစ်လဆေးဖိုး နှစ်သောင်းကုန်လို့တဲ့၊ ငါ့ကို မန်နေဂျာကခေါ်ပြီး ပြောနေတယ်၊ ငါကလည်း ဆေးဖိုးမကုန်ချင်ရင် ကုမ္ပဏီမထောင်နဲ့လို့ ခပ်ပြတ်ပြတ်ပြောပြီး ဆင်းခဲ့တယ်၊ ဟုတ်တယ်လေ အလုပ်သမားတွေ ကျန်းမာမှ အလုပ်လုပ်နိုင်မှာပေါ့၊ ကျန်းမာဖို့က ဆေးဝါးပြည့်စုံဖို့လိုတာပေါ့၊ ဆေးမရှိဘဲ ဆေးဆရာက ဘာလုပ်ရမှာလဲ"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်မှာ ညအိပ်ရင်တောင် ညှော်နံ့လေးတွေ အိပ်မက်ထဲ ဝင်ဝင်လာတော့ ရောဂါက ပိုပြီး ပြင်းပြင်းလာတယ်"

"သွား. . . သွား မင်းတို့ ရောဂါ ငါမကုနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဆေးမှူးက လက်သီးလက်မောင်းတန်းကာ မောင်းထုတ်
သဖြင့်-

"ရက်စက်ပါပေ့ ဆရာရယ်"

ဟု ဆိုကာ ဝဏ္ဏနှင့်အောင်ထွန်းဇော်တို့ ဆေးမှူးအပါး
ပြေးထွက်ခဲ့ရပြန်လေ၏။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ခေါင်းစားကျင်း ၁၁ တွင် ဝဏ္ဏနှင့် ဇာနည်လင်းတို့ ရှစ်ပေါင်တူကြီးများဖြင့် ခဲတုံးကြီးများကို ထုခွဲလျက်ရှိကြသည်။ ကျင်းဆရာမိန်မဟာနှင့် အင်ချုပ်ကိုကျော်ဆန်းတို့က ခဲတုံးကြီးများကို ထုခွဲရာမှာ ကျောက်များကပ်နေခြင်း ရှိမရှိစစ်ဆေးနေကြသည်။ ကျောက်ပါသာသည့် ခဲများကိုကား အိတ်ဖြူတစ်အိတ်ဖြင့် စုပြီးထည့်လျက် ရှိနေကြသည်။

အခြား ခေါင်းစားကျင်းအသီးသီးတွင်လည်း ခဲထည့်သူတွေ၊ ခဲဆွဲသူတွေနှင့် သူ့အလုပ် သူ့တာဝန်ကျေစွာ လုပ်နေကြသည်။ တချို့ ခေါင်းစားထိုးပြီး ခေါင်းစားဖြည့်နေကြ၏။ မိုးကြမ်းခင်း၊ အိတ်ဆင့်နေကြသူတွေလည်း ရှိနေကြသည်။

ခေါင်းစားကျင်းအသီးသီးတွင် မီးလုံးများ တပ်ဆင်ထားသည်။ မြေအောက်တွင် မီးလုံးပေါင်း ၄၀ ခန့်တပ်ဆင်ထားပါသည်။ ပြီးတော့ ပုရွက်ဆိတ်လမ်းကြောင်းနှယ် ခေါင်းအစားထိုးကျင်းများ စီတက်နေသည်။ ခေါင်းစားထိုးပြီး အုံးတိုင်စိုက်၊ မျောတိုင်ခင်းပြီး ကြမ်းခင်း၊ အိတ်ဆင့်ထားသည်မှာလည်း မနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



မှော် ၅၂၈၊ ပတ်လည်တွင်ရှိသော မှော် ၁၆၊ ၁၉၊ ၂၀
၂၅၊ ၁၇၈၊ ၄၁၊ ၂၂၂၊ ၃၂၈၊ ၃၃၈ စသော မှော်များအားလုံ
အုံးထည့်၊ တိုင်ထောက်၊ မိုးကြမ်းခင်း၊ အသားထည့် (သစ်ချောင်းများ
ပြီး ခဲအိတ်ဆင့်ထားကြသည့် ကျင်းတွေချည်းဖြစ်သည်။

အချို့ကျင်းများက မိုးကြမ်းပင်မခင်းနိုင်တော့ ဟောခန်
အရှည်ကြီး၊ အမြင့်ကြီးတွေဖြစ်ကုန်ကြပြီး၊ အချို့မြေအောက် ဂလိုဏ်
ဟောကြီးများသည် ဘောလုံးကွင်းတစ်ကွင်းစာမျှ ကျယ်ဝန်းနေပြီ
ကားကြီးများပင် မြေအောက်တွင် မောင်းနှင်သွားလာနိုင်ကြသည်
အထူးသဖြင့် မှော် ၂၉၈၊ ၂၅၃၊ ၃၂၅ သုံးနေရာနယ်စပ်တွင် ဂလိုဏ်
ကြီး ဟောကြီးဖြစ်နေသည်မှာ ကြောက်စရာကောင်းလှသည်။
အန္တရာယ်တွေဖြစ်နိုင်သည်။

ဝဏ္ဏက ခဲကပ်ပါသည့်ကျောက်များကို အိတ်ဖြူကြီးထဲ
ထည့်နေသည်။ ဇာနည်လင်းကလည်း ခဲတုံးကြီးများကို တူကြီးဖြင့်
ထုခွဲနေသည်။

"တစ်ချိန်တုန်းက တို့လို ကျင်းဆင်းလုပ်သားလေး
တစ်ယောက်ဟာ ကျင်းဆင်းအလုပ်လုပ်ရင်း ပွင့်ကောက်ကျောက်
၂ လုံးရပြီး သူဌေးကြီးဖြစ်သွားတယ်ကွဲ့"

"ဘယ်လိုကဘယ်လိုရတာလဲ"

"အဲဒါတော့မသိဘူး၊ သူရတဲ့ကျောက်ဟာ မြေခဲစေ့လောက်
ရှိတဲ့ ပွင့်ကောက်တွေ၊ ကျောက်ကိုကြည့်ရင် အသားရောင်၊ အရည်
အထိုင်ဆိုပြီး နည်းသုံးနည်းနဲ့ ကြည့်ကြတယ်ကွ၊ အသားရောင်က

www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်နေရမယ်၊ ဖန်သားရောင်၊ မှန်သားရောင်ဖြစ်နေရမယ်၊ အင်းတင်းရင်းရင်းရှိရမယ်၊ သပြေသီးမှည့်ရောင်ဆို တန်ဖိုးပိုကြီးတယ်၊ အရည်အသွေးကလည်း တောက်ပရွှန်းလဲ့နေရမယ်၊ အထိုင်ဖြတော့လည်း အောင်မြင်တဲ့မြေပဲစေ့လို အပြည့်အဝရှိရမယ်၊ အပဲ့အရွဲ့ မပါရဘူး၊ ကျောက်ရဲ့အတွင်းမှာ အူခြောက်နေရင် စိုပြည်ရင်လည်း တန်ဖိုးမရနိုင်ဘူး၊ ကျောက်ရဲ့အတွင်းပိုင်းမှာ အပ်ချောင်းလေးလို အတန်းလေးတွေ ပါနေရင်လည်း တန်ဖိုးမရနိုင်ဘူး၊ အတွင်းပိုင်းကို မာတ်မီးနဲ့ ထိုးကြည့်လိုက်လို့ အမြုပ်တွေ၊ အငွေ့သဏ္ဍာန်တွေ၊ ငါးကြင်းမြီးလို အကွက်တွေပါနေရင်လည်း ဈေးမရဘူးကွ၊ အနာအဆာတွေပါရင်လည်း ဈေးမရဘူး၊ ပြောင်ချောင်းလက်ပြီး အပြစ်ကင်းစင်နေမှ တန်ဖိုးရှိတာ”

အင်ချုပ်ကိုကျော်ဆန်းက ကျောက်အကြောင်းဆက်ပြောသည်။

“လူတွေမှာလည်း အပြစ်မကင်းသလို ကျောက်မှာလည်း အပြစ်ကင်းတဲ့ကျောက်ဆိုတာ တော်တော်ရှားတယ်ကွ၊ ကျောက်တောင်းတစ်စေ့မှာ ပယ်ချွန်းခွဲနိုင်ဖို့လည်းလိုတယ်၊ ချွန်းဆိုတာ အထိုင်ဖြစ်ပြီး ပယ်ဆိုတာ မျက်နှာပြင်ဖြစ်တယ်၊ ကျောက်တစ်လုံးမှာ ချွန်းပယ်ခွဲနိုင်ဖို့ ခက်နေရင်လည်း တန်ဖိုးမရနိုင်ဘူး”

“ထားပါတော့ဆရာ၊ ဒါဖြင့် စောစောကပြောတဲ့ ကျင်းသားတောက်ရတဲ့ ကျောက်ဟာ အပြစ်အနာအဆာကင်းတဲ့ကျောက်ပေါ့၊ အဲဒီကျောက်တွေရတော့ အခုလို အင်ချုပ်တို့ ကျင်းသားတို့ကဘာမှမပြောဘူးလား၊ အရေးမယူဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . အဲဒီတုန်းက အခုလို မတင်းကျပ်သေးဘူး။ ဖင်ကုန်းချောင်းဆိုးလုပ်ပြရတာတွေလည်း မရှိသေးဘူး၊ လုံခြုံ တွေလည်း အခုလို အထပ်ထပ် တင်းတင်းကျပ်ကျပ် မချသေးဘူး အနေချောင်သေးတယ်၊ ဒီတော့ အဲဒီကျောင်းသားပွတာပေါ့"

"ကုမ္ပဏီကလည်းမသိ၊ တခြားကျောင်းသားတွေကလည် မသိဘူးလား"

"မသိလို့ဖြစ်မှာပေါ့၊ အဲဒီအချိန်က ခုလောက် အစစ်အဆေ မရှိသေးဘူးလို့ ပြောထားတာ"

"ထားပါတော့၊ သူကျောက်ကို ဘယ်မှာရောင်းသလဲ"

အင်ချုပ်ကိုကျော်ဆန်းက ပြုံးသည်။

"အဲဒီကျောက်ရသွားတဲ့ ကျောင်းသားကပိုင်တယ်၊ သူ့ကျောက် နှစ်ပွင့်ဟာ တကယ့်သိန်းထောင်ပေါင်းများစွာတန်တဲ့ အပြစ်အနာ အဆာကင်းမဲ့တဲ့ ကျောက်တွေဖြစ်နေတာကို သူသိတယ်၊ ဒီတော့ တစ်ပွင့်ကို နိုင်ငံတော်ကိုအပ်ပြီး တန်ဖိုးဖြတ်စေတယ်၊ တစ်ပွင့်တ တော့ သူကိုယ်တိုင်အပြင်မှာ ရောင်းစားလိုက်တယ်"

"ဒါဆို အဲဒီကျောင်းသား ပွသွားမှာပေါ့၊ တစ်ခါတည်းပြန်ပြေ ရောလား"

"ဘယ်ပြေးမလဲ၊ သူက ကုမ္ပဏီတွေဆက်လောင်တယ် နိုင်ငံတော်အစိုးရဆီမှာ လုပ်ကွက်တွေလျှောက်တယ်၊ နိုင်ငံတော် ကို သိန်းထောင်ပေါင်းများစွာတန်တဲ့ ကျောက်ရောင်းထားသူဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ နိုင်ငံတော်ကလည်း ဦးစားပေးတယ်၊ ဒီလိုနဲ့ သူဟာ ပိုပြီးပိုပြီး ချမ်းသာလာတဲ့ သူဌေးကြီး လောပန်ကြီးဖြစ်သွားတယ်"

"သူက ဘယ်သူလဲ၊ ခုရှိလား"

"ရှိတယ်၊ နာမည်ထုတ်ပြောလို့တော့မကောင်းဘူး၊ ခုအချိန် သူ့အမည်ပြောလိုက်ရင် သူ့သိက္ခာချတယ်ဆိုပြီး တရားတောင် မြန်စွဲနိုင်တယ်"

"ကဲပေါ့ဗျာ၊ ဟုတ်တယ်မဟုတ်လား၊ ခု ကျွန်တော်တို့ ကျောက်မျက်ပွင့်ကောက်ရတယ်ထား၊ ကိုကျော်ဆန်းတို့ ကျင်းဆရာ စိန်မဟာတို့က သိမ်းပြီး ထုပ်ပိုးရမှာ၊ စီးရမှာမဟုတ်လား၊ ပြီးတော့ မန်နေဂျာဆီ အပ်ရမှာမဟုတ်လား"

"ဟုတ်တာပေါ့ ခုတော့ ခေါင်းစားကျင်းအသီးသီးမှာ အင်ချုပ်၊ ကျင်းဆရာကျင်းနောက်လိုက်ဆိုပြီး ဖွဲ့ထားတာ၊ ကျောက်ရမရ အင်ချုပ်က ကြည့်ရမယ်၊ စစ်ရမယ်၊ ကျင်းဆရာကျင်းနောက်လိုက်တွေက ကျောက်ကို ရှာဖွေပေးရမယ်၊ အင်ချုပ်က ကွပ်ကဲ ကြပ်မတ်သိမ်းဆည်းရမယ် မဟုတ်လား"

ဝဏ္ဏက ရှစ်ပေါင်တူကြီးဖြင့် ခဲတုံးကြီးများကို ထုခွဲလျက်ရှိသည်၊ ကျောက်တွေ့လျှင် အင်ချုပ်ထံအပ်ပြီး ကျင်းဆရာအင်ချုပ်တို့က အိတ်ဖြူထဲ ထည့်ထုပ်ရသည်။ လိမ်၍ညာ၍မရ၊ ခိုး၍ဝှက်၍မရ၊ နှိုက်ယူလာခဲ့သည်ရှိသော် ကျင်းပေါ် အမှတ် ၃ စခန်းထိပ်တွင် လုံခြုံရေးများက ရှာဖွေစစ်ဆေးလိမ့်မည်။ ဖင်ကုန်းချောင်းဆိုး လုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ကြရမည်။ ကျောက်နီးတာမိလို့ကတော့ မလွယ်၊ ဝါးခြမ်းပြားစသာ မက လက်သီးတွေ ဖနောင့်တွေက ဝင်လာလိမ့်မည်။

သေလုမြောပါးအရိုက်ခံရပြီးမှ မှော်ထဲက မောင်းထုတ်ခြင်းကို ခံရမည်။ ရိုပိုင်ခွင့်တွေ၊ လစာတွေ တစ်ပြားတစ်ချပ်မှ ခံစားရမည် မဟုတ်။

"ကဲ လေးနာရီခွဲပြီ၊ တို့တွေ ကျင်းပေါ်တက်ကြရတော့မယ်၊ ရသလောက်နဲ့ ကျောက်ထုတ်ကြရအောင်"

သူတို့တွေ တစ်နေ့တာရရှိထားသည့် ကျောက်ပါသည့် ခဲထုပ်ကြီးကို ကြိုးဖြင့် စည်းလိုက်သည်။ ပြီးတော့ ကြိုးပေါ်တွင် တိပ်ဖြင့်ပတ်ပြီး၊ တိပ်ပေါ်တွင် ဆော့ပင်ဖြင့် နေ့စွဲတပ်ကာ နေ့ဆိုင်းနှင့်ခေါင်းစားကျင်းအမှတ်များ ရေးမှတ်ပြီးနောက် ကျင်းဆရာအမည်၊ အင်ချုပ်အမည်များ ရေးကာ လက်မှတ်ထိုးကြပြီးနောက် အင်ချုပ်ချုပ်ထံ အပ်လိုက်ကြသည်။

အင်ချုပ်ချုပ်က ရရှိထားသည့် ခေါင်းစားအသီးသီးမှ ကျောက်ထုပ်များကို စုစည်းပြီး မြေပေါ်သို့ ခဲခြင်းကြီးဖြင့် ပို့ဆောင်ကာ ရုံးခန်းအတွင်းမှ မန်နေဂျာထံ အပ်လိုက်သည်။ မန်နေဂျာက အိတ်အသီးသီးအား စစ်ဆေးလက်ခံပြီး ညခြောက်နာရီခန့်တွင် ကျောက်ထုခန်း၊ ကျောက်ညှပ်ခန်းသို့ပို့ကာ ကျောက်ခဲများအား ထုစေ ညှပ်စေပြီး ရရှိလာသည့်ကျောက်များအား စုစည်းကာ အထုပ်ထုပ်၊ တိပ်ဖြင့်စီးကာ တိပ်ပေါ်တွင် ရက်စွဲ၊ ကျောက်အလေးချိန်များ မှတ်တမ်းတင်ပြီးနောက် ကျင်းဆရာနှစ်ဦးလက်မှတ်ရေးထိုး



စေကာ အင်ချုပ်ချုပ်နှင့် ကျင်းချုပ်တို့ကလည်း ထပ်မံ လက်မှတ်ရေးထိုးပြီး မန်နေဂျာထံ အပ်ကြရသည်။ မန်နေဂျာက ကျောက်သိုလှောင်ခန်းတွင် မီးခံသေတ္တာဖြင့်ထည့်ကာ သိမ်းဆည်းထားရသည်။ သုံးလပြည့်မှသာ ကျောက်အားလုံးအား အချဉ်ရေဖြင့် ဆေးကြောစိမ်စေပြီး၊ ငါးရက်ခန့် တစ်ပတ်ခန့်အကြာတွင် ရေဖြင့် ထပ်မံဆေးကြောကာ သန့်စင်သော ကျောက်များအား ထပ်မံထုပ်ပိုး ချိန်တွယ်ပြီးမှ လောပန်များက တန်ဖိုးဖြတ်ဝယ်ယူပြီး အစုဖြတ်လေ့ရှိသည်။

"ဝဏ္ဏ ပြီးပလား၊ တက်မယ်"

ဇာနည်းလင်းက လောလိုက်သည်။

ဝဏ္ဏက ရတနာထုပ်ကို အပ်ပြီး အင်ချုပ်မလေးရတနာနှင့် တွေ့ရန် ကျင်းပေါ်သို့ တက်ဖို့ပြင်သည်။

'၁၁' ခေါင်းစားမှ '၁၂'ခေါင်းစား '၇'လက်ကြားလမ်းများကို ဖြတ်ပြီး '၃' ခေါင်းစား လမ်းလေးအတိုင်း အမှတ် ၃ ကျင်းအောက်စအိုရှိလှေခါးမှ ကျင်းပေါ်သို့ တက်ခဲ့ကြသည်။ ကျင်းပေါ်ရောက်လျှင် ဖင်ကုန်းချောင်းဆိုး လုပ်ကြရဦးမည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မအင်ချပ်ချုပ် မျိုးမျိုးက မိန်းမဆောင်အတွင်း လှည့်ဝတ် စစ်ဆေးရင်း ခင်မာချို၊ ရီရီဝင်း၊ နီလာတို့အုပ်စုထံ လျှောက်လာခဲ့သည်။ ခင်မာချိုတို့က ခဲရွေးမလေးများ ဖြစ်ကြသည်။ အဝေးက လာရောက် အလုပ်လုပ်ကြသူတွေမို့ မိဘအုပ်ထိန်းသူတွေနှင့် ကင်းကွာနေကြသည်။ တောင်ပေါ်မှာက လူပေါင်းစုံ၊ ယောက်ျားလေး တချို့ကလည်း လူလည်လူရှုပ်လူပွေတွေ၊ များသောအားဖြင့် ယာမာ့နှင့်ဘိန်းဖြူတို့ကို အသုံးပြုနေကြသူတွေက များလေသည်။

တောင်ပေါ်လူ လူရိုးကို သချိုင်းကုန်းတွင်သာ ရှာ၍တွေ့နိုင်မည်။ ကြားသိရသော သတင်းများအရ ခင်မာချိုတစ်ယောက် မိန်းမရှိသူ အင်ချပ်စိုးဝင်းနှင့် ဘာလိုလိုကြားနေရသည်။ စိုးဝင်းက လူလည်၊ မှော်ကြာ။ မိန်းမပွေသူ၊ မှော် ၃၀ မှာတုန်းကလည်း ခဲရွေးမ တစ်ဦးနှင့်ယူတော့မလိုလိုဖြစ်ပြီးမှ သူ့အိမ်ကမယားကြီး လိုက်လာ၍ ကွဲသွားကြသည်ဟု သိရသည်။

ယခုလည်း အင်ချပ်စိုးဝင်းက ခင်မာချိုနှင့် ရှုပ်ချင်သည်။ ရည်းစားပင်ဖြစ်နေကြပြီဟု ကြားသည်။ လူပျိုလူလွတ်ဆို ကိစ္စမရှိ။ ခုတော့. . .





"ခင်မာချို. . . ညီမ၊ မင်းတို ငါ့ညီမလို စာနာလို့ ပြောတာနော်၊ မင်း စိုးဝင်းအကြောင်း ဘာသိပြီးပလဲ၊ ဘာတွေ စုံစမ်းထားသလဲ၊ ဘာမှမသိဘဲနဲ့တော့ စိတ်အလိုမလိုက်နဲ့ညီမ၊ တို့က မိန်းမ၊ နာဘက်ကချည်းပဲ၊ တောင်ပေါ်အချစ် ဆယ့်ငါးမိနစ်ဇာတ်လမ်း စိတ်မဝင်စားနဲ့"

ခင်မာချိုက ပြုံးသည်၊ ပြီးတော့ မျိုးမျိုးကို မကျေမနပ် ကြည့်သည်။

'အစ်မ ဘာတွေကြားထားလို့လဲ"

ဟု စောဒကတက်သည်။

"အစ်မဘာတွေကြားထားလို့လဲဟုတ်လား၊ မြင်နေရတာပဲ ခင်မာချို၊ မင်းနဲ့စိုးဝင်းနဲ့ ထမင်းစားဆောင်ထဲက စားပွဲမှာ အတူထိုင်ပြီး ထမင်းစားတာ၊ စကားပြောနေကြတာ၊ တွဲနေကြတာ လူတိုင်း မြင်နေတာပဲ"

"ဟုတ်တယ်လေ၊ ကျွန်မတို့က ရိုးရိုးသားသား ထိုင်ပြီး စကား ပြောကြတာပဲ၊ ဒါ ဆန်းလား၊ သူများတွေလည်း ခုလိုပဲ ပြောနေကြတာပဲ မဟုတ်လား"

မျိုးမျိုးက ခင်မာချိုကိုကြည့်သည်။

"တခြားလူတွေက လူလွတ်တွေ၊ ကိုစိုးဝင်းက မိန်းမနဲ့ ကလေးတွေ ရှိတယ်၊ ဒါ ညီမသိထားသင့်တယ်၊ သူက ညီမကို ထားတယ်ယူမှာလား"

ခင်မာချိုက ပြုံးသည်။ ပြီးတော့ ရယ်လိုက်သည်။

www.burmeseclassic.com



"အစုခွဲပြီးရင် သူ့လမ်းသူသွား၊ ကျွန်မလည်း ကျွန်မလမ်း ကျွန်မသွားမှာပေါ့၊ လွယ်ပါတယ်မမ"

မျိုးမျိုး ပင့်သက်ရှိုက်လိုက်သည်။

"ပြောတော့ လွယ်တယ်နော်၊ တကယ်လက်တွေ့မှာ စိုးဝင်းက ညီမကို တည်းခိုခန်းခေါ်ဘာခေါ် မလုပ်ဘူးလို့ ပြောနိုင်မလား၊ ညီမကကော မလိုက်ဘူးလို့ ပြောရဲလား၊ တောင်ပေါ်မှာ ဇာတ်လမ်းမျိုးတွေ ရှိနေပြီ၊ စိုးဝင်းက အဲဒီလိုအကွက်ကို ကြိုတွက်ထားတာ"

ခင်မာချိုက မျိုးမျိုးကို စိုက်ကြည့်သည်။

"ဒါကျွန်မရဲ့ ကိုယ်ရေးကိုယ်တာပါ မမျိုး၊ နေရာတကာ လိုက်ပြီး ချုပ်ချယ်ဖို့ မလိုပါဘူး"

မျိုးမျိုးပင့်သက်ချမိပြန်သည်။

"ဒီတောင်ပေါ်မှာ ခရွှေမဘဝက အနှိပ်ခန်းရောက်၊ အနှိပ်ခန်းက လေးလုံးတန်း၊ ဖိုးခန်းရောက်သွားသူတွေ အများကြီးရှိတယ်နော် ညီမ၊ အစ်မက စေတနာနဲ့ပြောတာပါ၊ စိုးဝင်းက အပေါ်ရုံးခန်းက ဟင်းလေးယူလာကျွေးတိုင်း သာယာမနေနဲ့၊ အစာကိုသာ မြင်ပြီး လေးမြားမမြင်ရင် ခံသွားရလိမ့်မယ်"

မျိုးမျိုးစကားကြားရတော့ ခင်မာချို အသည်းဆတ်ဆတ်ခါအောင် နာသွားသည်။

"ကျွန်မကိုယ်ကျွန်မ ထိန်းနိုင်ပါတယ် မမျိုး"

မျိုးမျိုးက ခန်းမဆောင်ကြီးအတွင်း လမ်းလျှောက်နေလိုက်သည်။ ပြောသင့်ပြောထိုက်တာတွေ အကုန်ပြောပြီးပြီ၊ မှော်ထဲမှာက



အလွှာပေါင်းစုံက မိန်းကလေးတွေ၊ တချို့ စာမတတ်၊ တချို့ မိဘမဲ့ စွန့်စားရောက်လာကြသူတွေ၊ တချို့က အားကိုးရမည့်သူကို ရှာဖွေနေကြသည်။ အားကိုးရမည့်သူဟု ထင်မိလျှင် တွယ်ကြက်ပ်ကြသည်။ သူတို့တွယ်ကပ်သူက သူတို့အား ဖျက်ဆီးပြီးပြေးလျှင် နောက်ထပ်တစ်ယောက် ထပ်ရှာသည်။ ဤသို့ဖြင့် သူတို့ဘဝတွေ နစ်၍နစ်၍ သွားကြသည်။ နောက်ဆုံးတော့ အနှိပ်ခန်းရောက်၊ (HIV) ပိုးဝင် AIDS တွေဖြစ်ကြ၊ ဘဝတွေပျက်ကြ။

"မမျိုး ပြောတဲ့အတိုင်း မှန်နေရင်တော့ မချို စဉ်းစားသင့်တာပေါ့၊ ရှေ့မဆက်သင့်ဘူး"

နီလာက ကြားကဝင်ပြောသည်။

"စိုးဝင်းက သူ့ကိုယ်သူ လူပျိုဆိုပြီး မချိုဆီ ချဉ်းကပ်တာလား"

ရီရီဝင်းကပါ မနေနိုင်မထိုင်နိုင် ဝင်ပါမိတော့သည်။

"ငါ စိတ်ညစ်တယ်ဟာ၊ နင်တို့ ဘာမှ ဝင်မပါကြပါနဲ့"

"ဟ. . . တို့က သူငယ်ချင်းတွေ၊ တစ်ယောက်နဲ့တစ်ယောက် အရေးရှိရင် ကူညီကြရမှာပေါ့၊ မမျိုးကလည်း နင့်ကို ကောင်းစေချင်လို့ ပြောတဲ့ဥစ္စာ၊ မနာလိုလို့ ပြောတာမဟုတ်ဘူး၊ နင်ဒုက္ခရောက်မှာစိုးလို့ ပြောတာ၊ အဲဒါ နင်သဘောပေါက်"

"သွားကြပါဟာ၊ ငါအေးအေးဆေးဆေး နေပါရစေ"

အင်ချုပ်ချုပ်မ မျိုးမျိုးသူတို့ထံ တစ်ဖန်ရောက်လာပြန်သည်။

"ညီမ စိတ်မဆိုးနဲ့နော်၊ အစ်မက ကောင်းစေချင်လို့ပြောတာ၊ သိသင့်တာတွေ အစ်မပြောပြီးပြီ၊ ဒီအဆောင်မှာ အစ်မကို အင်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်မ ခန့်ထားတာ၊ အစ်မက ညီမတို့ကို ညီမတွေလိုတစ်မျိုး၊ အမေလိုတစ်မျိုး၊ ကြီးကြပ်သူလိုတစ်မျိုး ဆက်ဆံနေခဲ့တယ်၊ အလုပ်ထဲမှာ အလုပ်လိုပေါ့၊ အဆောင်ရောက်တော့ ညီမတွေလို၊ အမေနေရာ ယူသင့်ယူလို့ပေါ့၊ ညီမတို့မှာ လောလောဆယ်အုပ်ထိန်းသူ ရှိကြတာ မဟုတ်ဘူး၊ အစ်မပဲ ညီမတို့တွေကို အုပ်ထိန်းနေရတာ၊ ညီမတို့ တစ်ခုခုဖြစ်သွားရင် အစ်မမှာ တာဝန်ရှိတယ်၊ အစ်မ အုပ်ချုပ်မှု ညံ့ဖျင်းလို့ဆိုတဲ့ သဘောမျိုး အရောက်မခံနိုင်ဘူး၊ တကယ်တော့ မိဘတွေတောင် ကိုယ့်သားသမီးတွေကို ဆုံးမလို့လွယ်တာ မဟုတ်ဘူးဆိုတာ အစ်မနားလည်ပါတယ်၊ လောလောဆယ် အစ်မစကားကို ညီမနားမဝင်နိုင်ဘူးဆိုတာလဲ အစ်မသဘောပေါက်ပါတယ်၊ စဉ်းစားပါညီမ၊ အစ်မက ညီမကိုချစ်လို့ပြောတာလို့ပဲ မှတ်ပါ၊ ခံယူထားပါ"

မျိုးမျိုး သူ့အခန်းဘက်လျှောက်သွားသည်၊ အိပ်ရာထဲ တွတ်ထိုးနေကြသော ရတနာနှင့် နန်းခမ်းလှိုင်တို့ကို မျက်စောင်းထိုးပြီး ကြည့်လိုက်သည်။

"မအိပ်ကြသေးဘူးလား၊ မအိပ်ချင်သေးရင် ဘုရားရှိခိုး တရားစာဖတ်၊ ပုတီးစိပ်ကြပါလား၊ ဗဟုသုတဖြစ်မယ့် စာအုပ်လေးတွေ ဖတ်နေကြပါလား။ ခုတော့ အားရင်ကက်ဆက်နားထောင်ရ တွတ်ထိုးရနဲ့ ကောင်မတွေနော်"

ရတနာနှင့် နန်းခမ်းလှိုင်က နောက်ကွယ်မှ မျိုးမျိုးကို လျှာထုတ်ပြကြသည်။ ပြီးတော့ ရယ်လိုက်ကြသည်။



သူတို့နှစ်ယောက်က ဆယ်တန်းအောင်ပြီးသူတွေ၊ ပင်လုံ တက္ကသိုလ်မတက်ခင် ပိုက်ဆံစုနေကြသူတွေဖြစ်သည်။ ဘဝရဲ့ ရည်မှန်းချက်တွေ အပြည့်ရှိနေကြသော်လည်း နုနယ်သည့်အသည်း ကိစ္စတွင်တော့ သူတို့ အလိုလိုက်မိနေကြသည်။

တကယ်တော့ ရန်နိုင်က ဒုတိယနှစ် စာပေးစာယူဖြင့် ဖြေဆိုနေသော ပြင်ပကျောင်းသား၊ ဝဏ္ဏကတော့ ခုထိ ဆယ်တန်း မအောင်၊ ပြင်ပမှ ထပ်ဖြေဦးမည်ဟုဆိုသည်။ လူက တော်ချင် သော်လည်း အပျင်းထူသည်၊ မနှစ်ကစာမေးပွဲကျပြီး မိုင်းရှူးသို့ ပြေးလာကာ ကျင်းဆင်းနေခြင်းဖြစ်၏။ ပိုက်ဆံတော့ စုသည်။ သူဌေးဖြစ်မှ အိမ်ပြန်မည်ဟုဆိုသည်။ အစုသုံးလေးခါဖြတ်ပြီးပြီ။ အင်းဝဘဏ်တွင် ငါးသိန်းအပ်ထားပြီးပြီဟုဆိုသည်။

ပြီးခဲ့သော အပတ်အစုခွဲချိန်က နှစ်သိန်းခွဲရသည်။ သူ့မိဘ တွေထံ ငွေနှစ်သိန်းပို့ပေးလိုက်သည်ဟု သိရသည်။ စာမေးပွဲကျ၍ ရှုံး၍ အိမ်က ထွက်ပြေးလာသော်လည်း သားလိမ္မာလေးဖြစ်သည်။

ခုလည်း ရတနာနှင့် ရည်စားလိုလို ဘာလိုလို။

"နင် စာမေးပွဲဆက်ဖြေဟာ၊ တို့ပင်လုံတက္ကသိုလ်မှာ ဆုံကြတာပေါ့" ဟုဆိုသောအခါ ဝဏ္ဏပြုံးပြီး –

"အေး . . . နင်သွားနှင့်၊ ငါ ဗင်စီးပြီးလိုက်ခဲ့မယ်" ဟုဆိုကာ ရယ်မောနေလေသည်။

"နင်တစ်သက်လုံး ကျင်းဆင်းနေမလား၊ ကျင်းဆင်းတယ် ဆိုတာ ဘယ်လောက်အန္တရာယ်ကြီးလဲ၊ နင် သိပါတယ်၊ စာလည်း

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဖတ်တယ်၊ မိုးရွာဆင်းပြီးလည်း စာမေးပွဲဖြေ၊ ညဆိုင်းဆင်းရရင် နေ့အားတာပဲ၊ စာဖတ်ပေါ့၊ နေ့ဆိုင်းဆင်းရရင်လည်း ညအားတာပဲ၊ အလုပ်များတယ်ဆိုတာ လူပျင်းတွေပြောတာ၊ ကျောင်းမဖွင့်ခင် တို့အင်ချုပ်မ ဝင်လုပ်ပြီး ကျောင်းဖွင့်တာနဲ့သွားတော့မှာ၊ နောက်မှ ရက်စက်ပါပေ့ကွယ်တွေ ဘာတွေလုပ်မနေနဲ့၊ တို့က အဆင့်တူမှ လက်ထပ်မှာ၊ တို့လို တက္ကသိုလ်ပညာအဆင့်ရှိတဲ့သူမှ တို့က အားကိုးမှာ ...”

“အေးပါ၊ တစ်နေ့ကျ ဦးဝဏ္ဏ ပီအိတ်ချ်ဒီကြီးဖြစ်နေမှ မရတနာ ဘီအေဆိုရင် အနားလာမကပ်နဲ့”

“အောင်မာ ... အောင်မာ၊ လာ လာချေသေး၊ ခုထိ ဆယ်တန်းမအောင်သေးတဲ့ သူကများ ...”

“အောင်မလေး ... ဆယ်တန်းအောင်ဖို့ဆိုတာ တို့ကျင်း ဆင်းတာလောက် ခက်သလား၊ တို့ယမ်းခွဲပြီး ကျောက်တုံးကြီးတွေ ထိုးချရတာလောက် ခက်သလား၊ တို့ မိုးကြိမ်းခင်းရတာလောက် ခက်သလား၊ ငါ မြန်မြေပြမယ်၊ ဟုတ်ပါတယ် ကျင်းဆင်းနေရတဲ့ဘဝ ဆိုတော့ နင်တို့က ဘယ်အထင်ကြီးမလဲ၊ ကျင်းထဲကတက်လာတဲ့ အဖြစ်မြင်ရင် ပိုပြီးတောင် အထင်ကြီးမှာမဟုတ်ကြပါဘူး၊ အေးလေ ... နင်တို့က ဆယ်တန်းအောင်ပြီးသားလူတွေဆိုတော့ ပြောအား ရှိတာပေါ့၊ ပညာတတ်ကြီးတွေပေါ့ ...”

“တို့က နင့်ကို ကြိုးစားချင်စိတ်ရှိအောင် ပြောနေကြတာ၊ ရန်နိုင်ဆို ဒုတိယနှစ်ရောက်နေပြီ၊ ကျင်းလဲဆင်းတယ်၊ စာလဲ တော်တယ်၊ အဲဒီလိုမျိုး ဖြစ်စေချင်တာ”



“အေးပါ ...၊ ပြောကြပါ၊ ငါ့အိမ်မှာတုန်းကလဲ ဆယ်တန်း တောင်အောင်အောင်မဖြေနိုင်ဘူးဆိုပြီး နှိမ်ကြလို့ ငါထွက်ပြေးလာ တာ၊ လူတွေက ဆယ်တန်းအောင်မှ အထင်ကြီးမှာလား၊ လူရာသွင်း မှာလား၊ တို့လောပန်းကြီး မြန်မာစာတောင်မတတ်ဘူး၊ ဦးအားလင် ကော၊ ဦးအာနိုးရော ... ဒီရတနာမြေရဲ့သူဌေးကြီးတွေ၊ ဘာဘွဲ့ မှမရဘူး၊ ဆယ်တန်းလည်း မအောင်ကြဘူး၊ မြန်မာစာတောင် ပြောင့်အောင်မရေးတတ်ကြဘူး၊ ဒါပေမယ့် လူတွေက သူတို့ကို အထင်မကြီးကြဘူးလား၊ မလေးစားကြဘူးလား ...”

“ဒါက သူတို့အကျိုးပေးနဲ့သူတို့ပဲ၊ တို့ကတော့ အနည်းဆုံး ဆယ်တန်းအောင်ထားမှ ကြိုက်တယ်၊ ဘွဲ့ရရင် ပိုကောင်းတာပေါ့၊ ကိုရန်နိုင်ပြောသလို အမှားအမှန်ကို ပိုပြီးပိုင်းခြားဝေဖန်နိုင်တာပေါ့”

“ဟုတ်ပါပြီဗျာ ...၊ မရတနာလိုချင်တဲ့ ပညာတတ်ကြီး ဖြစ်အောင် ကျွန်တော်မျိုး ကြိုးစားပါ့မယ်၊ ကျွန်တော်မျိုးကလဲ ဆယ်တန်းမှမအောင်ရင် အိမ်မပြန်ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဆယ်တန်းအောင်မှ ခေါင်းမော့ရင်ကော့ ငွေထုပ်ပိုက်ပြီးပြန်မှာ၊ ဒါမှ ပင်လုံတက္ကသိုလ်မှာ ရတနာဆိုတဲ့ကောင်မလေးနဲ့ ...”

“ဟုတ်ပါပြီ၊ အပြောလျှော့ပြီး လက်တွေ့အကောင်အထည် ဖော်ပြပါ၊ ဟုတ်ပြီလား ...”

“စိန်လိုက် ...၊ တစ်နေ့ ဒေါက်တာဦးဝဏ္ဏ ပီအိတ်ချ်ဒီ အဖြစ် မြင်ကြရစေ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



ရတနာက တွေးရင်းပြုံးလိုက်မိသည်။ နန်းခမ်းလှိုင်က ဘာပြုံးတာလဲဟုမေးတော့ . . .

"ဩော် . . . ဝတ္ထုအကြောင်း တွေးပြီးပြုံးမိတာပါ" ဟု ဆိုလိုက်လေသည်။

◆ ◆ ◆ ◆ ◆

## အခန်း (၉)

စက်သံတွေက တချုံးချုံးနှင့် ပွက်လောရိုက်နေသည်။ မိမိမှော်အတွင်းက စက်သံတွေသာမက မိမိတို့မှော်အနီးရှိ မှော် ၁၉၊ ၂၀၊ ၂၅၊ ၁၇၈၊ ၃၃၈ စသည့် မှော်တွေထဲက စက်သံတွေကလည်း ဆူလှိုက်လှိုက်မဆုံး၊ ဤသည်ပင် မှော်တွေအားလုံး အလုပ်တွေကြီးစားလုပ်ဆောင်နေကြပါသည်ဆိုသည့် ပြယုဂ်ပင်မဟုတ်ပါလော။

ဇော်ဝမ်း၊ ဝင်းငွေ၊ ညီညွှန်း၊ မောင်ထွန်း၊ ဖိုးစောတို့တစ်တွေက ချောဘားပုံးကြီးထဲသို့ ခဲဖတ်တွေပစ်ထည့်နေကြသည်မှာ အပြည့်အမောက်။

အမှတ် (၂) ကျင်း စဖိုတွင်လည်း နေ့စားပုတ်ပြတ်အလုပ်သမားလေးနှစ်ယောက်က မြေအောက်ခေါင်းစားကျင်းအသီးသီးမှ ခဲခြင်းကြီးထဲထည့်၍ အပေါ်စဖိုသို့ ပို့လိုက်သည်။ ခဲထုပ်များကို ခဲခြင်းကြီးအားဆွဲလှဲပြီး ခဲခြင်းကြီးထဲမှ အလျှင်အမြန်ထုတ်ကာ အောက်ရှိချောဘားပုံးထဲ ထည့်နေကြသည့် ကျင်းပေါ်လုပ်သားလေးများထံ အလျှင်အမြန်ထုတ်ပေးနေကြသည်မှာလည်း ကြည့်၍ပင်ကောင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခေါင်းစားကျင်းအသီးသီးတွင်လည်း ကျင်းဆင်း ပုတ်ပြတ်သမားများနှင့်အတူ လခစားဝန်ထမ်းလေးများ ခဲဆွဲကြ။ စအိုရှိခဲခြင်းကြီးထဲ ခဲတွေထည့်ပေး။ အပေါ်ဝင့်စက်ဆရာထံ အင်တာကွန်းဖုန်းဖြင့် "ဆွဲ" ဟုအကြောင်းကြား။ ဝင့်စက်ဆရာက ကလပ်နင်း၊ လီဗာနင်းပြီး ခဲခြင်းကြီးကို အပေါ်ဆွဲတင်။ အပေါ်စအိုဝ မှာ လုပ်သားလေးနှစ်ဦးက ခဲခြင်းကြီးကိုတွန်းလှဲ။ ခဲခြင်းနှင့် ဝင့်စက် ချိတ်ကောက်တို့ ဆက်သွယ်ထားသည့် ခဲခြင်းရှိကွင်းနှစ်ကွင်းကိုဖြုတ်။ အခြားခဲခြင်းတစ်ခြင်းရှိ ကွင်းနှစ်ကွင်းနှင့် ဝင့်စက်ရှိခဲခြင်းချိတ်ကောက် ကြီးတွင်တပ်။ ဝင့်စက်ဆရာက ခဲခြင်းကြီးကိုဆွဲတင်။ စအိုပေါက်သို့ ချပြီး ကျင်းအောက်သို့ဆွဲချသွား။ ကျင်းအောက်က လုပ်သားလေး တွေက ရောက်လာသည့်ခဲခြင်းကြီးထဲ ခဲအိတ်တွေအမြန်ထည့်။ ပြည့်တော့ ဝင့်စက်ဆရာဆီသတင်းပို့။ ဝင့်စက်ဆရာက ဆွဲတင်။ ဝင့်စက်ရှိ သံမဏိကြိုးတပ်ရစ်ဘီးကြီးက တလိမ့်လိမ့်ရစ်ပတ်။ ပြီး ခဲခြင်းကြီးကို တင်ပေး။

အပေါ်စအိုပေါက်ရောက်တော့ အလုပ်သမားလေး နှစ်ယောက်က ခဲခြင်းကြီးကိုဆွဲလှဲ။ ခဲခြင်းကွင်းကိုဖြုတ်။ ခဲခြင်းအသစ် ရှိကွင်းနှင့်ဝင့်စက်ချိတ်ကောက်တွင်တပ်ပြီး၊ ခဲခြင်းကြီးကို အောက် သို့ပြန်ပို့။ အောက်လုပ်သားတွေက ခဲခြင်းကြီးထဲ ခဲထုပ်တွေ အမြန် ထည့်ကြ။

ချောဘားပုံးထဲသို့ ထည့်နေကြသည့် လုပ်သားလေးများ ကလည်း ခဲခြင်းကြီးထဲမှ ကျလာသမျှ ခဲထုပ်များကို ချောဘားပုံး



ထဲထည့်။ ချောဘားစက်ဆရာက ချောဘားပုံးကြီးကို အပေါ်ဆွဲတင်။ ချောဘားပုံးအလွတ်တစ်ခုက အဆင်းပြေးလမ်းမှ အောက်သို့ ပြေးဆင်း။

အပေါ်ချောဘားထိပ်ရှိ လုပ်သားများက ချောဘားပုံးထဲမှ ခဲထုပ်များကိုထုတ်ပြီး ခဲကြိတ်စက်ဆီ လက်ဆင့်ကမ်းခဲဆွဲနေကြသူ လုပ်သားလေးများထံပို့။ ခဲဆွဲလုပ်သားလေးတို့က ခဲကြိတ်စက်ကြီး ဆီပို့။ ခဲကြိတ်စက်အထက်ရှိ လုပ်သားလေးများက ခဲထုပ်ရှိချည်နှောင် ထားသောကြိုးများကို ဓားဖြင့်ဖြတ်ပြီး ခဲလောင်းသူများထံပစ်ပို့။ ခဲလောင်းသူများက ခဲကြိတ်စက်ကြီးထဲ လောင်းထည့်ပေး။ လုပ်သား လေးတစ်ယောက်က ခဲတုံးကြီးများကို ပေါက်ပြားဖြင့် ခဲကြိတ်စက် ကြီးထဲဆွဲချ။

ခဲကြိတ်စက်ကြီးက တဖွတ်ဖွတ်ကြိတ်ဝါးပြီး ခဲနုတ်များကို အောက်ဆန်ခါမှ လေးလက်မရေပိုက်၊ နှစ်လက်မရေပိုက်မှ ရေများ ဖြင့်စီးမျောစေပြီး ခါစက်ဆီရောက်။

ခဲကြမ်းတစ်လက်မ၊ နှစ်လက်မအရွယ် ခဲတုံးများကတော့ သုံးပေအကျယ်အဝန်းရှိသည့် သွပ်ပြားကြီးများ၏ တစ်ဖက်စီတွင် သုံးယောက်စီတန်းပြီး ထိုင်နေကြသော ခဲရွေးမလေးများထံ ရောက်ရှိသွား။

ဤသုံးပေကျယ် သွပ်အမာစားရေတံလျှောက်ကြီးလေးခု သည် ခဲကြမ်းများ၏ ပျော်ပါးစီးမျောရာနေရာများဖြစ်၏။ ထိုခဲကြမ်း များကို ဝေါပြားကိုင်ယောက်ျားလေးများက ဝေါဖြင့်ခိုးကာ ခဲရွေး မလေးများထံပို့။

www.burmeseclassic.com

www.burmeseclassic.com



သွပ်ရေတံလျှောက်ပြားကြီးလေးခု၊ တစ်ခုလျှင် တစ်ဘက်သုံးယောက်စီထိုင်ကြပြီး သူတို့ရှေ့ရောက်လာသော ခဲများအား သံလက်ငယ်များဖြင့် မွှေနှောက်ရွေးချယ်နေကြသော ခဲရွေးမလေးများသည် ခေါင်းပင်မဖော်နိုင်။ ကျောက်ပါသည့် ခဲများတွေ့သည်နှင့် ကောက်ကာ သူတို့ရှေ့ရှိ ရေပုံးမဲကြီးတွေထဲ ထည့်ကြ၊ ခဲကြမ်းရွေးသူ ခဲရွေးမ ၂၄ ဦးအား အင်ချုပ်မ လေးဦးက စောင့်ကြည့်နေကြရသည်။

အင်ချုပ်မများနှင့်အတူ မအင်ချုပ်ချုပ် မျိုးမျိုးကလည်း လှည့်ပတ်ကြည့်နေရ၏။ သွပ်ရေတံလျှောက်ထိပ်နှင့် ရေတံလျှောက်အဆုံးတွင် ဂေါ်ပြားကိုင်ယောကျ်ားလေးများက ခဲရွေးမလေးများထဲ ဂေါ်ပြားဖြင့် ထိုးချပေးနေရ၏။

ရွေးချယ်ပြီး ဘာမျှမပါတော့သည့်ခဲများကိုကား မတ်စောက်သည့် တစ်ခုတည်းသော ရေတံလျှောက်ကြီးမှ ဂေါ်ပြားဖြင့်ထိုးချကြရသည်။ ဤသို့ ရေတံလျှောက်ကြီးမှ ကျလာသည့်ခဲများကိုကား ကားတင်ပုတ်ပြတ်သမားတွေက အောက်မှဇိတ်များဖြင့် ဆီးခံကာ ထည့်ကြပြီး ကားကြီးတစ်စီး တစ်ပေခန့်အမြင့် တစ်ထောင်ကျပ်ဖြင့် ရောင်းချကြသည်။

ခါစက်ဆီသို့ရောက်လာသည့် ခဲနုတ်များကိုကား ခါစက်ရှိ နှီးဖုံ့နှစ်ဖုံ၏အထက်တွင် ကျောက်ကျန်ခွက် ၁၂ ခွက်ရှိပါသည်။ ကျောက်ကျန်ခွက် ၁၂ ခွက်ပေါ်သို့ နှစ်လက်မပိုက်၊ လေးလက်မပိုက်များမှ ရေများနှင့်အတူ စီးဆင်းလာသော ခဲနုတ်များအား ခါစက်ကြီးက ခဲနုတ်များကိုမှုတ်ထုတ်ကာ လေးသောကျောက်မျက်များအား



ဖိုင်ယူထားပါသည်။ ခဲနုတ်များကား ကျောက်ကျန်ခွက် ၁၂ ခွက်ကိုကျော်ကာ ရှေ့ရှိသံဆန်ခါငယ်များပေါ်တွင် စုံပုံရောက်ရှိသွားပါသည်။

ဤခဲနုတ်များထဲတွင်လည်း ကျောက်များရောပါသွားလေ့ရှိတတ်ပါသည်။ ထို့ကြောင့် ခဲနုတ်ထဲမှ ကျောက်ပွင့်အား ခဲနုတ်ရွေးသမလေးများက ဂေါ်ပြားငယ်လေးများဖြင့် ယက်မွှေကာရွေးကြရပါသည်။

သူတို့တွေသည်လည်း သုံးပေမျှကျယ်ဝန်းသော ရေတံလျှောက်သံပြားရှည်ကြီး၏ တစ်ဖက်စီတွင် မျက်နှာချင်းဆိုင်သုံးယောက်စီထိုင်ကာ ခဲနုတ်များအား လုပ်သားလေးက ခါစက်မှကျလာသမျှကော်ပြီး ခဲနုတ်ရွေးသမလေးများထံ ပို့ပေးနေရပါသည်။

ခဲနုတ်ရွေးသမလေးများကလည်း သံဂေါ်ပြားငယ်များဖြင့် ခဲနုတ်များကိုမွှေနှောက်ကာ ခဲနုတ်ထဲမှ ကျောက်လေးများကို ရွေးကြရပါသည်။ ရရှိသောကျောက်များအား သူတို့ရှေ့ရှိ ပလတ်စတစ်ရေခွက်ငယ်လေးထဲ ထည့်ကြရပါသည်။

သူတို့ရွေးပြီး ကျောက်လုံးဝမတွေ့သည့် ခဲနုတ်များကိုကား ဂေါ်ပြားကိုင် မိန်းကလေးတစ်ဦးက အောက်သို့တွန်းပို့ချလိုက်ပါသည်။ ဤခဲနုတ်များကလည်း ကားကြီးတစ်စီး တစ်တောင်အမြင့် ငွေခြောက်ထောင်ရပါသည်။

ခါစက်ရှိ နှီးဖုံ့နှစ်ခုအထက်မှ ကျောက်ကျန်ခွက် ၁၂ ခွက်အနက် ပထမ၊ ဒုတိယ၊ တတိယ အရင်းပိုင်းကျသော ခွက်သုံးခွက်တွင် ကျောက်အနေများပါသည်။ ကျန်အဖျားပိုင်းခွက်များတွင်

www.burmeseclassic.com

www.burmeseclassic.com



အရင်းပိုင်းသုံးခွက်လောက် ကျောက်ကျန် မများတတ်ပါ။ ခါစက်ဖော်သူများသည် အရင်းပိုင်းသုံးခွက်ကို ပထမဆုံးဖော်လေ့ရှိပါသည်၊ ဤသုံးခွက်ကိုသာ အများဆုံးအားထားရသည်လည်း ဖြစ်ပါသည်၊

ထို့နောက် ခါစက်အောက်ရှိ ဒသမသုညဆန်ခါမှ ကျောက်မှုန့်ကျောက်နယ်များသည် တတိယဆန်ခါဆီသို့ ရောက်ရှိသွားပါသည်၊ ဤဆန်ခါအရောက်တွင်တော့ ကျောက်သေးသေးလေးများသာ ရတတ်ပါသည်၊

စီးဆင်းသွားသော နုန်းမျှော်ရည်များတွင် တင်ကျန်ရစ်သော မြေများအား ဂေါ်ပြားဖြင့်ကော်ကာ ဆန်ခါတွင်ထည့်ပြီး ရေစည်ပိုင်းပြတ်တွင်နှစ်၍ ဆန်ခါဝိုက်ကြရပါသည်၊ ပြီးတော့ ဆန်ခါမှောက်လိုက်ရပါသည်၊ ဤဆန်ခါမှောက်ရာမှ ရရှိသည့် ကျောက်သေးလေးများအား ကျောက်ကောက်သူမိန်းကလေးတစ်ဦးက ဇာဂနာဖြင့်ကောက်ပြီး ရေခွက်ထဲထည့်သိမ်းရပါသည်၊ ယောကျ်ားလေးတစ်ဦးက ဂေါ်ထိုးဆန်ခါဝိုက် တာဝန်ယူထားရပါသည်၊

အဓိကနေရာကား ခါစက်ပင်ဖြစ်သည်၊ ခါစက်ပေါ်ရှိ ပထမ၊ ဒုတိယ၊ တတိယ ကျောက်ကျန်ခွက်များကို ရှင်းလင်းဖော်ထုတ်နိုင်ရန်အတွက် လေးလက်မနှင့် နှစ်လက်မရေပိုက်များမှ စီးကျလာသောရေများကို လမ်းကြောင်းလွှဲလိုက်ရပါသည်၊ ခါစက်ကိုလည်း ရပ်လိုက်ရပါတော့သည်၊ ခဲကြိတ်စက်သိမ်း၊ ခါစက်ဖော်ဆိုသည့်စကားသည် မော်ကျင်းများတွင် လူသိများသောစကားလည်း ဖြစ်ပေသည်၊



ခါစက်ဖော်ချိန်တွင် လုပ်ကွက်တာဝန်ခံလူကြီးများ၊ မန်နေဂျာကျင်းချုပ်၊ အင်ချပ်ချုပ်တွေပါ စုဝေးရောက်ရှိလာကြပြီး ဖော်ကြ၊ ဆန်ခါဝိုက်ကြ၊ ကျောက်ကောက်ကြပါသည်။

ဤအချိန်တွင်ကား သူတို့မျက်နှာရှိ မျက်လုံးတွေက စူးရှတောက်ပနေကြသည်။ မျှော်လင့်ချက်တွေနှင့်ဖြစ်သည်။ မြေအောက်ရှိ ခေါင်းစားကျင်းအသီးသီးမှ ဂန်းထိုး၊ ယမ်းခွဲ၊ တူထု၊ ခဲထည့်၊ ခဲအိတ်ဆွဲ၊ ခြင်းထဲထည့်၊ အောက်စအိုးမှ အပေါ်စအိုးသို့ ဝင့်စက်ဖြင့်တင်၊ အပေါ်စအိုးမှတစ်ဆင့် ချောဘားပုံးထဲထည့်၊ ခဲကြိတ်စက်ဆီပို့၊ ခဲကြိတ်စက်ကြီးက တဂျွတ်ဂျွတ်ဝါးကြိတ်။ ခဲကြမ်းတစ်ခြား၊ ခဲနုတ်တစ်ခြား တစ်လမ်းဆီသွားကြ။ ခဲနုတ်တွေက ခါစက်ဆီရောက်၊

ပြီးတော့ ခဲနုတ်တွေနှင့်အတူ ကျောက်မျက်ကျောက်ကောင်းတွေက ကျောက်ကျန်ခွက်ထဲတွင် စုဝေးရောက်ရှိကြ။ သည်တော့မှ တာဝန်ခံတွေက ဖော်ကြ။

ကျောက်ကောင်းတစ်ပွင့်ရရှိရေးအတွက် အဆင့်ဆင့်သော လုပ်ငန်းတွေကို ကျော်ဖြတ်လာခဲ့ရသည်မဟုတ်ပါလော။ ခဲရွှေမလေးနန်းမြင့်စိန်က ပြုံးပြီးခဲတွေကိုကြည့်သည်။ သူ့ အတွေးလေးတစ်ခုရရှိသောကြောင့် ပြုံးလိုက်မိခြင်းလည်းဖြစ်သည်။

သူ တွေးလိုက်မိသည်က ခဲတွေသည်လောက် တောင်ပုံရာပုံများသည့်ကြားမှ ပွင့်ကောက်ကဲ့သို့သော ကျောက်လေးတစ်ပွင့်ရဖို့မှာမလွယ်ပါလားဟူသော အတွေးဖြင့် ခဲများကို သံလင်ငယ်ဖြင့် မွှေရင်း တွေးလိုက်မိခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့တွေးရင်း သူ ပြုံးလိုက်မိပြန်၏။ ကျောက်လေးတစ်လုံး ရရှိပြီဆိုပါစို့။ အရည်အသွေးမီ ကျောက်ကောင်းလေးတစ်ပွင့်ဖြစ်ဖို့မှာလည်းမလွယ်။ သွေးခန္ဓာကိုယ်တွင် အနာအဆာရှိချင်ရှိမည်။ အသားရောင် ကောင်းချင်မှကောင်းမည်။ အပ်ချောင်းကဲ့သို့ အတန်းတွေရှိနေချင်ရှိနေမည်။ အမြှုပ်များ၊ အငွေ့သဏ္ဍာန်များ၊ ငါးကြင်းမြီးတွက်များ ပါရှိချင်ရှိနေမည်။ အပြစ်အနာအဆာကင်းရှင်းသည့် ကျောက်တစ်လုံးဖြစ်ဖို့မှာမလွယ်။

လူတွေမှာလည်း စင်းလုံးချောအပြစ်ကင်းသည့်လူ မရှိနိုင်။ ထို့အတူ ကျောက်များတွင်လည်း . . .။ နန်းမြင့်စိန်ကိုကြည့်ပြီး မျက်နှာချင်းဆိုင်မှ ခဲရွှေမလေးသက်သက်က လှမ်းမေးသည်။

"ဘာပြုံးနေတာလဲ . . ." ဟူ၍။

"ဩော် . . . ခဲတွေ ဗိုလောက်များတဲ့ထဲက ကျောက်ပါတဲ့ခဲကရှားသလို ကျောက်ပွင့်ရပြီဆိုရင်လဲ အပြစ်အနာအဆာကင်းတဲ့ ကျောက်ပွင့်မျိုးက ရှားပါလားဆိုပြီး ပြုံးမိတာပါ" ဆိုတော့ . . .

သက်သက်က ဝင့်စက်ဆရာ ကျော်သူအောင်ကို တွေးလိုက်မိသည်။ သူလည်း အပြစ်ကင်းမှာမဟုတ်ပါဘူးဟူ၍။ တကယ်တော့ ကျော်သူအောင်က ဆေးလိပ်မသောက်၊ ကွမ်းမစား၊ ယနေ့ခေတ် လူငယ်များထဲတွင် ရှာမှရှားသော အာဂယောကျ်ားလေး တစ်ယောက်ပင်။

◆ ◆ ◆ ◆ ◆

## အခန်း (၁၀)

သက်သက်က ကျော်သူအောင်ကို ပြုံးပြီးကြိုသည်။

"အစ်ကို ညဆိုင်းပြီးသွားပြီပေါ့နော် . . ."

"ဟုတ်တယ် သက်၊ ခု နေ့ဆိုင်းပြန်ဆင်းနေရပြီ"

သက်သက်က ကျော်သူအောင်ကို ကြည့်သည်။

"ဝင့်စက်မောင်းနေရတာဆိုတော့ အစ်ကို့အလုပ်က သက်သာပါတယ်နော်" ဟုဆိုကာ ကျော်သူအောင်လက်ထဲမှ ကိုင်လာသည့်စာအုပ်ကို ကြည့်သည်။

"ဘာစာအုပ်လဲ အစ်ကို"

"ဩော် . . . အရှင်ဆန္ဒာဓိကရဲ့ လမ်းခွဲတာဝမ်းနည်းစရာ လားပါ"

"ဘာလဲ၊ အစ်ကိုက သက်နဲ့လမ်းခွဲတော့မလို့လား"

ကျော်သူအောင် ပြုံးလိုက်သည်။

"သက်ရယ် . . .၊ ဝင့်စက်မောင်းနေရတာ အပြင်ပန်း ကြည့်လိုက်တော့ လူသက်သာသယောင်ပဲ၊ ဒါပေမယ့် စိတ်ပင်ပန်းတဲ့အလုပ် သိလား၊ ကိုယ်ဆွဲတင်လိုက်တဲ့ ခဲခြင်းကြီးပြုတ်ကျလို့



www.burmeseclassic.com

ကတော့ အောက်စအိုမှာ ခဲဆွဲနေကြတဲ့၊ ခဲထည့်နေကြတဲ့ အလုပ်သမားတွေ မသက်သာဘူး။ ခဲလုံးလေးတစ်လုံး ပေသုံးရာအမြင့်က ကျပြီးထိရင်တောင် သေနိုင်လောက်တယ်မဟုတ်လား၊ ခဲအိတ်ကြီးတွေပြုတ်ကျပိလို့ကတော့ အရိုးအသားရှာတွေ့မှာမဟုတ်ဘူး။ တစ်ခါတစ်လေ အုံးတိုင်ကြီးတွေ ခဲခြင်းထဲထည့်ပြီး မြေအောက်ချတဲ့အခါ ပိုပြီးသတိထားရသေးတယ်၊ ခဲခြင်းကြီးထဲက အုံးတိုင်ကြီးတွေ ကျွံကျတာ၊ မတော်တဆ ကျင်းပေါင်နဲ့ရိုက်ပြီး တန်းတွေကျိုးတာတွေရှိနေတာပဲ၊ အဲဒီ အုံးတိုင်ကြီးပြုတ်ကျလျှောကျလို့ ပေသုံးရာအောက်စအိုမှာ အလုပ်လုပ်နေတဲ့ လုပ်သားတွေမသိလို့ မရှောင်နိုင်ရင် ပွဲချင်းပြီးပဲ၊ ဝါးခြမ်းပြားနဲ့ ရိုက်တာတောင်နာရင် အုံးတိုင်ကြီးနဲ့ အရှိန်ပြင်းပြင်း တအားလွှဲရိုက်ခံရမယ်ဆိုရင် စဉ်းစားသာကြည့်ပေတော့၊ ကျင်းချုပ်တို့ အင်ချုပ်ချုပ်တို့ကလဲ များသောအားဖြင့် ဝင့်စက်နဲ့ဆင်းတာ၊ သူတို့ကိုလဲ ဖြည်းဖြည်းချင်း အောက်ကိုချပေးရ အထက်ကို ဆွဲတင်ပေးနေရတာ၊ တစ်ခုခုဖြစ်ရင် ဝင့်စက်ဆရာသွားပြီ၊ ဒီလောက်ဆို သက် သဘောပေါက်ပါတယ်၊ ဝင့်စက်ဆရာရဲ့တာဝန် ဘယ်လောက်ကြီးတယ်ဆိုတာကို၊ ဘယ်အလုပ်မဆို သူ့တာဝန်၊ ကိုယ့်တာဝန်ဆိုတာ ရှိပါတယ်၊ ဝင့်စက်ဆရာရဲ့တာဝန်ဟာ လူတွေရဲ့အသက်ကိုတောင် တာဝန်ယူထားရတာ၊ လုပ်ပုံလုပ်နည်း မသေချာလွဲချော်သွားတာနဲ့ အသက်အန္တရာယ်တွေ ထိခိုက်နိုင်တယ် သက်၊ ဝင့်စက်ဆရာရဲ့ ပေါ့ဆမှု၊ ချို့ယွင်းမှုတွေကြောင့် အသက်အန္တရာယ်ထိခိုက်သည်ထိ ဖြစ်ပေါ်လာရင်တော့ အိပ်ရာလိပ်တော့ပဲ



အချုပ်အနှောင်မခံရရင် ကံကောင်းတယ်ဆိုရမယ်၊ ဒါကြောင့် သက်ပြောသလို စက်ခုံပေါ်ထိုင်ပြီး ကလပ်နင်း၊ လီဗာနင်း၊ ဆိုဗာဆွဲနေတာလေးကြည့်ပြီး မင်းသားလို့မထင်လိုက်ပါနဲ့၊ ဝင့်စက်ဆရာရဲ့ ပေါ့ဆမှုတစ်ခုဟာ လူများစွာရဲ့အသက်အန္တရာယ်ကို ထိခိုက်ဆုံးရှုံးနိုင်တယ်ဆိုတာ မြဲမြဲမှတ်ထားသက်ရေ . . .”

ကျော်သူအောင်က သူ့ရေနွေးဖန်ခွက်ကြီးထဲမှ ရေနွေးကြမ်းတို မော့သောက်လိုက်သည်။

“ဒါဖြင့် . . .၊ အဲဒီ လမ်းခွဲတာဝမ်းနည်းစရာလားကကော”

“ဒါ တရားစာအုပ်ပါ၊ စာဆိုတာ ဖတ်ရတယ်သက်၊ လူ့လောကကြီးထဲကို အစ်ကိုတို့ ခဏအလည်ရောက်လာကြတာပါ၊ ရောက်လာတဲ့အခိုက်မှာ လူ့လောကအကျိုး တတ်နိုင်သလောက်သယ်ပိုးခဲ့ကြဖို့လိုတယ်၊ အစ်ကိုတို့မှာ လူ့လောကအကျိုး သယ်ပိုးဖို့ နေနေသာသာ ကိုယ့်စားဝတ်နေရေးအတွက်တောင် အလျင်မီအောင်မဖြည့်ဆည်းနိုင်ကြသေးဘူးမဟုတ်လား၊ ရုန်းကြကန်ကြဆဲမဟုတ်လား၊ သက်လဲ ရုန်းကန်နေရဆဲ၊ အစ်ကိုလဲ ရုန်းကန်နေရဆဲပါပဲ၊ ပြည့်စုံဖို့ဆိုတာ မလွယ်ဘူး၊ နှစ်ယောက်လုံး စဉ်းစားတွေးခေါ်တတ်တဲ့ ဦးနှောက်တွေရှိဖို့လိုတယ်၊ အဲဒီလို စဉ်းစားတွေးခေါ်နိုင်ဖို့အတွက် စာတွေဖတ်ဖို့လိုတာပေါ့၊ အစ်ကိုတော့ အရှင်ဆန္ဒာဓိက၊ ဆရာတော်ဦးဇောတိက၊ ဆရာကြီးဦးရွှေအောင် စတဲ့ဆရာတော်တွေ၊ ဆရာကြီးတွေရေးသားတဲ့ စာအုပ်တွေဖတ်နေသလို မှတ်နေသလို ဆရာဖေမြင့်ရဲ့ တက်ကျမ်းတွေလဲ မလွတ်တမ်းဖတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာအောင်သင်းရေးတဲ့ လူငယ်ပြုပြင်ရေးစာအုပ်တွေလဲ ဖတ်တယ်၊ ပြီးတော့ စာပေဗိမာန်ကထုတ်တဲ့ လူငယ်စာပေတွေလဲဖတ်တယ်၊ အဲဒီစာပေတွေဖတ်ခြင်းအားဖြင့် အသိဉာဏ်တွေ ဖွံ့ဖြိုးလာတယ်၊ စဉ်းစားဆင်ခြင်လာနိုင်တယ်၊ အမှားနဲ့အမှန်ကို ခွဲခြားလာနိုင်တယ်၊ ဆရာကြီးဦးသုခကလဲ ရေးခဲ့သေးတယ်မဟုတ်လား။ စာပေသုံးမျိုးရှိတယ်တဲ့၊ ကွမ်းဝါးသလို အရည်မရ အဖတ်မရစာပေမျိုး၊ ကြံလို အရည်သာစုပ်ယူရပြီး အဖတ်ကိုလွှင့်ပစ်ရတဲ့စာပေမျိုး၊ ဖာလူဒါလို အရည်ရောအဖတ်ရောစားရပြီး လူကို ခွန်အားဖြစ်စေတဲ့စာပေမျိုး ရယ်လို့၊ အဲဒါ ကိုယ်က ဖာလူဒါလိုစာပေမျိုးကို ရွေးချယ်ဖတ်တတ်ကြဖို့လိုတယ်၊ ကွမ်းဝါးသလို အရည်မရ အဖတ်မရစာပေမျိုးနဲ့ အချိန်တွေကုန်၊ အသက်တွေကြီးလာ၊ အသိဉာဏ်တွေကင်းမဲ့နဲ့ ဘဝကို ရေစုန်မျောနေကြမယ်ဆိုရင် လူ့လောကကိုရောက်လာရတဲ့ အနှစ်သာရ ဘာတစ်ခုမှ ဖြစ်လာမှာ ပြည့်စုံလာမှာမဟုတ်ဘူး"

"ဘယ်လိုလဲ ဝင့်စက်ဆရာ၊ စာအုပ်တွေဖတ်ပြီး စကားလုံးတွေက ကြီးကျယ်လှချည့်လား . . ."

ဝဏ္ဏက ရောက်မဆိုက် ကျော်သူအောင်ကို တွယ်လိုက်သည်။ ရန်နိုင်က တစ်ဘက်စားပွဲမှထလာပြီး ဝဏ္ဏကိုကြည့်သည်။

"စိန်ကောင်းကျောက်ကောင်းရောင်းတဲ့နေရာ ဆေးမှိုးသည်က တန့်လန့်ဆိုတာ မင်းလိုကောင်ကွ၊ ဝင့်စက်ဆရာက အဖိုးတန်တဲ့စကားတွေ ပြောနေတာ၊ မင်းက အပျော်ဖတ်အချစ်ဝတ္ထုတွေ၊ သိုင်းဝတ္ထုတွေ၊ ဝမ္ပီရဝတ္ထုတွေဖတ်ပြီး ဖွန်ကြောင်နေတဲ့



ကောင်ဆိုတော့ ဘာနားလည်မှာလဲ၊ ဆက်ပြောပါ ဝင့်စက်ဆရာ၊ ဒီကောင့်ကို အမိုက်အမဲလေးလို သဘောထားပြီး ဖွေမယူပါနဲ့"

"ဟုတ်ကဲ့ . . . ကျွန်တော်မျိုး သေသင့်ပါတယ်၊ ကျွန်တော်မျိုး သေသင့်ပါတယ် . . ."

ဝဏ္ဏက လက်အုပ်ချီပြီး တရုတ်သိုင်းကားထဲကဇာတ်ကောင်၏အမူအရာအတိုင်း သရုပ်ဆောင်နေရာ ရတနာကမြင်ပြီး . . .

"ဒါကြောင့် ဆယ်တန်းမအောင်နိုင်တာ၊ လူကိုက ပေါ့ပျက်ပျက်နဲ့"

ဝဏ္ဏက ရတနာကိုကြည့်သည်။ သည်တစ်ခါတော့ ဝဏ္ဏ အတော်စိတ်ဆိုးသည်။ ထမင်းစားဆောင်ထဲတွင် သူ့ကို တမင်နှိမ်လိုက်သည်ဟု ဝဏ္ဏ ယူဆသည်။ ဝဏ္ဏ ဘာမှပြန်မပြော။ ထမင်းစားဆောင်ထဲမှ ပြန်ထွက်သွားသည်။ ရန်နိုင်က ရတနာကိုကြည့်လိုက်၏။

"နင်ကလဲ သူ့အားနည်းချက်ကိုပဲ ဖိဖိတွယ်နေတာကိုး၊ သူက ဆယ်တန်းမအောင်သေးဘူးလို့ အပြောခံရတာကို သိပ်ရှက်တာ၊ သိပ်ခံပြင်းတာဟ၊ သူ့ကို ဘယ့်လိုဆဲဆဲ၊ လက်သီးနဲ့ ဘယ်လိုထိုးထိုး သူ သည်းခံတယ်၊ ဆယ်တန်းမအောင်ရကောင်းလားလို့ အပြောခံရတာလောက် သူ နာတာ၊ ခံပြင်းတာမရှိဘူး၊ သူ အိမ်က ထွက်ပြေးလာတာကိုက ဆယ်တန်းမအောင်ရကောင်းလားဆိုပြီး သူ့ကို ဆူကြနှိမ်ကြလို့ဟ၊ သူတို့မောင်နှမအားလုံးက ပညာတတ်တွေ၊ သူ့အစ်ကိုတစ်ယောက်က စင်ကာပူမှာ၊ နောင် . . . နင် သူ့ကို ဒီလို မပြောပါနဲ့ဟာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါက စေတနာနဲ့ပြောမိတာပါ၊ သူ့ကို ဆယ်တန်းအောင်စေ
ချင်တယ်၊ ထွန်းပေါက်စေချင်တယ်၊ မှော်ကြာ မပြစ်စေချင်ဘူး
ဒါကြောင့်ပါ . . ."

"အေး . . . နင်က စေတနာနဲ့ပြောတာ၊ ဒါပေမယ့် သူက
သူ့ကို လူပုံအလယ်မှာ နှိမ်လိုက်တယ်လို့မြင်မှာ၊ ခက်ပါတယ်ဟာ . .

ကျော်သူအောင်က သက်သက်ကိုကြည့်ပြီးပြုံးသည်။

"သက်ကော စာဖတ်တယ်မဟုတ်လား . . ."

"အစ်ကိုပေးထားတဲ့ ဆရာလယ်တွင်းသားစောချစ်ရဲ့ ဝတ္ထု
ရှည်၊ မိုးမိုး (အင်းလျား)၊ မစန္ဒာတို့ရဲ့ ဝတ္ထုတွေဖတ်နေပါတယ်"

"အားတဲ့အခါ၊ အလုပ်နားတဲ့အခါ ဖတ်ပေါ့၊ စာအုပ်ဆိုတာ
ရွေးပြီးဖတ်ကြရတာ၊ ဖာလူဒါလိုစာအုပ်မျိုးဖတ်နိုင်မှ ကိုယ့်အတွက်
လဲ အကျိုးရှိမှာ၊ ကိုယ်ရတဲ့အချိန်လေးက နည်းနည်းလေး၊ အဲ
အချိန်လေးကို အကျိုးရှိရှိသုံးပေါ့သက် . . ."

"ကိုကျော်သူအောင် . . . ကျွန်မတို့လဲ စာအုပ်ပေးငှား
ဦးလေ၊ သက်သက်ချည်း ပေးငှားနေတာပဲ၊ မျက်နှာလိုက်တယ်"

"မိသက်ဆီက ယူဖတ်ပေါ့၊ လက်ဆင့်ကမ်းများပြီး ပျောက်
နေဦးမယ်၊ တချို့က စည်းကမ်းရှိတာမဟုတ်ဘူး၊ စာအုပ်ရဲ့တန်ဖိုးလဲ
နားလည်တာမဟုတ်ဘူး၊ အဲဒီလူတွေလက် စာအုပ်ရောက်သွားရင်
ဘာမှအကျိုးရှိမှာမဟုတ်ဘူး"

"ရတနာတို့ကလဲ စာဖတ်ပါတယ်နော်၊ စာအုပ်ရဲ့တန်ဖိုးလဲ
နားလည်ပါတယ်၊ စည်းကမ်းလဲ ရှိပါတယ်၊ မပြဲမဆုတ် မပျောက်စေ
ရပါဘူး ကိုကျော်သူအောင်"



"အေးပါ၊ စည်းကမ်းရှိရှိဖတ်လို့ကတော့ ငါ ငှားဖို့ဝန်မလေး
ပါဘူး၊ စည်းကမ်းမရှိကြရင်သာ တစ်ခါငှားပြီး ရပ်လိုက်မှာ၊ ငါက
စာအုပ်ကို တန်ဖိုးထားတာ၊ ငါဖတ်တဲ့စာအုပ်တွေကလဲ ဖာလူဒါတွေ၊
ဘွမ်းဝါးသလို အရည်မရအဖတ်မရတွေ မဟုတ်ဘူး"

ထမင်းစားဆောင်ထဲတွင် လူတွေပြန်ပြည့်လာသည်။ တီဗီ
ဖွင့်လိုက်ပြီ၊ ထမင်းစားပြီးကြပြီမို့ တီဗီကြည့်အပျင်းဖြေကြတော့မည်။
ကျော်သူအောင်က နေရာမှထလိုက်သည်။

"သက် မပြန်သေးဘူးလား"

သက်သက်က သူ့ဘေးတွင်ထိုင်နေသော ထားမေကို
ကြည့်၏။

ထားမေက တီဗီကြည့်ချင်နေသေးသည်။

"ထားမေနဲ့ ခဏတီဗီကြည့်ပြီးမှ ပြန်အိပ်တော့မယ်"

"ဟုတ်ပြီ၊ သိပ်ညဥ့်မနက်စေနဲ့၊ မနက်ဖြန် အလုပ်လုပ်
ကြရမှာ"

ပြောလို့သာပြောရသည်။ တီဗီကလည်း ၈ နာရီခွဲဆိုပိတ်ပြီ၊
ည ၉ နာရီမီးမှိတ်အိပ်ကြရမည်ဖြစ်သည်။ အလုပ်က အရေးကြီး
သည်၊ မနက် ၆ နာရီဆို စက်ကလည်ပြီ၊ သည်တော့ ၅ နာရီထ၊
မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကြ၊ ပြီးတော့ ထမင်းစားဆောင်ပြေး၊
မနက်စောစောစားကြ၊ ပြီးတာနှင့် အလုပ်ဝင်၊ ညနေ ၅ နာရီမှ နားကြ
ရသည်။ နေကြရ၊ လုပ်ကြရသည့်အချိန်တိုလေးအတွင်း မိသားစု
သဖွယ် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေတတ် လုပ်တတ်ဖို့
အရေးကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့် ၃ လဆိုသည့် အစုခွဲချိန်တိုင်အောင် သံသရ
လည်နေကြသည်။ ရတနာက နေရာမှထရင်း နန်းခမ်းလှိုင်
ကြည့်သည်။

"ဝဏ္ဏ စိတ်ဆိုးသွားပြီးနော်"

သူ မျက်နှာရွှမ်းရွှမ်းလေးနှင့် ဆိုလေသည်။

"ဟုတ်တာပဲ၊ နင်ကလဲ နင်ပဲ၊ လူကြားထဲမှာ အဲသ
ပြောလိုက်တော့ သူ ဘယ်စိတ်ကောင်းပါ့မလဲ"

"အေးပါ၊ ငါ တောင်းပန်ပါ့မယ်၊ ငါက သူ့ကို ဆယ်တန်
အောင်စေချင်တဲ့စိတ်နဲ့ ပြောလိုက်မိတာပါဟာ၊ ဘယ်လိုမှ နှိမ်
ချိုးဖွဲ့ချင်တဲ့စိတ်နဲ့ ပြောခဲ့တာမဟုတ်ပါဘူး"

"အေးလေ ဖြစ်တတ်ပါတယ်၊ မနက်ဖြန်မနက်ကျ သူ့
အမဲခြောက်ဖုတ်ဆီဆမ်းလေးကျွေးပြီး တောင်းပန်လိုက်ပေါ့ဟာ
ပြေလည်သွားမှာပါ"

ရတနာနှင့် နန်းခမ်းလှိုင်တို့ အိပ်ဆောင်သို့ပြန်ခဲ့ကြသည်
ထမင်းစားဆောင်ကြီးအတွင်းမှာတော့ ခဲရွှေမလေးတွေ၊ အင်ချ
မတွေ၊ ကျောင်းသားလေးတွေ တစ်နေ့တာအမောကို ပြေဖျောက်ရင်
တရုတ်သိုင်းကားကို ငေးမောကြည့်ရှုနေကြသည်။

◆ ◆ ◆ ◆ ◆

## အခန်း (၁၀)

ကျောင်းသားတွေက မကျေနပ်ကြ။ ဆီတို့ဟူးတုံးကိုကြည့်ပြီး
ကျောင်းချုပ်က ပြုံးသည်။

"တို့အိမ်မှာတုန်းက တစ်ခါတစ်လေ ဆီနဲ့ဆားနဲ့နယ်ပြီး စားခဲ့
ရတာတွေလဲ ရှိခဲ့တာပဲ၊ ရေတိုင်းသီးစိမ်းကိုက်ပြီး ထမင်းကြမ်းနဲ့ ခဲခဲ့ရ
တာတွေလဲ ရှိတာပဲ၊ နေ့တိုင်း ဘယ်လာဟင်းကောင်းနိုင်ပါ့မလဲကွာ၊
တစ်ခါတစ်လေ ဒီလိုပေါ့ . . .၊ ဒီလိုသာ ဟင်းမကောင်းတိုင်း၊
ထမင်းထုပ်တွေ အပေါ်ပြန်ပို့ပြီး အလုပ်မလုပ်ကြဘူးဆိုရင် ဘယ်ဖြစ်
ပါ့မလဲ၊ သည်းခံကြ ငါ့ညီတို့၊ ဒီညတော့ ဖြစ်သလိုစားလိုက်ပါကွာ၊
မနက်ဖြန် ငါ ရုံးခန်းမှာတက်ရှင်းမယ်၊ စားဖိုမှူးတွေကိုလဲ ငါပြောမယ်၊
မင်းတို့ ငါ့ကို အားနာကြပါ၊ ငါလဲ မင်းတို့လိုပဲ အဲဒီတို့ဟူးတုံးနဲ့
စားရမှာပဲ၊ မင်းတို့က တို့ဟူးတုံးစားနေရပြီး ငါက ဝက်သားစားနေရင်
မင်းတို့လုပ်ချင်သလိုလုပ်ပေါ့၊ ခုတော့ မင်းတို့နဲ့ငါ အတူတူပါပဲ၊
အားကြကွာ . . .၊ ဖြစ်သလိုပေါ့"

ကျောင်းချုပ်ကိုတော့ အားနာသည်။ ကျောင်းချုပ်က သူ့
ခေါင်းဆောင်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမဟုတ်ဘူး ကျောင်းချုပ်၊ ကျွန်တော်တို့မြေအောက်မှာ ဘယ်လောက်ပင်ပင်ပန်းပန်း အသက်စွန့်လုပ်နေရတယ်ဆိုတာ ကျောင်းချုပ်သိပါတယ်၊ ဝက်သား၊ ကြက်သားချက်ကျွေးဖို့ မတောင်းဆိုပါဘူး၊ စတ်နိုင်သလောက် ငါးပိချက်လေး၊ ဟင်းသီးဟင်းရွက်ကြော်လေးတွေတော့ ချက်ကျွေးပေါ့ဗျာ၊ ခုတော့ အလွယ်လိုက်ပြီး တို့ဟူး တုံးဆီစိမ်းဆမ်း အောက်ပို့လိုက်တာမျိုးတော့ တစ်ခါနှစ်ခါပဲ ကောင်းပါတယ်"

"အစ်ကို နားလည်ပါတယ်၊ နောင်မဖြစ်စေရပါဘူးကွာ တဲ . . . စားကြ"

ကျောင်းချုပ်ပါ လုပ်သားလေးတွေနှင့်ထိုင်ကာ အတူစားသည်၊ အင်ချုပ်ချုပ်လည်း သူတို့တွေနှင့်အတူလာ၍စားသည်။ သည်တော့မှ ကျောင်းသားလေးတွေလည်း ထမင်းထုပ်တွေဖြေပြီး စားကြတော့သည်၊

"ရှေးစကားရှိတယ်၊ ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့ တို့မှော်ထဲမှာက ယောက်ျားကျောင်းဆင်း၊ မိန်းမခဲရွေးလို့ ပြင်ဆင်ရမလို ဖြစ်နေပြီ။ ကျောင်းဆင်းတယ်ဆိုတဲ့အလုပ်က အင်မတန် အသက် အန္တရာယ်များတဲ့အလုပ်ကွ၊ ကျောက်ရဖို့ဆိုတာ တို့မြေအောက် ခေါင်းစားကျင်းတွေက ရှာဖွေပေးနေတာ၊ တို့က အဓိကလူတွေ တို့ ဝန်းထိုး၊ ယမ်းခွဲ၊ တူထုပြီး အိတ်ထဲထည့်၊ ကြိုးချည်၊ ခဲဆွဲပြီး လက်ဆင့်ကမ်း၊ ခဲခြင်းကြီးထဲထည့်ပို့လိုက်မှ အပေါ်စအိုကတစ်ဆင့် ခဲကြိတ်စက်ဆီရောက်မှာ၊ ခါစက်ဆီရောက်မှ ကျောက်ကျန်ခွက်ထဲမှာ ပွင့်ကောက်ကို ရှာနိုင်၊ ဆန်ခါဝိုက်နိုင်မှာ . . . ၊ တို့မြေအောက်ဆင်း



နေကြတဲ့ လူတွေကို အလေးမထားကြရင် ကျောက်ကောင်းကောင်း ဘယ်ရ နိုင်မှာလဲ၊ ငါ လောပန်းလာရင် ပြောဦးမယ်၊ ကျောက်ကောင်း ကောင်းရချင်ရင် မြေအောက်ကကျင်းဆားတွေကို ကောင်းကောင်းကျွေးလို့ . . . " အင်ချုပ်ချုပ်က မပြောစဖူး စကားတွေ ပြောချလိုက်သည်။

"ကျွန်တော်တို့က ဟင်းကောင်းကောင်းစားချင်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့စားနိုင်လောက်တဲ့ ဟင်းတော့ချက်ကျွေးရှပေါ့ဗျာ"

"နားလည်ပါတယ် ကျောင်းဆရာ၊ ဒီတာဝန် ကျွန်တော် ယူပါ့မယ်၊ မနက်ဖြန်ညကစ ဒီလိုမဖြစ်စေရပါဘူး . . . "

ကျောင်းချုပ်က တာဝန်ခံလိုက်တော့ ကျောင်းသားလေးတွေ ပြုံးလိုက်ကြသည်။

"ခေါင်းစား "၇" က ကျောင်းဆရာ၊ ခေါင်းစားထဲ ရေစိမ့်နေသေးလား"

"စိမ့်တယ် ကျောင်းချုပ်၊ အဲဒါ ကျွန်တော် စိုးရိမ်ပြီးဖုံးစိုက်၊ ကြမ်းခင်းလုပ်နေတယ် . . . "

"ခဏနေ ကျွန်တော် လာကြည့်မယ်၊ "၆" ခေါင်းစား၊ ဝန်းထိုး၊ ယမ်းခွဲပြီးပြီနော်၊ အန္တရာယ်ကျောက်တုံးတွေရှိနေလား . . . "

"ကျွန်တော်တို့ ဖယ်ရှားရှင်းလင်းပြီးပါပြီ ကျောင်းချုပ်၊ ခု တူထု ခဲခွဲနေပါတယ်"

ကျောင်းချုပ်က ထမင်းကိုဆက်စားသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ မီးလုံးနှစ်လုံးကျွမ်းနေတယ်၊ အင်တာကွန်နဲ့မီးလုံး လှမ်းမှာပါ"

အင်ချုပ်ချုပ်က အထက်မော့ကြည့်ရင်းဆိုသည်။

သူတို့တွေ ထမင်းစားကြပြီးနောက် စီးကရက်သောက်သူက သောက်၊ ဆေးပေါ့လိပ်သောက်သူကသောက်နှင့် အနားယူလိုက်ကြသည်။ အင်ချုပ်ချုပ်က ဆေးလိပ်ပြောင်းကြီးနှင့် မှိန်းနေသည်။

"ကျောက်ကောင်းကောင်းထွက်မှ ဖြစ်မှာကွ၊ သိန်းထောင်ချီတန်တဲ့ ပွင့်ကောက်ကျောက်မျိုးရမှဖြစ်မှာ၊ ဒါမှ တို့အစုခွဲတဲ့အခါ ငွေမျက်မျက်လေးရမှာ၊ နို့မို့မလွယ်ဘူး"

ကျင်းချုပ်က ခပေါင်းစီးကရက်ဖွာရင်း နံရံကိုမှီကာ စကားဆိုသည်။

"တကယ်တော့ သူ့ပိုင်ရှင်ဆီ ကျောက်ကလာတာပါ ကျင်းချုပ်၊ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့လောပန်းလဲ ရောက်လာရော၊ ဘုန်းကြီးတွေပင့် ဆွမ်းတွေကျွေး၊ တရားတွေနာ၊ ပရိတ်တွေ ရွတ်လုပ်လိုက်တော့ မကြာဘူး ပွင့်ကောက်ကျောက်နှစ်လုံး မြေအောက်က ထွက်လာတာပဲမဟုတ်လား၊ တစ်လုံး သိန်းထောင်ချီပြီးတန်တဲ့ကျောက်တွေလေ"

"အေးကွာ၊ ဒါကြောင့် အရင်အပတ်က တို့အစုမျက်မျက်လေးရလိုက်တာ၊ အင်ချုပ်စုဆိုတော့ တစ်ယောက်လေးသိန်းခွဲစီကိုရတာ၊ ကျင်းဆရာစုတောင် သုံးသိန်းကျော်မဟုတ်လား"

"ကုသိုလ်ကံပေါ့ဗျာ၊ ပိုင်ရှင်ဆီ ကျောက်ကပြေးလာမှာပဲ မုန့်လက်ကောက်ရှောင်းတဲ့ အဘွားကြီးကျောက်ရသလိုမျိုးပေါ့ ခုန့်လက်ကောက်ရောင်းမကောင်းလို့ မြေပြင်ထိုင်အမောဖြေရင်း တုတ်နဲ့မြေကြီးကိုခြစ်လိုက်မိရာက ကျောက်က မြေပေါ်အလိုလို ပေါ်လာတာမျိုး၊ မုန့်လက်ကောက်သည်ကြီး အဲဒီကျောက်ရောင်းလိုက်တာ သိန်းခုနစ်ဆယ်ကျော်ရသတဲ့၊ ကံကို ပြောပါတယ်၊ ပိုင်ရှင်ဆိုတာကို ပြောတာပါ၊ တချို့လဲ လမ်းသွားရင်းခလုတ်တိုက်မိလို့ ခဲလှန်ကြည့်လိုက်တော့ ကျောက်ဖြစ်နေတယ်"



"အေးဗျာ . . .၊ ခုလိုမိုးတွင်းမှာ မိုးရွာပြီးတာနဲ့ အပလာရှာသူ၊ မျောတိုက်သူတွေ အများကြီးမဟုတ်လား။ MEC ချောင်းမှာ အပလာရှာရင်း သိန်းတန်ကျောက်တွေရပြီး သူဌေးဖြစ်သွားသူတွေလဲ မနည်းတော့ပါဘူး"

"ဟုတ်ပါတယ်၊ သူဌေးဖြစ်သွားကြသူတွေရှိသလို အပလာရှာရင်း MEC ချောင်း မြေပြိုခဲပိသေတဲ့သူတွေလဲ နည်းတာမှတ်လို့"

"လူတွေရဲ့ကုသိုလ်ကံလို့ပဲ ပြောရတော့မှာပဲ၊ ဒီလိုပေါ့ကွာ၊ လူ့လောကကြီးမှာ သူဌေးတွေချည်း ရှိနေကြရင်လည်း တို့လို အလုပ်သမားတွေ ဘယ်ရှိတော့မှာလဲ၊ အဲဒါဆို ဘယ်လာအလုပ်ဖြစ်တော့မှာလဲ၊ တဲ . . . ကဲ . . . တို့ကျင်းပိုင်ရှင် လောပန်းကြီးလဲ ကျောက်တွေ များများရအောင်၊ တို့လည်း အစုခွဲတန်း များများရအောင် အလုပ်ဆက်လုပ်ကြရအောင် . . ."

အင်ချုပ်ချုပ်က ဝီစီမှုတ်လိုက်သည်။ အလုပ်သမားတွေ အားလုံး ခေါင်းစားကျင်းအသီးသီးဆီ ပြန်သွားကြပြီ။ ခဲဆွဲအလုပ်သမားလေးတွေက ခဲအိတ်တွေလက်ဆင့်ကမ်းဆွဲပြီး မြေအောက်စအိုအမှတ် (၂) သို့ ပို့နေကြသည်။ စအိုဆိုသည်မှာ ခဲထုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကျလာရာအပေါက်၊ လေးပင်ကျင်းဝကို ဆိုသည်။ မြေအောက်ရှိ လေးပင်ကျင်းဝကို မြေအောက်စအို၊ မြေပေါ်ရှိလေးပင်ကျင်းဝကို မြေပေါ်စအိုဟုခေါ်ကြသည်။

လုပ်သားလေးတွေက မြေအောက်စအိုရှိ ခဲခြင်းကြီးထဲ ခဲအိတ်တွေ ထည့်နေကြသည်။ ခဲခြင်းပြည့်သည်နှင့် ဝင့်စက်ဆရာထံ အင်တာကွန်နှင့် အကြောင်းကြားလိုက်သည်။ ဝင့်စက်ဆရာက ခဲခြင်းကြီးကို အပေါ်သို့ဆွဲတင်သွားသည်။ ပြီးတော့ အပေါ်မှ ခဲခြင်းကြီးတစ်လုံး အောက်စအိုသို့ကျလာသည်။ လုပ်သားလေးတွေက ခဲခြင်းကြီးထဲ ခဲထုပ်တွေထည့်လိုက်ကြပြန်သည်။ ပြည့်သွားတော့ ဝင့်စက်ဆရာက အပေါ်ဆွဲယူသွားပြန်သည်။

ခေါင်းစားကျင်း "၁၁" မှာတော့ ဝဏ္ဏတို့အဖွဲ့။ ဝဏ္ဏက ရှစ်ပေါင်တူကြီးဖြင့် ကျောက်တုံးကြီးများကို ထုခွဲနေသည်။ နေ့ဆိုင်းမှ ညဆိုင်းသို့ပြောင်းလဲရောက်ရှိလာပြီမို့ သူတစ်ညလုံး အလုပ်တွေ လုပ်နေရသည်။ နံနက် ၅ နာရီထိုးမှ အလုပ်သိမ်းပြီး ကျင်းပေါ်တက်ရမည်။

အလုပ်လုပ်ရင်း ရတနာ့စကားကို ခံပြင်းမိသည်။ သူက ဆယ်တန်းအောင်ပြီးပြီမို့ မအောင်သေးသည့်သူကို လှောင်လိုက်ဟန်ရှိသည်။ လူများကြားတွင်

"ဒါကြောင့် ဆယ်တန်းမအောင်နိုင်တာ၊ လူကိုက ပေါ့ပျက်ပျက်နဲ့ . . ." ဆိုသည့်စကား။

ဆယ်တန်းမအောင်ခြင်းသည် သူ ပေါ့ပျက်ပျက်နေခြင်းကြောင့်ဟု ရတနာက ဆိုလိုဟန်ရှိသည်။ သူက ပျော်စေပျက်စေ



ဆိုပြီး သူငယ်ချင်းတွေရှေ့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူသည် ပေါ့ပျက်ပျက်လူစားထဲကလော။ ခပ်ကူး၊ ယာမှားရှု၊ အလွယ်လိုက်နေသူလော . . .။

သူ အံကြိတ်လိုက်သည်။ စာပြန်ဖတ်မည်။ ဆယ်တန်းစာမေးပွဲအောင်အောင်ဖြေပြလိုက်မည်။ ဝိဇ္ဇာဘွဲ့သာမက မဟာဝိဇ္ဇာဘွဲ့၊ ဒေါက်တာဘွဲ့တွေ ယူပြလိုက်မည်။ ဘာလဲ . . .။ ဆယ်တန်းအောင်မှ လူတွေက အထင်ကြီးကြမှာလား။ ဆယ်တန်းမအောင်သေးတဲ့လူကို လူလို့မထင်ကြဘူးလား။ လူရာမသွင်းကြဘူးလား။

ရန်နိုင်က ဒုတိယနှစ်။ ဝင့်စက်ဆရာကျော်သူအောင်က ကျောင်းပြီးနေပြီ။ သည်တော့ ရတနာက သူတို့တွေကို အထင်ကြီးပေမပေါ့။ ရန်နိုင်ကလည်း စာတတ်သည်။ ကျော်သူအောင်ကလည်း စာဖတ်သည်။ ဝဏ္ဏက ငကြောင် . . . တုံးလား . . .။

ဝဏ္ဏ ကျောက်တုံးကြီးများကို တူကြီးဖြင့် တအားလွှဲထုချလိုက်သည်။ ခဲတစ်စက သူ့ခြေထောက်ကိုလာမှန်သည်။ သူ့ခြေထောက်ငုံ့ကြည့်လိုက်တော့ သွေးစို့နေသည်။ ၎င်းသွေးစို့သည့် ဒဏ်ရာထက် ရတနာ၏ပြောစကားက ပိုနာသည်။

သူ့ခြေထောက်အနာကို ဂရုမစိုက်၊ ကျောက်တုံးကြီးတို့ ဆက်၍ခွဲသည်။ ဇာနည်လင်းက သူ့ခြေထောက်အနာကိုမြင်တော့ အိတ်ထဲက ပလာစတာတစ်ခုထုတ်ပြီးပေးသည်။

"ရော့ . . . ဝဏ္ဏ၊ ပရှပ်ဆီပွတ်လိုက်"

ဝဏ္ဏ ခေါင်းခါသည်။ သူ့မျက်လုံးအိမ်တွင် မျက်ရည်တွေဝေ့နေသည်။ ခြေထောက်က ခဲထိ၍နာသည့်အနာကြောင့်မဟုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သူသိသည်။ ရင်ထဲကအနာ၊ အသည်းထဲကအနာ။ ခုမှ သူ အသည်းနာရမှန်းသိသည်။ ဖာတ်လမ်းက စပင်မစရသေး။ ရတနာကို ချစ်ပါသည်ဟူသော မေတ္တာစာတစ်စောင်မှ မပေးဖြစ်သေး။ နှုတ်ကလည်း ချစ်ပါသည်ဆိုသည့်စကား မပြောဖြစ်သေး။ ပြောစရာလည်းမလို ရေးစရာလည်းမလို။

သူတို့တွေက အိမ်ထောင်ရေးဆီ ခြေလှမ်းကြမည့်သူတွေ မဟုတ်ကြသေး။ မိမိတို့ဘဝတိုးတက်လမ်းစ ရှာကြမည့်သူတွေ။ နန်းခမ်းလှိုင်တော့ မပြောတတ်၊ ရတနာကတော့ အိမ်ထောင်ရေးကို စိတ်ဝင်စားသူမဟုတ်။ မှော်ထဲ အင်ချုပ်မ လာလုပ်နေတာကိုက သူကျောင်းစရိတ်အတွက် ငွေလာရှာခြင်းဖြစ်သည်။

မိုင်းရှူးမြို့ပေါ်တွင် သူမှာ အိမ်နှင့်ယာနှင့် မိဘနှင့်ဆွေမျိုး အသိုင်းအဝိုင်းနှင့်။ သူကသာ အိမ်ပြေး။ သူ့ကို ကလေးကချေဟူ၍ မှတ်ချက်ချကောင်းချနိုင်သည်။ ဆယ်တန်းမှုမအောင်သေးသည့် တလေကချေဘဝ။

"ရော့ လိမ်းလိုက်ပါကွ၊ မင်းခြေထောက် ယောင်လာပြီ"

ဝဏ္ဏ ခေါင်းသာတွင်တွင်ခါပြီး ကျောက်တုံးကြီးများကို ရှစ်ပေါင်တူကြီးဖြင့် မနားတမ်းထုခွဲနေသည်။

ကျင်းဆရာ စိန်မဟာကတော့ မိုးကြမ်းခင်းထားသည့် အထက်ခေါင်ကို မော်ကြည့်နေသည်။ မတော်တဆဖြစ်လာနိုင်သည့် အန္တရာယ်ကိုရှာဖွေနေကြောင်း အင်ချုပ်ကိုကျော်ဆန်းက သိနေသည်။

◆ ◆ ◆ ◆ ◆

## အခန်း (၁၂)

ကြီးကြပ်ရေးမှူး ဦးဇော်ဟိန်း၏အခန်းသို့ ဝဏ္ဏ ရောက်သွား၏။ ဦးဇော်ဟိန်းက မဂ္ဂဇင်းတစ်အုပ် ဖတ်နေခိုက်ဖြစ်သည်။

"ဆရာကြီးကို ကျွန်တော် မသိတာလေးတွေ မေးချင်လို့ပါ"

"ဘာတွေမေးချင်လို့လဲ၊ မေးလေ . . ."

"ဒီလိုပါ ဆရာ၊ ဆရာကြီးက အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ယောက်မှန်း သိထားရတော့ ကျွန်တော်ရဲ့ကျောင်းသင်ခန်းစာတွေထဲက မရှင်းတာလေးတွေ မေးကြည့်ချင်လို့ပါ"

"ရပါတယ်၊ မင်းက ညဆိုင်းကလား . . ."

"ဟုတ်တယ် ဆရာ၊ လောလောဆယ် ညဆိုင်းကျနေတယ်၊ ဒီတော့ နေ့ဘက်အားနေတာနဲ့ ဆရာ့ကိုပဲအားကိုးပြီး . . ."

ဝဏ္ဏက စာအုပ်တွေထုတ်သည်။ မရှင်းလင်းသည်များကို မေးသည်။ ဦးဇော်ဟိန်းက ရှင်းပြသည်။ အတန်ကြာတော့ ဦးဇော်ဟိန်းက ဝဏ္ဏကိုကြည့်သည်။

"သားက ဆယ်တန်းမအောင်သေးဘဲ ဘာဖြစ်လို့ အလုပ်လာလုပ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းမအောင်တော့ အိမ်ကဆူတယ်ဆရာ၊ ဒါနဲ့ ကျွန်တော် အိမ်ကထွက်ပြေးလာတာ၊ ဒီရောက်တော့ ဆယ်တန်းအောင်ထားတဲ့လူတချို့က ကျွန်တော့်ကို နှိမ်တယ်၊ ဒါ့ကြောင့် မခံချင်တာနဲ့ ကျွန်တော် ဆယ်တန်းပြန်ဖြေမလို့"

ဦးဇော်ဟိန်းက ဝဏ္ဏကိုကြည့်ပြန်သည်။

"ကောင်းပါတယ်ကွာ၊ ပညာဆိုတာ အချိန်မရွေးသင်ယူနိုင်ပါတယ်၊ နေဦး . . . ဦးသားရဲ့ဆယ်တန်းတုန်းက မှတ်စုတွေရှိတယ်၊ ဦး မိုင်းရှူးဆင်းရင် ယူလာခဲ့မယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်က အိမ်ကစိတ်ဆိုးပြီး ထွက်လာတာဆိုတော့ စာအုပ်တွေအစုံပါမလာဘူး၊ ပုံနှိပ်စာအုပ်တချို့ပဲ လွယ်အိတ်ထဲကောက်ထည့်လာလို့ ပါလာတာ"

"ကောင်းပါတယ်၊ တစ်နှစ်လုံးလုံး အချိန်ပြည့်စာသင်ခန်းထဲမှာ သင်ယူခဲ့တာမဟုတ်လား။ ရတဲ့အချိန်လေးတွေလုပ်ပြီး ပြန်နွေးပေါ့၊ မရှင်းတာရှိရင် အားမနာနဲ့ လာမေး၊ ဟုတ်ပြီလား . . ."

"ကျေးဇူးပါပဲ ဆရာ၊ ဝင့်စက်ဆရာကျော်သူအောင်ဆီမှာလည်း မေးပါတယ်၊ သူလဲ ဘွဲ့ရပြီးသားဆိုတော့ ရှင်းပြပါတယ်၊ တချို့ကြတော့ သူ ရှင်းပြပေမယ့် ကျွန်တော် သိပ်နားမလည်တာနဲ့ ဆရာ့ဆီလာမေးတာ"

"ဟုတ်ပြီ၊ မရှင်းတာရှိရင် အားမနာနဲ့လာမေး၊ တတ်နိုင်သလောက်ရှင်းပြပေးမယ်၊ မှတ်စုစာအုပ်တွေလဲ မှာပေးမယ်၊ ကြိုးစားဖို့ကတော့ ကာယကံရှင်ရဲ့အလုပ်ပဲ"



ဝဏ္ဏ ဦးဇော်ဟိန်း အခန်းထဲက ထွက်လာတော့ အောင်ထွန်းဇော်၊ ထွန်းထွန်းနှင့် တေဇတို့က ဆီးပြီးတားသည်။

"ဘယ်လိုလဲ၊ လမြည့်လကွယ် အပြင်ပေးမထွက်တာနဲ့ ပတ်သက်ပြီး တို့ အရေးဆိုမယ်၊ မင်းတော ပါမလား"

ဝဏ္ဏက သူတို့ကိုကြည့်သည်။ သူတို့တွေအားလုံး၏မျက်လုံးတွေက စူးရှတောက်ပနေကြသည်။

"သူများမှော်တွေကြည့် . . .၊ မှော် ၁၉၊ ၂၀၊ ၂၅၊ ၁၇၈ အားလုံး အပြင်ထွက်လည်ခွင့် ရကြတယ်၊ တို့မှာတော့ သူများတွေကို အတွင်းက ငေးပဲကြည့်နေရတယ်၊ အလုပ်နားပြီး အပြင်မထွက်ရတော့ ဘာအဓိပ္ပါယ်ရှိမှာလဲ . . ."

ဝဏ္ဏ သူတို့ကိုငေးစိုက်ပြီး ကြည့်နေမိသည်။

"အပြင်ထွက်ရလို့ကော ဘာအဓိပ္ပာယ်ရှိမှာလဲ၊ တို့မှာ မုန့်ဖိုး တစ်ထောင့်ငါးရာပဲရတာ"

"ဘာပဲဖြစ်ဖြစ် သဏ္ဍမုဏိဘုရားဖူးမယ်၊ နေဝင်းထွန်းဘုရားသွားမယ်၊ သွပ်တန်းဈေး လည်မယ်၊ လူးပေါ့အထာတန်းသွားမယ်၊ လက်ဖက်ရည်ဆိုင် ထိုင်မယ်"

"ဘိန်းခန်းနဲ့ လေးလုံးတန်းသွားမယ်ဆိုတာကော မပါဘူးလား" အသံလာရာဘက်လှည့်ကြည့်လိုက်တော့ ကြိုးကြပ်ရေးမှူး ဦးဇော်ဟိန်း။

ဦးဇော်ဟိန်းကိုမြင်တော့ အောင်ထွန်းဇော်တို့အဖွဲ့တွေ တုတ်သွားကြသည်၊ ဦးခေါင်းတွေအောက်ငုံ့သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လပြည့်လကွယ်မထွက်ရဆိုတဲ့ စည်းကမ်းက မင်းတို့ကို တင်းကျပ်ချင်လို့၊ ချုပ်နှောင်ထားချင်လို့ ရေးဆွဲထားတာမဟုတ်ဘူး၊ ပြီးခဲ့တဲ့အပတ် အစုမခွဲခင်က တို့မှော်ကလည်း လပြည့်လကွယ်ပေးထွက်ခဲ့တာပဲ၊ အဲဒီတော့ ဘာတွေဖြစ်ကြလဲ၊ ကျောက်နိုးထားတဲ့လူက အပြင်မှာကျောက်ထွက်ရောင်းတယ်။ အဲဒီလိုရောင်းတော့ လောပန်းရဲ့ထောက်လှမ်းရေးတွေက သတင်းပို့လို့ ဖမ်းမိခဲ့ကြ၊ ပြဿနာတွေဖြစ်ကြ၊ ကျောက်မနိုးတဲ့ကောင်တွေကလဲ အရက်ဆိုင်မှာ အရက်သောက်ကြ မူးကြ၊ ပြီးတော့ လေးလုံးတန်းတို့ ဘိန်းခန်းတို့ရောက်ကုန်၊ တချို့ကျတော့လဲ ရတဲ့မုန့်ဖိုး ၁၅၀၀ ဂျင်ဝိုင်းဝင်ဖြုန်းကြ၊ နောက်ဆုံးကျတော့ ပိုက်ဆံတစ်ပြားမှမသုံးရဘဲ လုပ်ကွက်မှော်ထဲ ပြန်ရောက်လာကြရော"

အောင်ထွန်းဇော်ကော ထွန်းထွန်းပါ ငြိမ်သွားကြသည်။

"သာရေးနာရေး အပြင်ဘက်ထွက်ဖို့ရှိရင် ဦးတို့ ခွင့်ပေးနေတာပဲ၊ နာရေးအတွက်ဆိုရင် ငွေပါထုတ်ပေးလိုက်တယ်၊ တစ်သောင်း၊ နှစ်သောင်း မင်းတို့လခတွေထဲက ကြိုတင်ထုတ်ပေးနေတာပဲ မဟုတ်လား၊ အလကားလျှောက်ဖြုန်းဖို့တော့ ထုတ်မပေးနိုင်ဘူး၊ မင်းတို့ စဉ်းစားကြည့်၊ မင်းတို့ တစ်လသုံးသောင်းရကြတယ်ဟုတ်စ၊ တချို့လဲ လေးသောင်းပေါ့၊ ထား . . . ၊ အဲဒီပိုက်ဆံတွေဟာ မင်းတို့ လွယ်လွယ်ကူကူရတဲ့ ပိုက်ဆံတွေလား၊ ချွေးနဲ့သွေးနဲ့ အသက်နဲ့ရင်းပြီး ရခဲ့တဲ့ ပိုက်ဆံတွေလား၊ အဲဒီပိုက်ဆံတွေကို မင်းတို့လွယ်လွယ်လေးဖြုန်းပစ်မလား၊ မကောင်းတာတွေလုပ်ပစ်မလား စဉ်းစားပါ၊



မင်းတို့ကို လုပ်ကွက်တံခါးကြီး မှော်တံခါးကြီးဖွင့်ပေးလိုက်တာနဲ့ မင်းတို့ထင်ရာစိုင်းတော့မှာ၊ တို့တွေဟာ မင်းတို့မိဘတွေကိုယ်စား အုပ်ချုပ်စီမံနေရသူတွေ၊ မင်းတို့မမှားသင့်တာမမှားအောင်၊ မလုပ်သင့်တာမလုပ်အောင်၊ ထိန်းကြောင်းပေးနေရသူတွေဖြစ်တယ်၊ အသိဉာဏ်ရှိသူနဲ့ အသိဉာဏ်မရှိသူ၊ ကိုယ့်ကိုယ်ကို ထိန်းနိုင်သူနဲ့ မထိန်းနိုင်သူ၊ ဘုရားသွားမယ့်သူနဲ့ အရက်ဆိုင်သွားမယ့်သူ လူပေါင်းနှစ်ရာနီးပါးရှိတဲ့ ဒီလုပ်ကွက်ကြီးထဲ အစုခွဲကြည့်လိုက်၊ အရက်ဆိုင်သွားမယ့်သူတွေက ပိုများနေလိမ့်မယ်၊ ဒါကြောင့် ဦးတို့က မင်းတို့ကို အပြင်မထွက်စေတာ၊ အရေးကြီးတဲ့ ကိုယ်ရေးကိစ္စတွေနဲ့ ထွက်ချင်တဲ့သူတွေ ခွင့်ပေးနေတာပဲ"

"ဟုတ်ကဲ့ဦး၊ တစ်ခါတစ်လေတော့လဲ အပြင်ထွက်ပြီး လေကောင်းလေသန့်ရှူချင်တယ်"

ဦးဇော်ဟိန်းက ပြုံးသည်။

"ဒါက လူကြားကောင်းအောင် ပြောတဲ့စကားပါကွာ၊ ဦးလဲ တစ်နှစ်တစ်နှစ် ကျောင်းသားတစ်ထောင်ကျော် အုပ်ချုပ်လာတဲ့ ကျောင်းအုပ်တစ်ယောက်ပါ၊ နားလည်ပါတယ်၊ မင်းတို့ လုပ်ကွက်ထဲမှာ မပျင်းရအောင် တီဗီရှိတယ် စီဒီခွေတွေ ငှားပေးထားတယ်၊ ကျော်ဟိန်းကားကြည့်ချင်တယ်ဆိုလို့ ကျော်ဟိန်းခွေ သုံးလေးခွေ ငှားပေးထားတယ်၊ မင်းတို့ တဝကြီးကြည့်ကြ၊ ဂီတာတီးပြီး သီချင်းဆိုချင်ကြရင်လဲ လွတ်လွတ်လပ်လပ်ဆိုကြ၊ ခြင်းလုံးကစားချင်ကြရင်လည်း ကစားကြ၊ စာဖတ်ချင်တဲ့သူက စာဖတ်ကြပေါ့၊ ဟော ဝတ္ထုတို့

www.burmeseclassic.com

www.burmeseclassic.com



လို စာမေးပွဲဆက်ဖြေဖို့ ကြိုးစားအားထုတ်ချင်တဲ့လူတွေကလည်း အားထုတ်ကြ၊ အပြင်မှာက တို့အတွင်းမှာဆက် အနှောင့်အယှက်ပေးမှာ ပိုများ တယ်၊ မင်းတို့ အရက်လေးဝင်သွားတာနဲ့ မဟုတ်တာတွေ မှန်သမျှ အကုန်လုပ်မိကြလိမ့်မယ်၊ အေး ခဏတာပျော်ဖို့အတွက် ဘဝကြီး တစ်ခုလုံးနဲ့ လဲပစ်လိုက်ရမှာကိုစိုးလို့ မင်းတို့ကို ခုလိုပေးမထွက်တာ"

"နားလည်ပါပြီ ဦး"

"မှော်ထဲမှာက လူအမျိုးမျိုးတွေ၊ ဦးတို့လဲ လူစုံတက်စုံလိုက်ကြည့် ပြီးထိန်းမနေအားဘူး။ တချို့ကောင်တွေက လူရှုပ်တွေ၊ လူယုတ် တွေ၊ မှော်ထဲမှာရည်းစားထား၊ လမြည့်လကွယ် တည်းခိုခန်းခေါ်ပြီး အိပ်ကြ၊ ပြီးတော့ အဲဒီအကောင်တွေမှာက မိန်းမတွေနဲ့ကလေးတွေနဲ့ မိန်းမတချို့ကလည်း မှော်ထဲမှာ အမျိုးလုပ်ကြတယ်၊ ရည်းစားထား ပြီး ယောက်ျားတွေဆီက ချူစားကြတယ်၊ ပြီးတော့မှ အိမ်က ယောက်ျားတွေက ကလေးချီပြီးလိုက်လာကြ၊ ရန်ဖြစ်ကြ၊ ကွာကြ၊ ရှင်းကြ၊ ရှုပ်တယ်နော်၊ အဲဒီမှော်ထဲက ယောကျ်ား၊ မိန်းမတွေကို အုပ်ချုပ်ရတာ လွယ်တယ်မထင်နဲ့၊ မှော်ကြာတွေက သိပ်လည်တာ"

ဦးဇော်ဟိန်း စကားကို ရပ်လိုက်သည်။

"ဦးပြောတာ သဘောပေါက်ကြတယ်မဟုတ်လား။ အရေး ကြီးကိစ္စရှိရင် ဦးကိုပြော၊ အပြင်ထွက်ခွင့်ရအောင် လုပ်ငန်းတာဝန်ခံ တို့ မန်နေဂျာတို့နဲ့ ပြောပေးမယ်၊ ပျော်ဖို့ပါးဖို့ဆိုရင်တော့ ဦးဆီမလာနဲ့"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်တို့ သွားမယ်"

ဦးဇော်ဟိန်းက သူတို့ကို ပြုံးပြီးကြည့်နေလိုက်သည်။



ဝဏ္ဏကိုမြင်တော့ ရတနာက စားဖိုအတွင်းမှ ချောင်းကြည့်နေ သည်။ ဝဏ္ဏက မမြင်ချင်ယောင်ဆောင်ပြီး ထွက်ခဲ့သည်။ ကျောပြင်ကို ရန်နိုင်က မြင်ဖြစ်အောင်မြင်လိုက်သေးသည်။

"သူ့အရှိန်နဲ့သူသွားပါစေ ရတနာ၊ ဒီကောင် ဆရာကြီး ဦးဇော်ဟိန်းဆီသွားတာ၊ စာသွားမေးတာတဲ့၊ စာတွေ ပြန်ဖတ်နေ တယ်၊ သူ့ကို မတောင်းပန်နဲ့၊ ဒီအတိုင်း ဆက်ကြည့်နေ၊ ဒါမှမခံချင် စိတ်နဲ့သူစားကြိုးစားမှာ၊ စာမေးပွဲဖြေမှာ၊ မနှစ်က စာမေးပွဲပြန်ဖြေဖို့ ငါပြောတယ်၊ ဒီကောင် အရေးမစိုက်ဘူး၊ စာမကျက်ချင် စာမေးပွဲ မဖြေချင်တော့လို့ မှော်ထဲပြေးခဲ့တာတဲ့၊ ပိုက်ဆံပဲ အဓိကထားပြီးရှာ မတဲ့၊ ပိုက်ဆံရှိမှ လူရာဝင်မှာတဲ့၊ ဒီကောင် မနှစ်ကတစ်နှစ်လုံးငွေ စုခဲ့တာ၊ အင်းဝဘဏ်မှာ ငါးသိန်းအပ်ထားတယ်၊ သူ့အိမ်ကိုလည်း ပြီးခဲ့တဲ့အပတ်က ငွေနှစ်သိန်းလွှဲပို့လိုက်တယ်လို့ သိရတယ်၊ ခု ဒီကောင် စာကျက်ရမှန်းသိလာပြီ၊ ဝင့်စက်ဆရာကျော်သူ့အောင်ဆီ မှာလည်း မရှင်းတာတွေမေးလို့၊ သူ့အိပ်ခန်းမှာလဲ နှစ်ပေချောင်းကို သူ့ခေါင်းအုံးအထက်မှာ ပြောင်းပြီးချိတ်ထားလိုက်ပြီ။ ဒီကောင် တကယ့်ကို စာတွေပြန်ကျက်နေပြီ။ စာမေးပွဲအတွက် ပြင်ဆင်နေပြီ။ ဒါ အမြတ်ပဲ ရတနာ"

"ဒါပေမဲ့ သူ ကျွန်မကိုစိတ်ဆိုး စိတ်နာသွားပြီ ထင်တယ်နော်၊ ကျွန်မကလဲ လူကြားထဲ ပြောလိုက်မိတာကိုး"

"ကိစ္စမရှိပါဘူး၊ သူ့ကို နောင်မှငါရှင်းပြမယ်၊ ဒီကောင်က စိတ်ကြီးတယ်၊ ဘာမဆို မဖြစ်ဖြစ်အောင်လုပ်တယ်၊ ဇွဲလဲရှိတယ်၊ ဒီပုံစံအတိုင်းဆက်သွားရင် ဒီကောင် စာမေးပွဲအောင်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရတနာက ရန်နိုင်ကို မရွှင်ပျသည့်မျက်နှာလေးနှင့်ကြည့်နေသည်။

"ကျွန်မကို နာကြည်းသွားမှာ စိုးရိမ်တယ်"

"ဟာ နင်ကလဲ၊ အဲဒါလည်း ငါရှင်းပြလိုက်ပါ့မယ်၊ ခုတော့ မရှင်းနဲ့ဦး။ နောင်မှ နောင်မှ"

"နောင်မှဆိုတော့ ရတနာဘယ်လိုခံစားနေရမလဲ၊ သူ့ကို တစ်ဖက်သတ်မုန်းတီးသွားမှာလဲ သူ စိုးရိမ်တယ်"

နန်းခမ်းလှိုင်က ကြားဝင်၍ပြောသည်။ ရန်နိုင်ကတော့ အေးဆေးတည်ငြိမ်စွာ စဉ်းစားနေသည်။ ပြီးမှ

"အေးဟာ နောင်မှ နောင်မှပါပဲ"

ဟုဆိုကာ အိပ်ဆောင်ဘက်သို့ ထွက်သွားသည်ကို ရတနာနှင့်နန်းခမ်းလှိုင်တို့က မချင့်မရဲနှင့် ငေးကြည့်နေမိကြတော့သည်။

◆ ◆ ◆ ◆ ◆

## အခန်း (၁၃)

အမှတ် ၀ လေးပင်ကျင်းက အန္တရာယ်ရှိနေသည်၊ ကျင်းက ရွှံစောင်းလာသည်၊ မြေ၏ဖိအားတွန်းအားကြောင့် ကျင်းတစ်လျှောက် ကျဉ်းသည့်နေရာက ကျဉ်းလာသည်။ ကားတာရာကွင်းရှစ်ခွဆင့် တာ သံကြိုးလိမ်များဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် ခဲခြင်းကြီး အချို့နေရာများတွင် ထစ်နေခံနေသည်။

ကျင်းချုပ်က ဤကျင်းကြီးကို ခေတ္တပိတ်ပြီး ပြုပြင်ခိုင်းသည်။ ခေါင်းစားအလိုက် တစ်နေ့ခေါင်းစားတစ်ခု အလှည့်ကျပြုပြင်စေသည်၊ ကျင်းကြီး၏ဘေးတွင် ရိုက်ထားသော အသားသစ်ချောင်း အချို့ဆွေးနေပြီ။ ဤသစ်ချောင်းများဘေးတွင် ကပ်ရိုက်ထားသည့် ဝါးခြမ်းပြားဆွေးများကို ဖြုတ်ပြီး အသစ်ပြန်တပ်ရမည်။

ပေသုံးရာအနက်လေးပေကျင်းကြီးကို ခဲခြင်းဖြင့်ဆင်းကာ လေးနှစ်ပြားများ၊ သုံးသစ်များ၊ ဝါးခြမ်းများဖြင့် မြေများပြိုကျလာခြင်း မရှိစေရန် ပြန် လည်ပြင်ဆင်ရသည့် အလုပ်မှာမလွယ်၊ အလုပ်သိုပ်ရှင်း ခြေချော်လက်ချော်ဖြစ်သော် ပေသုံးရာနက်သည့် ကျင်းကြီး အတွင်းကျပြီး သေဖို့သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မပြင်၍မဖြစ်။ မပြင်လျှင်ပို၍ ပျက်မည်။ ပျက်အစဉ်ပြင်ခဏဆိုပေမယ့် ပြင်ရသည်မှာမလွယ်။ မြေပြင်တွင် လွတ်လွတ်လပ်လပ်လုပ်ရသည်မဟုတ်။ တွင်း၏ပေါင်တန်းနှစ်ဖက်ခွပြီး ပြုရပြင်ရသည့်အလုပ်။ တွင်းနှုတ်ခမ်းပေါင်တွင် သစ်သားတန်းထိုးပြီး ဆွေးမြေ့နေသည့် သစ်ချောင်းများဖြုတ်ထုတ်ကာ သစ်သားချောင်း အသစ်များ လဲလှယ်တပ်ဆင်ရသည့် အလုပ်။ အန္တရာယ်တော့ကြီးသည်။

"ဝဏ္ဏ ဖြစ်မလား"

စိန်မဟာက မေးလိုက်သည်။ လေးနှစ်ချောင်းကြီးကို မတ်ထောင်ကာ ကျင်းဘေးတန်းနှစ်ဖက်နင်းရင်း ဝဏ္ဏက ခေါင်းညိတ်ပြသည်။ စိန်မဟာ၏ကိုယ်တွင် အင်တာကွန်းဖုံးကိုလွယ်လျက်။ အပေါ်စအိုရှိ ဝင့်စက်ဆရာနှင့် မပြတ်စကားပြောနေရသည်။ လိုတာတွေမှာရသည်။ သူတို့ အလုပ်လုပ်နေကြသည်မှာ ပေတစ်ရာကျော်အနက်မှာ။ သူတို့အောက်တွင် ပေနှစ်ရာကျော်အနက်ရှိနေသည်။

"ဝဏ္ဏ တူပေး"

ဝဏ္ဏက တူလှမ်းပေးသည်။ စိန်မဟာက တွင်းပေါင်ကိုခွပြီး လေးနှစ်ချောင်းထဲ လေးလက်မသံချောင်းကို စိုက်ကာ တူဖြင့်ထုရိုက်နေသည်။ ဝဏ္ဏက လေးနှစ်ချောင်းကို ထိန်းပေးထားသည်။ တစ်ချောင်းရိုက်ပြီးသွားတော့ စိန်မဟာက တစ်ချောင်းထပ်တောင်းသည်။ ဝဏ္ဏက ခဲခြင်းကြီးထဲတွင်ရှိသော လေးနှစ်ချောင်းကြီးကို တွင်းနံဘေးရှိတုတ်တန်းများ နင်းရင်းမ,သည်။ တအားမ,မရဲ။ အားလွန်ပြီး ခြေလွတ်သွားလျှင် တွင်းထဲသို့ ပြုတ်ကျသွားနိုင်သည်။



"ပေးလို့ရလား ဝဏ္ဏ"

"ဆရာ အပေါ်ကလှမ်းဆွဲ၊ ကျွန်တော် ဖြည်းဖြည်း[illegible]တော် ပေးမယ်" စိန်မဟာက လေးနှစ်ချောင်းထိပ်ကို အပေါ်က ဆွဲသည်။ ဝဏ္ဏက အောက်မှ မတင်ပေးသည်။ လေးနှစ်ချောင်းကြီး ကြွတက်လာတော့ ဝဏ္ဏက ထိန်းထားပေးလိုက်သည်။

စိန်မဟာက ပါးစပ်တွင်ကိုက်ထားသော သံကိုထုတ်ယူပြီး လက်တစ်ဖက်က လေးနှစ်ချောင်းကိုင် တစ်ဖက်က တူကိုင်ပြီး ဘောင်တန်းအရှည်ရိုက်သည်။ သူတို့သည် တစ်ဆင့်ပြီးတစ်ဆင့် တွင်းကို ပြင်နေကြခြင်းဖြစ်သည်။ သူတို့ကျင်းပြင်နေသည့် နေရာတွင် မီးလုံးတစ်လုံးထွန်းလင်းလျက်ရှိသည်။

တွင်းကပြင်မှ ဖြစ်သည်။ ခဲကြိုတ်စက်ကို ခဲအတက်နည်းနေသည်။ ခဲကြိုတ်စက်ကြီး ကြိတ်ဝါး၍ မလောက်။ အမှတ် ၂ ကျင်းမှသာခဲအိတ်တွေက တက်နေရသည်။ ၁ ကျင်းက ပျက်နေသောကြောင့် မတက်နိုင်။ ကျင်းပြင်နေသည်မှာ တစ်ပတ်ခန့်ကြာပြီ။ ခုထိမပြီးသေး. . .။

သူတို့တွေ လေးနှစ်ချောင်း လေးချောင်း ခဲခြင်းထဲထည့်ပြီး တွင်းလယ်သို့ဆင်းလာကြခြင်းဖြစ်သည်။ ခုတော့ လေးနှစ်ချောင်းတွေကုန်ပြီ။ ကျင်းပေါ်တက် လေးနှစ်ချောင်းထပ်ယူရမည်။ ဝင့်စက်ဆရာအား အင်တာကွန်ဖုန်းဖြင့် သူတို့အား အပေါ်သို့တဖြည်းဖြည်းဆွဲတင်ရန် သတင်းပို့လိုက်သည်။

စိန်မဟာတ အထက်ဘုလုံးကိုနင်း၊ ဝဏ္ဏကအောက်ခြင်းနှုတ်ခမ်းကိုနင်းပြီး ခဲခြင်းကြီးဖြင့် အထက်စအိုသို့ တက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပေါ်တွင် အင်ချပ်ကျော်ဆန်းနှင့် ကျင်းနောက်လိုက်ဇာနည်လင်းတို့က လေးနှစ်ချောင်းထိပ်ဖျားများကို သံရိုက်ရန် အလောတော်ခုတ်ပြီး အသင့်စောင့်နေကြသည်။

"ပြီးတော့မလား. . ."

ဝင့်စက်ဆရာကမေးသည်။ စိန်မဟာကပြုံးသည်။

"မပြီးနိုင်သေးဘူး၊ အောက်မှာ အဆွေးတွေက အများကြီး၊ အဲဒါတွေကို ထုတ်ရဖယ်ရဦးမယ်၊ ပြီးမှ အသစ်လဲရမှာ၊ ခုလေးနှစ်ချောင်းတွေ အသစ်လဲပြီးသွားတာနဲ့ နောက်ထပ်ပေနှစ်ဆယ်လောက်ထပ်ပြီးရှင်းရမှာ၊ အဲဒီပေနှစ်ဆယ်ရှင်းပြီးပြင်ပြီးရင် နောက်ထပ်ပေနှစ်ဆယ်အနက်ပြန်ပြင်ရဦးမှာ၊ ဟို. . . တော်တော်နဲ့ မပြီးနိုင်သေးဘူး"

ဝင့်စက်ဆရာကပြုံးသည်။

"ဒါဖြင့် ကျွန်တော်သုံးလေးရက် ပေါချောင်ဖြစ်နေဦးမှာပေါ့. . ."

ဟုဆိုကာ ပြုံးလိုက်သည်။

"စက်ဆရာ ပေါချောင်ဖြစ်နေတာက အရေးမကြီးဘူး၊ ကျုပ်တို့မှာ အသက်မရှူရဲကြဘူး၊ တွင်းလယ်မှာ ကုတ်တွယ်ပြီး ပြင်နေကြရတာ၊ နည်းနည်းလေးမှားလိုက်တာနဲ့ အောက်စဖိုကကြိုနေမှာ. . ."

စိန်မဟာက ဇာနည်လင်းကိုကြည့်သည်။

"ကဲ- ပြီးပြီလား၊ ပြီးရင်ခြင်းထဲထည့်၊ ဝဏ္ဏနဲ့ငါဆင်းမယ်. . ."



ဇာနည်လင်းက လေးနှစ်ချောင်းလေးချောင်းကို ခဲခြင်းကြီးထဲထည့်လိုက်သည်။ လေးနှစ်ချောင်းထိပ်များအား ကြိုးဖြင့်စုစည်းပြီးတော့ ဝင့်စက်ဆရာက စက်နှိုးလိုက်သည်။

ဝဏ္ဏက ခဲခြင်းကိုခွ၍နင်းပြီး သံမဏိကြိုးကိုကိုင်ထားလိုက်သည်။ စိန်မဟာကလည်း ခဲခြင်းသံဘုလုံးကြီးပေါ်တက်ရပ်လိုက်ကြပြီးနောက် သူတို့တွေအား ဝင့်စက်ဆရာက အောက်သို့တဖြည်းဖြည်းချင်းချပေးလိုက်သည်။ သူတို့အလုပ်လုပ်ကြမည့် တွင်းလယ်သို့ရောက်တော့ အပေါ် အပေါ် အပေါ်" ဟု အချက်ပေးကာ အင်တာကွန်ဖုန်းဖြင့် "ဟိုး. . . " ဟု ရပ်ရန်အော်လိုက်သည်။

ဝင့်စက်ကရပ်သွားပြီး. . .၊ သူတို့တန်းဆွေးများဖြုတ်ထားသည့်နေရာတွင် တန်းသစ်များပြန်လည်လဲရန် ပြင်ဆင်ကြပြန်သည်။ လေးနှစ်ချောင်းများ စုစည်းထားသည့်ကြိုးကို ဝဏ္ဏကဖြေလိုက်သည်။ ပြီးတော့ စိန်မဟာအသုံးပြုရန် လေးနှစ်ချောင်းတစ်ချောင်းကို လေးပင်ကျင်းတန်းနှစ်ဖက်ခွနင်းပြီး မ, တင်ပေးသည်။ စိန်မဟာက လေးနှစ်ချောင်းကိုဆွဲယူပြီး သံဖြင့်ရိုက်ရန်ပြင်သည်။ ဝဏ္ဏကထိန်းပေးသည်။

"ဝဏ္ဏ သေသေချာချာကိုင်ထားနော်. . ."

"ဟုတ်ကဲ့ဆရာ. . ."

စိန်မဟာက လေးနှစ်ချောင်းကြီးကို ဘေးတန်းတွင်ထောင်၍ရိုက်နေသည်။ သူတို့နှစ်ယောက်သည် တွင်းဘေးရှိမီးလုံး၏ အလင်းရောင်ကိုအားပြုပြီး ပြုပြင်နေကြခြင်းဖြစ်သည်။ သူတို့ကိုယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားသည့် လက်နှိပ်ဓါတ်မီးများက သိပ်အသုံးမဝင်။ ကျင်းဆင်းကျင်းတက်ရာတွင်သာ အသုံးဝင်သည်။

သူတို့လေးနှစ်ချောင်းလေးချောင်းရိုက်ပြီးနောက် အောက်တွင် ကျင်းဘေးရှိ သစ်ဆွေမျှားဖယ်ထုတ်ရှင်းလင်းဖို့ရှိနေသည်။ ဝင့်စက်ဆရာကို အောက်သို့နှိမ့်ချခိုင်းရသည်။ ဝင့်စက်ဆရာက သူတို့ အလုပ်လုပ်နိုင်သည့် နေရာထိချပေးသည်။ သူတို့နှစ်ယောက်က ကျင်းဘေးရှိ တန်းဆွေးမျှား၊ အကာဆွေးမျှားကို ရိုက်ဖြုတ်ပြီး ခဲခြင်းကြီးထဲထည့်နေကြသည်။

"ဝဏ္ဏသိပ်မရဲနဲ့၊ သတိထားလုပ်၊ ပြုတ်ကျရင်မသက်သာဘူး"

ဝဏ္ဏကပြုံးရင်းဆက်လုပ်သည်။

"ဆယ်တန်းအောင်သွားတဲ့ ကောင်မလေးတွေ နင်တို့ခုလိုလုပ်ရဲလို့လား"

ဟု မေးလိုက်ချင်သည်။ လေးပင်ကျင်းအောက်ကိုပင် ရဲရဲငုံ့ကြည့်ရဲကြသူတွေမဟုတ်. . .။

"ဝဏ္ဏခြင်းပြည့်ရင် အပေါ်တက်မယ်၊ တို့ဒီမှာတွဲလဲကျန်ခဲ့လို့မဖြစ်ဘူး၊ အပေါ်တက်လိုက်သွားမယ်၊ နောက်မှခြင်းနဲ့ပြန်ဆင်းခဲ့မယ်. . ."

စိန်မဟာနှင့် ဝဏ္ဏတို့နှစ်ယောက် ခဲခြင်းကြီးဖြင့် သစ်ဆွေးတန်းဆွေးများနှင့်အတူ အထက်စဖိုဆီတက်ခဲ့ကြပြန်သည်။ ဇာနည်လင်းက ခြင်းထဲမှ သစ်ဆွေးတန်းဆွေးများဆွဲထုတ်ပြီး စနစ်တကျပုံသည်။ အားလုံးပုံပြီးတော့ ဝဏ္ဏနှင့်စိန်မဟာတို့ ပြန်ဆင်းခဲ့ကြပြန်သည်။ တွင်းလယ်ရောက်တော့ သစ်ဆွေးများထုတ်ဖယ်ရှင်းလင်းပြီး ခဲခြင်းကြီးထဲ ထည့်ကြပြန်သည်။ ခဲခြင်းကြီးပြည့်တော့ ကျင်းပေါ်တက်ခဲ့ကြပြန်သည်။



"ဒီတစ်ခါ လေးနှစ်ချောင်းတွေယူမယ်၊ ဇာနည်လင်း လေးနှစ်ချောင်းတွေ အသင့်ဖြစ်ပြီလား"

ဇာနည်လင်းခေါင်းညိတ်ရင်း လေးနှစ်ချောင်းများကို ခဲခြင်းကြီးထဲထည့်နေသည်။ လေးနှစ်ချောင်းများထည့်ပြီးသည်နှင့် စိန်မဟာနှင့်ဝဏ္ဏတို့ ခဲခြင်းကြီးနှင့်အတူ ဆင်းခဲ့ကြပြန်သည်။ ပြီးတော့ ဘေးတန်းတွေရိုက်ကြသည်။ အကျိုးအပျက်အဆွေးတွေ ခဲခြင်းကြီးထဲထည့်ပြီး အပေါ်တက်ခဲ့ကြပြန်သည်။

သူတို့တွေတစ်ညလုံး ခဲခြင်းကြီးဖြင့် ဆင်းလိုက်တက်လိုက် ပြုလိုက်ပြင်လိုက်. . .။ သည်လိုနှင့် နံနက်ငါးနာရီအချိန်သည် တုန်လှုပ်ရောက်လှုပ်လာခဲ့သည်။

"မနက်ဖြန်ဆို ပြီးပါပြီ ဝင့်စက်ဆရာ၊ ခင်ဗျားပေါချောင်ဘဝက ကျွတ်ပါတော့မယ်. . .၊ ခဲခြင်းချိတ်ရပါတော့မယ်၊ ခဲကြိုတ်စက်ကြီးတွေလဲ ခဲတွေအပြည့်အဝ ဝါးချေရပါတော့မယ်. . ."

ကျင်းဆရာ စိန်မဟာက ပြုံးပြီးပြောလိုက်သည်။ ဝင့်စက်ဆရာကတော့ မပြုံးနိုင်. . .။

"ကျုပ်တာ ခုလိုစက်မမောင်းရဘဲ ပေါချောင်ပဲနေချင်တာ..."

ဟု ပြောင်သလို နောက်သလိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစက်မောင်းနေရမှ အိပ်မငိုက်မှာ စက်မမောင်းရတော့ အိပ်ချင်တာပေါ့၊ အိပ်ငိုက်တာပေါ့. . ."

ဟု ဝဏ္ဏက ဆိုလိုက်သောအခါ စက်ဆရာကပြုံးပြီး. . .

"ငါကလည်း စက်မမောင်းရရင် အိပ်မပျော်ပါဘူးကွာ၊ ခုလို အလကားထိုင်နေရတာလည်း မနေတတ်ပါဘူး။ စက်လည်နေရမှ ပျော်ပါတယ်. . ."

"ဟုတ်မှာပေါ့၊ စက်သမားကလည်း စက်သံကြားနေရမှ ပျော်မှာ၊ ကျင်းဆင်းသမားကလည်း ကျင်းဆင်းနေရမှ ပျော်မှာ၊ ကျုပ်တို့မှာတော့ ခါးလယ်တစ်ဝက်မှာ အထက်မရောက် အောက်မရောက်နဲ့ ဒုက္ခကိုတွေ့လို့၊ ခြေချော်လက်ချော်ကျရင် ပွဲချင်းပြီးပဲ. . ."

"အားမငယ်ပါနဲ့ အဲဒီအခါကျ ကုမ္ပဏီက ကျင်းသားအားလုံးကို ဝက်သားကျွေးပြီး အမျှဝေပေးမှာပါ. . ."

ဟုဆိုတော့ စိန်မဟာတွန့်သွားသည်။

"အဲဒီလို မနောက်ပါနဲ့ စက်ဆရာရယ်. . .၊ ကျုပ်ရဲ့ ရည်းစားဦးလေး ငိုပြီးကျန်ခဲ့ပါဦးမယ်. . ."

ဟုဆိုကာ တဟားဟား ရယ်လိုက်သည်ကို ဝဏ္ဏကြည့်ရင်း အကယ်၍များ သူသေဆုံးသွားလျှင် ရတနာကငိုရှစ်နေမည်လား၊ ပူဆွေးသောကရောက်နေမှာလား၊ စိတ်မကောင်းဖြစ်နေမှာလား။

သို့တည်းမဟုတ် ဆယ်တန်းမျှမအောင်သည့် အာပလာကောင် သေတာမှကောင်းသေးတယ်ဟုပြောရင်း ပြုံးကျန်ရစ်ခဲ့မည်လား။



ဟူသော အတွေးကိုတွေးရင်း အိပ်ဆောင်ဆီသို့ ဖြည်းလေးစွာ လျှောက်လာခဲ့သည်။

အိပ်ဆောင်ပြင်မှာတော့ ရန်နိုင်. . .။ မျက်နှာသစ်ဖို့ ရေခွက်၊ သွားတိုက်တံ၊ ဆပ်ပြာတွေနှင့် သူ့ကိုစောင့်ပြီးကြည့်နေသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ခဲရွှေမလေးတွေက သံလက်ကိုင်ဂေါ်ပြားငယ်များဖြင့် ခဲကြိတ်စက်မှ လွင့်မျောလာသော ခဲကြမ်းများထဲမှ ကျောက်ကပ်နေသည့် ခဲလေးများကို မွှေနှောက်ရှာဖွေရွေးချယ်နေကြ၏။ ကျောက်ကပ်နေသည့် ခဲလေးများတွေ့ပါက သူတို့ရှေ့ရှိ တာယာရေပုံးမည်းကြီးထဲပစ်၍ ထည့်လိုက်ကြ၏။ သူတို့အား အင်ချုပ်မလေးတွေက စူးစိုက်ကြည့်နေကြသည်။

သူတို့၏ အထက်ချောဘားစက်၏ နောက်ဘက်တွင် ခဲကြိတ်စက် တာဝန်ခံမန်နေဂျာကလည်း အပေါ်စီးမှဖြုံ၍ ကြည့်နေသကဲ့သို့ ခဲကြိတ်စက်တာဝန်ကျ လုံခြုံရေးများနှင့် အင်ချုပ်ချုပ်မတို့ကလည်း လှည့်ပတ်ပြီး ကြည့်ရှုနေကြသည်။

အောက်ဘက်ခါစက်အနီးတွင် ခါစက်မှ မှုတ်ထုတ်လိုက်သော ခဲနုတ်များကို သံဂေါ်ပြားကြီးဖြင့် ကော်၍ ခဲနုတ်များထဲမှ ကျောက်ကလေးများ ရွေးချယ်မွှေနှောက်နေသည့် ခဲရွှေမလေးများထံ ပို့ပေးနေသော လုပ်သားလေးတစ်ယောက် ...။





အင်ချုပ်ချုပ်မ မျိုးမျိုးက ခဲရွှေမလေးများအား လှည့်ပတ်ကြည့်ရှုရင်း ခင်မာချိုအနီးသို့ ရောက်လာသည်။ ခင်မာချိုက မော်မကြည့် ...။ ရှေ့ရှိခဲနုတ်များကိုသာ မွှေနှောက်ရွေးချယ်လျက်ရှိသည်။ မျိုးမျိုးကရှေ့ဆက်ပြီးလျှောက်ခဲ့သည်။

ကျောက်ခွဲစက်ကြီးကား တဂျုံးဂျုံးတဂျိမ်းဂျိမ်း အသံပြုလျက် ကျောက်များကို ကြိတ်ဝါးလျက်ရှိနေသည်။ ကျင်းပေါ် အင်ချုပ်စိုးဝင်းက ခဲကြိတ်စက်ပေါ်မှ လုပ်သားလေးများ အလုပ်လုပ်နေကြသည်တို့ကြည့်ရင်း စီမံခန့်ခွဲလျက်ရှိနေသည်။ ချောဘားပုံးထဲမှ ခဲထုပ်များ ဆွဲယူပစ်ချနေမှု၊ ခဲထုပ်များကို တစ်ယောက်မှတစ်ယောက် လက်ဆင့်ကမ်းကာ ခဲကြိတ်စက်ဆီ သယ်ယူနေမှု၊ ခဲအိတ်များကို အလျင်မှီအောင် ချည်နှောင်ထားသော ကြိုးများကို အဆက်မပြတ်ဖြတ်နေမှု၊ ခဲကြိတ်စက်ထဲ ခဲလောင်းထည့်နေမှုများကို ညွှန်ကြားရင်း ပေါက်ပြားဖြင့် ခဲကြိတ်စက်ထဲ ခဲယက်ထည့်နေမှုများကို အကွက်ကျကျ နိုင်းလျက်ရှိ၏။

ခဲကြိတ်စက်မန်နေဂျာကတော့ ချောဘားစက်နောက်ရှိ ကုလားထိုင်ပေါ်မှ ဆေးလိပ်ပြောင်းကြီးဖြင့် မှေးရင်း အင်ချုပ်တွေ နိုင်းတာ စနစ်တကျရှိမရှိ ငေးကြည့်နေသည်။ သူစိတ်တိုင်းမကျလျှင် အင်ချုပ်များကိုခေါ်ပြီး ညွှန်ကြားသည်။ ဆဲဆိုမာန်မဲသည်။ ပြီးတော့ ဆေးလိပ်ပြောင်းကြီးကို ပြန်ကောက်ပြီး မှိန်းလျက်ရှိနေ၏။

ချောဘားစက်ဆရာကလည်း အပေါ်သို့ရောက်လာသည့် ချောဘားပုံးထဲမှ ခဲများကုန်သည်နှင့် ကလပ်နင်း၊ ပိဘာနင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ချောဘားပုံးကိုအောက်သို့ ပြန်ပို့၊ အောက်ကတက်လာသော ချောဘားပုံးထဲက ခဲအိတ်တွေထုတ်ပြီး အလုပ်သမားများက ခဲကြိတ်စက်ဆီပို့၊ အလုပ်သမားများမှာ စက်နှင့်အပြိုင်လုပ်နေကြရသည်။ မနားနိုင်ကြ။ ချောဘားစက်ကြီးမောင်းနှင်ပြေးဆွဲနေသကဲ့သို့ ခဲကြိတ်စက်ကြီး အဆက်မပြတ်လည်နေသကဲ့သို့ ကျင်းပေါ်လုပ်သားလေးတွေ၊ ခဲရွေးမလေးတွေလည်း အလုပ်နှင့်လက် အဆက်မပြတ်လုပ်နေကြရသည်။

နား၍ခို၍မရ။ တစ်ယောက်နားလျှင် တစ်ယောက်ဆိုသလို သိသာသည်။ ကျန်သောလူတွေပို၍ ပင်ပန်းကြတော့၏။ တချို့က ရေသွားခပ်ပေးမည်၊ ရေနွေးသွားယူပေးမည်ဆိုကာ ခဲဆွဲနေကြရာမှ ပျောက်သွားတတ်သည်။ အကြာကြီးသွားနေတတ်၏။ သူတို့မေးလိုက်တော့ ရေနွေးမဆူသေးလို့၊ ရေမရသေးလို့ စသည်ဖြင့်ဆိုကြ၏။ တချို့ကျတော့လည်း အိမ်သာထဲတွင် တစ်နာရီလောက်သွားထိုင်နေတတ်၏။ နည်းနည်းနားရမနည်းဆိုသည့်သဘော၊ သူတို့တစ်ယောက်နားနေခိုနေမှုကြောင့် ကျန်သည့်လူတွေ ပို၍အလုပ်လုပ်ကြရ၊ ပင်ပန်းကြရသည်ကို ထည့်မတွက်၊ သူတစ်ယောက်သက်သာပြီးရောဆိုသည့် လူစားတွေလည်း ရှိကြသည်။

၌သည်ကို အင်ချုပ်စိုးဝင်းက လိုက်လံစစ်ဆေးရသည်။ လျှော့သွားသည့်ပျောက်သွားသည့် တစ်ယောက်ဘယ်ရောက်သွားသည်။ ဘယ်ပျောက်သွားသည်ကို စုံစမ်းပြီး သူနောက်ကိုလိုက်ရသည်။ ရှာရသည်။ တွေ့လျှင် ဆဲဆိုကြိမ်းမောင်းပြီး ခေါ်ခဲ့ရသည်။



ခဲကြိတ်စက်မန်နေဂျာကလည်း လုပ်သားတွေကို ရေတွက်ထားသည်။ လျော့သွားလျှင် ဘယ်ရောက်သွားသလဲဟု အင်ချုပ်တွေကို မေးတာ ဆူတော့သည်။ သည်တော့ အင်ချုပ်တွေက သူ့လူတွေကို အမြဲကြည့် နေရသည်။ လျော့သွားပျောက်သွားလျှင် စုံစမ်းမေးမြန်းပြီး ရှာရဖွေရသည်။ အိမ်သာတွေထဲပြေးရှာရ၊ စားဖိုဆောင်ထဲပြေးရှာရ၊ လစ်တတ် ခိုတတ်သူတွေကို အမြဲလှေ့လာနေရသည်။ သုံးစားရသည်မှာမလွယ်။ အချို့က အလုပ်ခွင်မှလစ်ပြီး အိပ်ဆောင်အတွင်းသွားပြီး ကွေးနေတတ်သည်။

ခဲရွေးမလေးများ အပေါ့သွားချင်၊ အိမ်သာတက်ချင်လျှင်တော့ သက်ဆိုင်ရာအင်ချုပ်မလေးက ရေချိုးခန်းခေါ်ပြီး ပထမစစ်ဆေးရသည်။ စစ်ဆေးပြီးမှ အိမ်သာသွားနိုင်သည်။ အင်ချုပ်မလေးတွေကိုလည်း အင်ချုပ်ချုပ်မက မပြတ်ကြည့်ရှုအကဲခတ်နေရသည်။ ခဲရွေးမ၊ အင်ချုပ်မတို့၏ အပြစ်အနာအဆာအားလုံးသည် အင်ချုပ်ချုပ်မအပေါ် ပုံ၍ကျလာတတ်သည်။ သည်တော့ အင်ချုပ်ချုပ်မ မျိုးမျိုးတစ်ယောက် ထောင့်စေ့အောင် ကြည့်ရသည်။ အကဲခတ်ရသည်။

သည်ကြားထဲ ကျင်းပေါ်အင်ချုပ်စိုးဝင်းက သူ့ကို မကျေမနပ်ကြည့်ပြီး ရိသဲ့သဲ့စကားပြောသည်ကိုလည်း ခံရသေးသည်။ ခဲရွေးမခင်မာချိုနှင့် သူ့ပြဿနာကို မျိုးမျိုးက ဝင်ရှုပ်နေသည့်ပုံ။ အမှန်တော့ ခဲရွေးမတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ ပြဿနာသာမဟုတ်။ အင်ချုပ်မတို့၏ ပြဿနာတွေအားလုံး မျိုးမျိုးသိထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



မသိ၍မဖြစ်၊ မိန်းမဆောင်အတွင်းရှိ မိန်းကလေးများ၏ ပြဿနာအထွေထွေသည် မျိုးမျိုးလက်ပေါ်တွင်ရှိသည်။ သူတို့၏ အခက်အခဲများကို မျိုးမျိုးပင် ဒိုင်ခံဖြေရှင်းပေးနေရသည်။

အချင်းချင်း ပစ္စည်းပျောက်သည့် ကိစ္စ၊ စကားများရန်ဖြစ်ကြသည့်ကိစ္စ၊ နေမကောင်း၍ ဆေးနားခွင့်တောင်းသည့်ကိစ္စ၊ ထမင်းမစားနိုင်၍ ဆန်ပြုတ်လုပ်ပေးရန် စားဖိုမှူးများထံ တင်ပြရသည့်ကိစ္စမှစပြီး ပြင်ပတွင်ကျန်ရစ်ခဲ့သည့် ကိုယ်ရေးကိုယ်တာပြဿနာများထိ မျိုးမျိုးဖြေရှင်းပေးနေရသည်။ မအင်ချပ်ချုပ်၏တာဝန်မှာ အစုစားတစ်စုခွဲသာရသည်။ တာဝန်က မိန်းကလေးအားလုံး၏ ပြဿနာတွေ သူ့ခေါင်းပေါ်မှာပုံနေသည်။ ဂိုဒေါင်မှူးလုပ်ရတာက ပစ္စည်းလာထုတ်သူကို ထုတ်ပေးလိုက်ရုံ ဂိုဒေါင်မှာမရှိ လိုအပ်သည့် ပစ္စည်းအဝယ်တော်အား အကြောင်းကြားဝယ်ခိုင်းလိုက်ရုံ အေးအေးဆေးဆေးနေနိုင်သည်။ စောစောက မျိုးမျိုးဂိုဒေါင်မှူးလုပ်ခဲ့ရ၏။ ဂိုဒေါင်ထဲတွင် အေးဆေးစွာနေနိုင်သည်။ ပစ္စည်းလာထုတ်မှ ထုတ်ပေးလိုက်ရုံ၊ ဘာပြဿနာမှ အထွေအထူးမကြုံရ။ ပစ္စည်းတွေနှင့်သာဆက်ဆံနေရသဖြင့် နားအေးပါးအေးရှိသည်။ ခုတော့ လူတွေ ခဲရွှေမတွေနှင့်ဆက်ဆံနေရသည့်ဘဝ၊ လူတစ်ခု ပူမှုရယ်တဲ့ဆယ်ကုဋေဆိုသည့် အမျိုးအစားတွေနှင့် လုံးထွေးနေရသည့်ဘဝ။

သည်တစ်ပတ်ကျမှ မျိုးမျိုး မအင်ချပ်ချုပ်ဖြစ်ခဲ့သည်။ သည်တော့ တစ်နေ့လုံး ခဲကြိတ်စက်ကြီးနှင့် အတူ လှုပ်ရှားလည်ပတ်ရတော့သည်။ မတ်တတ်ရပ်တစ်လှည့် ထိုင်တစ်လှည့် ပတ်တစ်လှည့်



ခြင့် ခဲကြိတ်စက်ပေါ်၊ ခါစက်ဆီ၊ ခဲနုတ်ရွေးနေကြသည့် ခဲရွှေမလေးများထံ၊ ခဲကြမ်းရွေးနေကြသည့် ခဲရွေးမလေးများထံ လှည့်လည်ကြည့်ရှုနေရသည်။

တစ်နေ့လုံးလှည့်ပတ်ကြည့်၊ ညကျ အိပ်ဆောင်တွင်း သူတို့ပြဿနာတွေဖြေရှင်းရ။ ရုံးခန်းက လုပ်ကွက်တာဝန်ခံကလည်း ထမင်းစားဆောင်အတွင်း ကျင်းပေါ်ကျင်းအောက် လုပ်သားတွေနှင့် ခဲရွှေမ၊ အင်ချပ်မလေးတွေ အတူတွဲထိုင်စကားပြောကြသည်ကို ကြေငြာ၏။

"မိန်းကလေးတွေကို ထိန်းပါ။ စားဖိုဆောင်ထဲမှာ ယောကျ်ားလေးတွေနဲ့ ပေါလောဝါးလား လုပ်နေကြတာ ကျွန်တော်မကြိုက်ဘူး၊ လုပ်ကွက်ထဲမှာ အတွဲတွေမတွေ့ချင်ဘူး။ တီဗွီကြည့်ရင် ရိုးရိုးသားသားကြည့်ပါ၊ မိန်းကလေးတွေ မိန်းကလေးအုပ်စုနဲ့ထိုင်၊ ယောကျ်ားလေးတွေ ယောကျ်ားလေးအုပ်စုနဲ့ထိုင်၊ သူ့နေရာနဲ့သူထိုင်စေပါ။ ရောရောယှက်ယှက် ပူးပူးကပ်ကပ်ထိုင်နေကြတာ ကျွန်တော်တွေ့နေရတယ်။ အပြင်ရောက်သွားလို့ သူတို့ ဘာဖြစ်ဖြစ် ပြဿနာမရှိဘူး။ လုပ်ကွက်ထဲမှာတော့ လုပ်ကွက်စည်းကမ်းအရ အတူတွဲထိုင်တာ၊ စကားပြောတာမလုပ်ရဘူး။ ဒါစည်းကမ်းပဲ၊ အဲဒါကို မလိုက်နာနိုင်ရင် အရေးယူမှာပဲ၊ ဒီတော့ မိန်းကလေးတွေကို မအင်ချပ်ချုပ်တစ်ယောက်အနေနဲ့ ထိန်းပါ၊ စည်းကမ်းမလိုက်နာတဲ့သူတွေကို ရုံးခန်းစာရင်းပို့ပြီး တင်ပြပါ"

www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးစဉ်းစားသည်။ ခင်မာချိုတို့ပြဿနာ၊ သည်နေ့တလုပ်ကွက်တာဝန်ခံကို မျိုးမျိုးစကားတစ်ခွန်းပြောလိုက်မိသည်။ ကျင်းပေါ်အင်ချုပ်စိုးဝင်းကို ခေါ်ယူဆွေးနွေးပေးပါဟူ၍. . .။

သူမှာ မိန်းမနှင့်သားသမီးတွေရှိနေရက်နဲ့ ခဲရွှေးမခင်မာချိုတို့ ချည်းစားထားပြီး၊ အပျော်ကြံနေပုံ၊ ကောင်မလေးကလည်း ဘာမှ မစဉ်းစားဘဲ ကိုစိုးဝင်းကို ယုံကြည်နေပုံ၊ သူ့အနေနဲ့ ခင်မာချိုကို ဆွေးနွေးပြီးပြီဖြစ်ကြောင်း၊ လုပ်ကွက်တာဝန်ခံအနေနှင့် စိုးဝင်းအား ခေါ်ယူဆွေးနွေးပေးပါဟူသည့် စကား. . .။

ပြော၍မဖြစ်၊ အခါအခွင့်သင့်ခိုက် မျိုးမျိုးတင်ပြလိုက်ခြင်းဖြစ်သည်။ လုပ်ကွက်တာဝန်ခံက စိုးဝင်းကိုခေါ်ယူဆွေးနွေးပြီး လူမှုရေးဖောက်ပြန်မှုမလုပ်ဖို့၊ လုပ်ကွက်အတွင်း ရှုပ်ရှုပ်ယှက်ယှက်ပြဿနာတွေဖြစ်အောင် မဖန်တီးဖို့ ခေါ်ယူဆွေးနွေးခဲ့သည်။ ၎င်းသည်နှင့်ပတ်သက်ပြီး စိုးဝင်းက မျိုးမျိုးကိုမကြည်၊

ခဲကြိတ်စက်၏နောက်ဘက် ခဲထုပ်ပုံကြား ဖြတ်သွားစဉ်စိုးဝင်းက မျိုးမျိုးကိုကြည့်ပြီး စကားဆို၏။

"အင်ချုပ်ချုပ်မကြီး ခင်ဗျားခဲရွှေးမတွေ ကျောက်မဦးဖို့ဘဲ အမိကထားပြီး ကွပ်ကဲပါ။ သူများကိစ္စတွေမှာ ကြားဝင်မရှုပ်ပါနဲ့"

မျိုးမျိုး စိုးဝင်းကို စေ့စေ့ကြည့်သည်။

"ဒီမှာ ကိုစိုးဝင်း၊ ကျွန်မဟာ ခဲရွှေးမတွေကျောက်ခိုးတဲ့ကိစ္စပဲ တာဝန်ရှိတာမဟုတ်ဘူး။ သူတို့ရဲ့လူမှုရေးကိစ္စအဝဝကို တာဝန်ယူနေရတဲ့လူ၊ သူတို့တွေ မမှားသင့်တာ မမှားရအောင် ကျွန်မထိန်း



ပေးရမှာပဲ၊ ထိန်းမနိုင်သိမ်းမရဖြစ်ရင်တော့ ရုံးခန်းကို သတင်းပို့ရမှာပဲ၊ ဒါ ကျွန်မလုပ်ရမယ့်အလုပ်ပဲ"

စိုးဝင်း ပြုံးသည်။

"ခင်ဗျား ကိုယ်ချင်းမစာတတ်လို့ အပျိုကြီးဖြစ်နေတာ"

ဟုဆိုကာ ခဲကြိတ်စက်ပေါ် တက်သွားသည်။ မျိုးမျိုးတစ်ကိုယ်လုံး တုန်ခါ ကျန်ရစ်ခဲ့သည်။

"ဘာလဲ သူလုပ်ချင်တိုင်းလုပ်ခွင့်ရဖို့ မိမိက ကိုယ်ချင်းစာရမှာလား၊ သူက လူလွတ်လား၊ မိန်းမနဲ့သားသမီးတွေနဲ့မဟုတ်လား၊ မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးခွင့်ပေးလိုက်တာဟာ ကိုယ်ချင်းစာမှုလား"

မျိုးမျိုး ဇာကိုခဲပြီး ခွဲစက်ပေါ် မော့ကြည့်လိုက်သည်။ ခွဲစက်ပေါ်တွင် စိုးဝင်းက ခါးထောက်ပြီး အလုပ်သမားတွေကို မာန်မဲနေသည်။ ပညာပေးနေသည်။ ပညာပြနေသည်။

သူက ကျင်းပေါ်အလုပ်သမား အင်ချုပ်ဆိုတော့ ကျင်းပေါ်လုပ်သား အလုပ်သမားလေးတွေကိုသာ နိုင်းချင်တိုင်းနိုင်းလို့ရမည်။ မအင်ချုပ်ချုပ် မျိုးမျိုးကို သူ ဘာညွှန်ကြားလို့မှမရ။ အမိန့်ပေးလို့မရ။

မျိုးမျိုး တောက်တစ်ချက်ခေါက်ပြီး ခါစက်အောက်ဆီဆင်းခဲ့သည်။ ယခုထိ ဒေါသတွေက မပြေပျောက်သေး။ တစ်ကိုယ်လုံး တုန်လျက်ရှိနေသေးသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဝဏ္ဏ အိပ်၍မပျော်။ သည်နေ့မှ အိမ်ကို ထူးထူးခြားခြား သတိရနေမိသည်။ သူ့အဖေနှင့်အတူ ရန်ကုန်သင်္ကြန်ပွဲသွားစဉ်က မြင်ကွင်းတွေ။ မြို့တော်ခန်းမကြီးရှေ့တွင် ကြိတ်ကြိတ်တိုးရေလောင်းနေကြသူများ၊ စင်မြင့်ပေါ်မှ သင်္ကြန်ယိမ်းလှပျိုဖြူများ. . .။

သည်တုန်းက ဝဏ္ဏက ငယ်ငယ်. .။ ဆယ်နှစ်သားအရွယ်၊ မြင်သမျှအရာ၊ တွေ့ရှိသမျှ ကြားသမျှတွေက အထူးအဆန်းတွေချည့်၊ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရား၊ ပန်းဆိုးတန်းဆိပ်ကမ်း၊ ရန်ကုန်ဘူတာကြီး။

သူ ပျော်ရွှင်ခဲ့သည်။ သူ့ ဘဝတွင် ပထမဆုံးအကြိမ်ရောက်ခဲ့ဖူးသည့် ရန်ကုန်။ သူ့အဖေနှင့်အတူ လေဟာပြင်ဈေးတွင် တော်ရှည်ခေါက်ဆွဲစားခဲ့သည်ကိုလည်း မမေ့၊ သူ အားလုံးကို သတိရနေမိသည်။

သူ ပူဆာ၍ သူ့အဖေဝယ်ပေးခဲ့သော ခာတ်ခဲအသုံးပြုသည့် မီးရောင်စုံများထွက်သည့် သေနတ်။ မီးပွင့်လေးတွေ ဝေလို့၊ သူဖတ်ဖို့ ပုံပြင်စာအုပ်တွေလည်း တပွေ့တပိုက်ကြီး ဝယ်ပေးခဲ့ဖူး





သည်။ ရှစ်တန်းနှစ်က သူ အတန်းထဲတွင် ပထမရတော့ ဆုပေးပွဲအခမ်းအနားကို ဖြိုးဖြိုးကြီးတတ်ခဲ့သည့် အဖေ. . .။

သူ့ကို မျှော်လင့်အားထားခဲ့သည့် အဖေ. . .။ သူ ဖြစ်ချင်သည့်အရာ၊ သူလိုချင်တာတွေကို နှုတ်ကဟလိုက်သည်နှင့် ဝယ်ပေးခဲ့သည့် အဖေ. . .၊ သူ အဖေ့ကို သတိရလွမ်းဆွတ်နေမိသည်၊ ထို့အတူ အမေသည်လည်း သူ စားချင်တာတွေဝယ်ပြီး ချက်ကျွေးခဲ့သည်။ သူ ပုစွန်စားချင်သည်ပြောတော့ ဈေးသုံးငွေကို ခြစ်ချုပ်ပြီး သူ့တစ်ယောက်စာ ပုစွန်ဟင်းချက်ကျွေးခဲ့သည့် အမေ . . .။

သူ ဝတ်ဖို့လုံချည်၊ ဘောင်းဘီ လျှော်ဖွပ်ပြီး အမြဲမီးပူတိုက်ပေးခဲ့သည့် အမေ . . .၊ သူ့ကို ချစ်ခင်ရှာသည့် အမေ. . .၊ သူ့အပေါ် ညာတာခဲ့သည့် အမေ. . .၊ သူ့အပေါ် တွယ်တာခဲ့သည့် အမေ. . .၊ သူ ငယ်စဉ်က ကျောင်းခန်းဝတွင် တစ်နေကုန်စောင့်ပြီး သူ့ကို ထိန်းကျောင်းခဲ့သည့် အမေ. . .။

ခု. . . သူတို့ ဘယ်လိုခံစားနေကြမည်နည်း၊ သူ. . . မည်သည့်နေရာဒေသများဆီ ရောက်နေလိမ့်မည်နည်းဟု အသံစွင့်နားထောင်ကာ လိုက်လံရှာဖွေနေကြမည်လား. . .။

ပြီးခဲ့သော အစုခွဲချိန်ကမှ သူ အဖေနှင့်အမေ့ထံ ငွေနှစ်သိန်းပို့ပေးခဲ့သည်။ သည်တော့မှ သူ့လိပ်စာကို သိကြမည်။ သူ ဘယ်ရောက်ပြီး ဘာတွေလုပ်နေသည်ကို သိကြမည်။ သည်အခါ သူတို့တွေ စိုးရိမ်ပူပန်ကြမည်၊ တွင်းဆင်းနေသည်ကို သိကြလျှင် ပိုပြီးစိတ်ပူသောကရောက်နေကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အန္တရာယ်တွေကြား အလုပ်လုပ်နေမှန်းသိတော့ အမြန်ပြန်လာဖို့ စာတွေ အတန်တန်ရေးသည်။ သားရဲ့အသက်စွန့်ပြီး ရှာဖွေပေးတဲ့ပိုက်ဆံတွေလည်း မစားသောက်ရက်ပါ။ သား အမြန်ပြန်လာပါ။ သားရဲ့ညီတွေ ညီမတွေလည်း သားကိုလွမ်းနေကြပြီ၊ သားပြန်အလာကို မျှော်နေကြပြီ။

အဖေလည်း သားကို စိတ်မဆိုးတော့ပါဘူး။ အပြစ်မတင်တော့ပါဘူး။ စာမေးပွဲဆိုတာ တစ်ကြိမ်မအောင်ရင် နောက်တစ်ကြိမ်ပြန်ဖြေလို့ရပါတယ်။ မတော်တဆကျင်းထဲမှာ တစ်ခုခုဖြစ်လို့ အသက်ဆုံးရှုံးသွားရင် အဖေတို့အမေတို့ ရင်ကွဲရပါတော့မယ်၊ အမြန်ပြန်လာဝါသားရယ် ဟု စာတွေ အလီလီရေးသားခဲ့ကြသည်။

ပထမတော့ ခံပြင်းသည်။ စာမေးပွဲမအောင်၍ အဖေဒေါသထွက်ပြီး ပြောသည့်စကားကိုလည်း နာကြည်းသည်။

“ပန်းအိမ်ဖြူတောင် တစ်နှစ်ထဲအောင်သွားတယ်၊ ရဲကိုမောင်ဆိုရင် ဂုဏ်ထူးသုံးဘာသာနဲ့၊ သူတို့တွေဟာ မင်းနဲ့တစ်ကျောင်းထဲတစ်ဆရာထဲ အတူသင်ကြားခဲ့ကြတာ မဟုတ်လား။ မင်း မရှက်ဘူးလား၊ ဆယ်တန်းလေးတောင် အောင် အောင်မဖြေနိုင်တာ မင်းအစား ငါသိပ်ရှက်တယ်”

ဝဏ္ဏ သူ့အဖေစကား ကြားစက စိတ်မကောင်း၊ ပန်းအိမ်ဖြူတို့ ရဲကိုမောင်တို့ ကျူရှင်တွေဘယ်သို့ ယူခဲ့ကြသည်၊ ဘယ်ဝိုင်းတွေမှာ ဘယ်သို့တက်ခဲ့ကြသည်တို့ကို မပြောချင်။ သူညံ့၍သာ ရှုံးခဲ့ရခြင်းဖြစ်သည်ဟုလည်း စိတ်ဒုန်းဒုန်းချမပြောလို၊ သူ အတန်းထဲတွင်



အတော်ဆုံးမဟုတ်သော်လည်း အညံ့ကြီးတော့မဟုတ်၊ သူကျန်သော ဘာသာအားလုံး ကောင်းကောင်းဖြေနိုင်ခဲ့သည်။ သူ မဖြေနိုင်သည်က သင်္ချာ။

သူ အောင်မှတ်မရခဲ့သည်က သင်္ချာပဲဖြစ်သည်။ သူ သင်္ချာကို ကြပ်ကြပ်မတ်မတ် ပြန်၍ သင်ယူလိုက်လျှင် အောင်နိုင်မည်ကို သူ သိသည်။ သို့သော် အဖေက သူ့ကို အားမရ။

“ဆယ်တန်းမအောင်တော့ မင်း ဘာလုပ်မလဲ၊ ဆယ်တန်းမှ မအောင်တဲ့ကောင် ဘယ်မှာ သွားသုံးနိုင်မလဲ”

ဆိုသည့်စကားတွေက သူ့မခံချင်စိတ်ကို နှိုးဆွပေးလိုက်သလို ဖြစ်သည်။ ဤသည်ကလည်း အဖေ ကရုဏာဒေါသောဖြင့် ပြောဆိုခဲ့ခြင်းဖြစ်နိုင်သည်၊ အဖေ သူ့ကို ဘယ်တုန်းကမှ မနှိမ်တတ်သည်ကိုလည်း သူ သိသည်၊ အဖေ့၌ ဘာအခက်အခဲတွေ ဘာမကျေနပ်တာတွေဖြစ်ပြီး သူ့အပေါ် ပုံကျပေါက်ကွဲခဲ့သည်မသိ၊

“သား ဘယ်ဘာသာမဖြေနိုင်လဲ၊ သား အားနည်းတဲ့ဘာသာ အဖေ့ပြော၊ အဖေ တတ်နိုင်သလောက်ကူညီမယ်၊ အားမငယ်နဲ့၊ ဒီနှစ်မှအောင် နောင်နှစ်ပေါ့သားရယ်၊ သား စာတွေပိုကျေတာပေါ့၊ ဂုဏ်ထူးသုံးလေးဘာသာ ယူပြလိုက်စမ်း သားရယ်”

ဆိုပြီးနှစ်သိမ့်လျှင် ဝဏ္ဏဆယ်ဆမက ပြန်ပြီးကြိုးစားပြလိုက်မည်၊ သင်္ချာတွေ ပြန်လေ့လာမည်၊ တစ်နှစ်ရှုံးကြွေးကို ဂုဏ်ထူးတွေ တသီတတန်းကြီးဖြင့် ပြန်လည်ပေးဆပ်မည်၊ အဖေနှင့် အမေတို့ ပျော်ရွှင်စေရမည်၊ နှစ်သိမ့်စေရမည်၊ စိတ်ချမ်းသာစေရမည်၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့သည်လိုမဟုတ်၊ ဆယ်တန်းတစ်နှစ်ကျရုံမျှနှင့်၊ အသုံးမကျသူ၊ အရာမဝင်သူ၊ လူညံ့လူရှော်တစ်ယောက်အဖြစ် သတ်မှတ်အပြစ်ဆိုလိုက်သောအခါ ဝဏ္ဏစိတ်ညစ်ရသည်။ စိတ်ပျက်ရသည်။

သည်တော့ ဆယ်တန်းစာမေးပွဲအောင်မှ အိမ်ကို ပြန်လာတော့မည်ဟု စာရေးကာ ထွက်လာခဲ့ခြင်းဖြစ်သည်။ မိခင်ကိုလည်း သတိရသည်။ ဖခင်ကိုလည်း သတိရသည်။ သို့သော် မိမိဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်။ ရောက်ခါစတစ်နှစ်ကတော့ လုပ်ကွက်ထဲ မှော်ထဲရောက်စဆိုတော့ အလုပ်သာ အဓိက ဖြစ်နေသည်။ စာကျက်ဖို့ စာမေးပွဲဖြေဖို့ ပြင်ဆင်ချိန်မရ။

အလုပ်လုပ်ရင်း ငွေရှိလျှင် ဘာမဆိုဖြစ်နိုင်သည့်ဆိုသည့် အတွေးတ ဝင်လာပြန်သည်။ ထို့ကြောင့် ရသမျှ ပိုက်ဆံစုသည်။ အင်းဝဘဏ်တွင် ငွေစုစာအုပ်လုပ်ထားလိုက်သည်။ အစုခွဲတိုင်း ဘဏ်တွင် ငွေသွင်းပြီးစုသည်။ ပထမခြောက်လအတွင်းတွင်ပင် ခြောက်သိန်းကျော် ရရှိခဲ့သည်။

ဘဏ်တွင် ငါးသိန်းအပ်ပြီး တစ်သိန်းက အဝတ်အစားနှင့် သုံးအပ်တာတွေ ဝယ်လိုက်သည်။ အိပ်ရာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ ထက်ဆွဲအိတ်၊ အနွေးထည်၊ အင်္ကျီ၊ ဘောင်းဘီ တကယ်ဝယ်လိုက်တော့ ငွေတစ်သိန်းဘာမျှမရ၊ မည်သို့ဆိုစေ သူလိုအပ်သည့် ပစ္စည်းတွေ အသုံးအဆောင်တွေ ပြည့်စုံအောင် ဝယ်ဖြစ်ခဲ့သည်။



နောက်သုံးလ အစုခွဲလိုက်တော့ နှစ်သိန်းခွဲရသည်။ သူအိမ်ကို သတိရသည်။ အဖေအမေညီညီမအားလုံး သတိရသည်။ ငွေငါးသောင်းသာ အသေးသုံးချန်ပြီး ငွေနှစ်သိန်းကို အိမ်သို့ ပို့လိုက်သည်။ သူ့လိပ်စာလည်းပေးလိုက်သည်။ သူ့မိသားစု စိတ်ချမ်းသာစေချင်သည်။ အပူအပင်ငြိမ်းကြစေလိုသည်။ သူ့အတွက် မည်သူမျှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေချင်။

ယခုအပတ်လည်း ငွေထုတ်ပြီး အိမ်ကို ပို့ပေးဦးမည်ဟု ဆုံးဖြတ်ထားသည်။ စာမေးပွဲစရိတ်သာ သူချန်မည်။ ကျန်တာတွေ အားလုံးပို့ပေးမည်။ ဘဏ်တွင် အပ်ထားငွေငါးသိန်းကတော့ သူ၏ တက္ကသိုလ်ပညာသင်စရိတ်အဖြစ် သုံးမည်။ သူတွေး၍ ကောင်းနေဆဲ သူ့ဘေးသို့ ဇာနည်လင်းရောက်လာသည်။

“မအိပ်သေးဘူးလား ဝဏ္ဏ. . .”

ဝဏ္ဏက ဇာနည်လင်းကို ကြည့်သည်။

“အိမ်အကြောင်းစဉ်းစားနေတာပါ။ ငါ့အဖေ၊ အမေနဲ့ညီ၊ ညီမတွေ အားလုံးကို သတိရနေလို့ပါ သူငယ်ချင်း၊ စက်ဘပူရောက်နေတဲ့ အစ်ကိုကတော့ အဆင်ပြေနေမှာပါ. . .”

“မသိပါဘူး ငါက ရတနာ အကြောင်း စဉ်းစားနေလားလို့”

ဝဏ္ဏပြုံးလိုက်သည်။

“ငါ့အပေါ် အထင်သေး အမြင်သေးတဲ့ လူတွေကို ငါသိပ်မုန်းတယ်၊ နာကြည်းတယ် ဇာနည်. . .”

ဇာနည်လင်းက ဝဏ္ဏဘေးဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရတနာက မင်းကို အောင်မြင်စေချင်လို့ ပြောတာပါ။ တစ်နေ့က ထမင်းစားဆောင်မှာ ငါ့ကိုမှာလိုက်သေးတယ်။ ဝဏ္ဏကို ပြောပေးပါတဲ့၊ တောင်းပန်ပါတယ်တဲ့၊ သူပြောမှား ဆိုမှားဖြစ်ခဲ့ပါတယ်တဲ့. . ."

ဝဏ္ဏပြုံးမိပြန်၏။

"သူမမှားပါဘူး၊ ငါ့အဖေလည်း မမှားပါဘူး၊ သူတို့ပြောတာ အမှန်တွေချည်းပါပဲ၊ ငါက အသုံးမှမကျတာကိုး၊ ဆယ်တန်းမှ မအောင်တာကိုး၊ ဆယ်တန်းအောင် အောင်မှ မဖြေနိုင်တာကိုး၊ ဒီတော့သူတို့ပြောစရာ၊ ဝေဖန်စရာ ဖြစ်တာပေါ့ကွာ၊ ငါကလည်း ဆုံးဖြတ်ချက်တစ်ခုချပြီးရင် တော်တော်နဲ့ မပြင်ချင်ဘူး၊ မပြင်နိုင်ဘူး၊ ငါဆယ်တန်းအောင်ပြီးမှ အိမ်ပြန်မယ်၊ အဖေအမေတို့ကို ကန်တော့မယ်၊ ကျွန်တော် အဖေတို့ အမေတို့ ဆန္ဒကို ဆယ်တန်းအောင် အောင်ဖြေပြီး ဖြည့်ဆည်းပြီးပါပြီလို့ဆိုပြီး ကျေးဇူးဆပ်မယ်။ ရတနာကိုလည်း ငါဆယ်တန်းအောင်ပြီးမှ ရင်ဆိုင်မယ်၊ တွေ့မယ်၊ သူဆန္ဒရှိသေးတယ်ဆိုရင်ပေါ့၊ ဒီကြားထဲမှာတော့ သူနဲ့ငါတွေ့ဖို့ ဆုံဖို့ မကြိုးစားတော့ဘူး၊ သူကလည်း ငါ့ကို လာတွေ့စရာမလိုဘူး၊ ငါကလည်း အတွေ့မခံတော့ဘူး၊ ဆယ်တန်းမှ မအောင်သေးတဲ့ငါ့ကို သူဆက်ဆံဖို့ မလိုတော့ပါဘူးကွာ၊ သူတို့ငါ့ကို ဆက်ဆံကြရင်လည်း ဝဏ္ဏဆိုတဲ့ကောင်က ဆယ်တန်းမှမအောင်သေးတဲ့ အာပလာကောင်ဆိုပြီး သဘောထားဆက်ဆံကြဦးမှာပဲ၊ အဲဒီလို အထင်သေး၊ အမြင်သေးတဲ့ ဆက်ဆံမှုမျိုးနဲ့ ငါ့ကိုမဆက်ဆံစေချင်ဘူး၊ လူဆိုတာ



တန်းတူမှ ယှဉ်ပြိုင်သတဲ့၊ ရှင်ဘုရင်ဟာ ရှင်ဘုရင် အချင်းချင်းသာ စစ်ထိုးလေ့ရှိတယ်၊ သူရဲကောင်းတွေဟာလည်း သူရဲကောင်း အချင်းချင်းပဲ စစ်ထိုးလေ့ရှိတယ်၊ အဆင့်တူမှ ယှဉ်ပြိုင်တယ်၊ အဆင့်မတူရင် မပြိုင်ဘူး၊ ငါနဲ့ရတနာဟာ အဆင့်မတူဘူး၊ သည်တော့ ငါသူ့အနားကို မကပ်တော့ဘူး၊ သူနဲ့တန်းတူမှပဲ ဆက်ဆံပါတော့မယ်၊ မင်းနဲ့တွေ့ရင် ပြောလိုက်ပါ"

ဝဏ္ဏက အံကိုကြိတ်သည်။

"သူတို့နဲ့ ယှဉ်ဖို့ ငါကြိုးစားရဦးမယ် ဇာနည်"

ဟုဆိုကာ အိပ်ရာထဲလှဲချလိုက်သည်။ ဇာနည်လင်း သက်ပြင်းမှုတ်ထုတ်ပြီး နေရာမှထသည်။ မနက်ဖြန်ကျောင်းဆင်းဖို့ အားမွေးရဦးမည် မဟုတ်ပါလား။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရတနာစိတ်မကောင်း။

လူအများကြားတွင် ပြောဆိုမိမှားသည်က သူ့အပြစ်၊ တကယ်တော့ ဝဏ္ဏကို အရှက်ခွဲလိုသည့်စိတ်၊ နှိမ့်ချလိုသည့်စိတ်ဖြင့် ပြောဆိုခဲ့ခြင်း မဟုတ်သည်ကိုတော့ သူ့ကိုယ်စောင့်နတ်ပင်သိလိမ့်မည်။

တကယ်တော့ သူ ဝဏ္ဏကို အားမရ သူများတွေလို အောင်မြင်စေချင်သည်၊ ထွန်းပေါက်စေချင်သည်။ သူ ဝဏ္ဏကို ခင်သည်၊ အစ်ကို တစ်ယောက်နယ်လည်း ခင်မင်သည်။ ပြောပါရစေတော့ သူ ဝဏ္ဏကို စိတ်ဝင်စားခဲ့သည်မှာ အမှန်။

ရန်နိုင်က ဝဏ္ဏကို . . .။

"စိန်ကောင်းကျောက်ကောင်း ရောင်းတဲ့နေရာ ဆေးမှိုးသည်က ကန့်လန့်ကန့်လန့်ဆိုတာ မင်းလိုကောင်ကွ၊ ဝင့်စက်ဆရာက အဖိုးတန်တဲ့စကားတွေပြောနေတာ မင်းကအပျော်ဖတ် အချစ်ဝတ္ထုတွေ၊ သိုင်းဝတ္ထုတွေ၊ ဂမ္ဘီရဝတ္ထုတွေဖတ်ပြီး ဖွန်ကြောင်နေတဲ့ကောင်ဆိုတော့ ဘာနားလည်မှာလဲ၊ ဆက်ပြောပါ ဝင့်စက်ဆရာ၊ အမိုက်အမဲလေးမို့ ဒီကောင့်ကို ဗွေမယူပါနဲ့"





ဆိုတဲ့စကားကိုလည်း ခံပြင်းသည်၊ ဤစကားသည် ဝဏ္ဏကို သက်သက်နှိမ်သည့်စကားဟု ရတနာအမိပ္ပာယ်ဖွင့်မိသည်၊ ဝဏ္ဏနာသည်မနာသည်မသိ၊ သူနာမိသည်၊ ထို့ကြောင့် သူရင်ပွင့်သွားခြင်းဖြစ်သည်၊ ထို့ကြောင့်လူကြားသူကြားတွင် မပြောသင့်သည့်စကားတွေ ထွက်သွားခြင်းဖြစ်သည်၊

ဤသည်ကို ဝဏ္ဏသိမည်မဟုတ်၊ သူသာသိသည်၊ သူခင်မင်မိသူတစ်ယောက်အား လူကြားထဲတွင် ဤသို့ပြောဆိုဆက်ဆံသည်ကို သူမနှစ်သက်၊

သို့ရာတွင် နောက်ဆုံးသူ့စကားက ဝဏ္ဏကို စိတ်တိုစိတ်ဆိုးစေသည်။ သူ့ကိုအထင်လွဲစေပြီ၊ သည့်အတွက် သူ ဝဏ္ဏကို ရှင်းပြချင်၏၊ တောင်းပန်ချင်၏၊ ဝဏ္ဏက သူ့ကိုအတွေ့မခံ၊ လူလွှတ်ခေါ်သော်လည်း ပေါ်မလာ၊ သူ့မှာသာ မျက်ရည်ကျ ကြေကွဲခဲ့ရသည်၊

အိပ်ရာထက်တွင် ဟိုလှိမ့်သည် လှိမ့်ဖြင့် အိပ်မပျော်နိုင်သည့် ရတနာကို သူ့နံဘေးအိပ်ရာမှ နန်းခမ်းလှိုင်က စကားဆိုသည်၊

"အိပ်လို့မရဘူးလား ရတနာ၊ နင်လည်း ဝဏ္ဏအကြောင်းပဲတွေးနေ၊ ငါဝဏ္ဏနဲ့ဆုံရင် ရှင်းပြပေးပါ့မယ် ဟာ၊ နင့် စိတ်အေးအေးထားစမ်းပါ။ တို့မှာလုပ်စရာတွေ အများကြီးရှိတယ်၊ တို့ဘဝအတွက် ပြင်ဆင်စရာတွေလည်း အများကြီးရှိတယ်၊ တို့က ဘဝတွေကို တို့ကိုယ်တိုင်စိတ်တိုင်းကျထူထောင်နေတဲ့အချိန်၊ ဘာမဟုတ်တဲ့ကိစ္စလေးတစ်ခုနဲ့ အားလျော့ဝမ်းနည်းကြေကွဲမနေသင့်ဘူး၊ ဝဏ္ဏလည်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတတ်သူပါ။ သူ့ကို ဒီစကား ဘာကြောင့်ပြောဖြစ်တယ် ဆိုတာလည်း တွေးမိမှာပါ၊ ပြီးတော့ ကြားရသလောက် သူမခံချင် စိတ်နဲ့ စာတွေကျက်နေပြီ၊ စာမေးပွဲဖြေဖို့ ပြင်ဆင်နေပြီ။ ဒါ. . . ရတနာ့အတွက် မကောင်းဘူးလား၊ ဝမ်းသာစရာမဟုတ်ဘူးလား။ စဉ်းစားပါ ရတနာ"

"ဟုတ်တယ် နန်း၊ သူစာမေးပွဲဖြေဖို့ ပြင်ဆင်နေတယ်လို့ သိရတာ ကျွန်မလည်း ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်မစကား ကြောင့် မခံချင်စိတ်နဲ့ အရွဲ့တိုက်ပြီး ကြိုးစားအားထုတ်တာမျိုး မဖြစ် စေချင်ဘူး၊ ကျွန်မ စေတနာကို နားလည်သဘောပေါက်ပြီး ကြိုးစား အားထုတ်တာမျိုးပဲ ဖြစ်စေချင်တယ်၊ နို့မို့ ကျွန်မ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး. . ."

"အိပ်တော့ရတနာ၊ မနက်ဖြန်လည်း အလုပ်က ရှိတယ်၊ ငါ ဝဏ္ဏနဲ့တွေ့ပြီး ရှင်းပြပေးပါ့မယ်၊ နင်နဲ့လည်း တွေ့ပေးပါ့မယ်၊ ကဲ ကျေနပ်ပြီလား"

ရတနာ မျက်ရည်တွေဝဲလာသည်။

"သူက တို့ကို ရှောင်နေတယ်နန်း၊ တို့နဲ့ တွေ့တာနဲ့ ရှောင် ထွက်သွားတာ၊ သူ တို့ကို မတွေ့ချင်လောက်အောင် မုန်းသွားတာ သိပ်ပြီးအခံရခက်တယ်"

"ပြေလည်သွားမှာပါ ရတနာ၊ ဒါ ဘာမှမဟုတ်တဲ့ ကိစ္စပါ၊ တို့တွေလုပ်ကိုင်နေကြတဲ့ မော်ကြီးထဲမှာ ဒါ ဘာမှမဟုတ်တဲ့ အသေး အဖွဲလေးပါ"



"ဟုတ်ပါတယ်၊ မော် ၅၂၈ က ကျောက်တူးဖော်နေကြတဲ့ လုပ်ငန်းကြီးတစ်ခုလုံးနဲ့စာရင် ရတနာတို့ကိစ္စက ဘာမှမဟုတ်တဲ့ အသေးအဖွဲကိစ္စဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် ရတနာအတွက် တော့ ဒါ. . . တကယ့် အရေးကြီးတဲ့ ကိစ္စပါနန်းရယ်။ နန်း နားလည် ခွင့်လွှတ်နိုင်တယ်မဟုတ်လား"

ရတနာကို နန်းခမ်းလှိုင်က ကြည့်သည်။ သူနားလည်သဘော ပေါက်စွာ ခေါင်းညိတ်သည်။ ပြီးတော့ ရတနာအပေါ် တရှုံရှုံ သက်လာမိသည်။ "နားလည်ပါတယ် သူငယ်ချင်း၊ အိပ်တော့ နန်း မနက်ဖြန် သူ့ကိုရှာပြီး ရှင်းပေးပါ့မယ်။ ကိုရန်နိုင့်လည်း အကူအညီ တောင်းမယ်။ ကိုကျော်သူအောင်လည်း အကူအညီတောင်းမယ်၊ သူနဲ့အတူ ကျင်းဆင်းနေတဲ့ ဇာနည်လင်းလည်း အကူအညီတောင်း မယ်နော်၊ ဟုတ်ပြီလား"

ရတနာ အိပ်သွားပြီ ထင်သည်။ နန်းခမ်းလှိုင် ပင့်သက်ချ မိသည်။ သူတို့ဇာတ်လမ်းက အပျော်အပျော်နှင့် နာခေါင်းသွေးထွက် မည့် ဇာတ်လမ်းဖြစ်နေသည်။ ဝဏ္ဏဆိုသည့် ကောင်ကလည်း လူတစ်မျိုး၊ ဘူးဆို ဖရုံမသီးသည့် အစားထဲက။

သူကိုယ်တိုင် ဝဏ္ဏကိုရှာခဲ့သည်။ ထမင်းစားဆောင်ထဲတွင် ထမင်းမစားသဖြင့် ဝင့်စက်ခုံအနား၊ တာဝိုဒေါင်ဘက် သွားကြည့်ဝတ် ရှာဖွေ ခဲ့သေးသည်။ သူ့မြင်လျှင် ပဏ္ဏလေးဝေးကအ ရှောင်ထွက် သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်ပေါ် ထမင်းဟင်းများ ယူမစားရဆိုသည့် စည်းကမ်းရှိသော်ငြား ဝဏ္ဏစည်းကမ်းမလိုက်နာ၊ ထမင်းပန်းကန် ယူပြီး အဆောင်ပေါ်တက်သွားသည်။ မိန်းကလေးတန်မဲ့ ယောကျာ်း လေးဆောင်ဆီသွားပြီး ဝဏ္ဏကို အခေါ်ခိုင်းရမည်မှာလည်း ရှက်စရာ။ ဝဏ္ဏက မတွေ့ချင်မမြင်ချင်၍ မရှိဘူးလို့ ပြောင်ပြောဆို လွှတ်လိုက် သော် အခက်။

နန်းခမ်းလှိုင်ပင် ကြားက အိပ်ရေးပျက်နေရပြီ။ ကိစ္စမရှိ၊ ကိုကျော်သူအောင်နှင့် ရန်နိုင့်ကိုသာ အပူကပ်ရတော့မည်။ ဝဏ္ဏက သူတို့စကားတော့ နားထောင်မည်။ အထူးသဖြင့် ကိုကျော်သူအောင့် စကားကိုတော့ ပို၍ နားထောင်လိမ့်မည်ထင်၏။ ကိုကျော်သူ့အောင် ထံ သူမရှင်းမလင်းသည့်စာတွေ၊ သချ်ာတွေ လာလာမေးနေသည်ဟု သိထားသောကြောင့် ဖြစ်သည်။

မအောင်ချပ်ချပ် မျိုးမျိုးကလည်း အိပ်ဆောင်အတွင်း လှည့်ပတ် ကြည့်ရှုနေသည်။ လူစုံမစုံ၊ အောက်ဆင်းသူရှိမရှိ၊ အောက်ဆင်းပြီး ရည်းစားတွေနှင့် ချိန်းတွေ့နေသူရှိလျှင် မျိုးမျိုး အမှုပတ်လိမ့်မည်။ လုံခြုံရေးတွေကလည်း မှော် ၅၂၈ အတွင်း လှည့်ကင်း၊ ရပ်ကင်း၊ ပတ်ကင်းတွေနှင့် တစ်ညလုံးလှည့်ပတ်စစ်ဆေးနေသည်မဟုတ်လား။

အင်ချပ်ချပ်မ မျိုးမျိုး သူ့လူအားလုံးလှည့်ပတ်စစ်ဆေးပြီး တံခါးမကြီးပိတ် မီးမှိတ်လိုက်ပြီ။ ရတနာတော့ အိပ်ပျော်သည် မပျော် သည်မသိ၊ နန်းခမ်းလှိုင်တော့ အိပ်၍မရတော့။ ရတနာအတွေး တွေက နန်းခမ်းလှိုင်ဆီ ကူးစက်နေပြီ။ သူတို့ကိစ္စ ဘယ်လိုပြေလည် အောင် ဆောင်ရွက်ပေးရပါ့။



အိပ်၍မရတော့ စိပ်ပုတီးထုတ်သည်။ အိပ်ရာထက်လှဲရင်း သံဗုဒ္ဓေဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် သူမှတ်ဆိုစိပ်နေမိ သည်။

ထိုစဉ်တံခါး ဖွင့်သံကြားမိသည်။ ဘယ်သူတံခါးချက်ဖွင့် သည်မသိ။ အင်ချပ်ချပ်မမျိုးမျိုး၏ ဓာတ်မီးက တံခါးဝဆီ ဒူးဒူး နစ်နစ်လင်းလက်လျက်၊ တံခါးဝတွင် ရပ်နေသူက ခင်မာချို။

"မချို ဘယ်ထွက်မလို့လဲ..."

"ကျွန်မ အပေါ့သွားမလို့ပါ..."

"အပေါ့သွားချင်ရင် နှစ်ယောက်အတူတွဲဆင်းလို့ ပြောထား တယ်မဟုတ်လား၊ ဘာ့ကြောင့် တစ်ယောက်တည်း ဆင်းရတာလဲ"

"သူများနိုးရမှာ ကျွန်မအားနာလို့ပါ"

အင်ချပ်ချပ်မမျိုးမျိုး၏ လက်နှိပ်ဓာတ်မီးက ကျောက်ခွဲစက် ဘက်ဆီသို့ ဝင်းလက်စွာ အလင်းရောင်ရောက်ရှိသွားသည်။ ကျောက်ခွဲစက် အနီးရပ်နေသူက ကျင်းပေါ် အင်ချပ်စိုးဝင်း။

မျိုးမျိုးသဘောပေါက်လိုက်ပြီ။ ခင်မာချိုက လူမိသည့် သူခိုး နှယ်တုန်လှုပ်သွားသည်။

"မိုက်လှချည့်လား မချို"

မျိုးမျိုးတစ်ခွန်းသာ ပြောလိုက်သည်။

"ဒီကိစ္စရုံးကသိရင် နှစ်ယောက်စလုံး ခံစားခွင့်မရှိဘဲ အလုပ်က ထုတ်ပစ်မှာနော်"

မျိုးမျိုးတံခါးပြန်ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်- ဒီလိုချိန်းမတွေ့ပါဘူးဆိုတာတော့ မချိုကတိပြု ရမယ်၊ ပြီးတော့ လက်မှတ်ရေးထိုးထားရမယ်၊ လောလောဆယ်တော့ နှစ်ယောက်စလုံးရဲ့ သိက္ခာကိုငဲ့ပြီး မမရုံးကို တင်မပြပါဘူး။ ဘယ်သူ့ မှလည်း အသိမပေးပါဘူး။ ဒါပေမယ့် နောက်တစ်ခါခုလို အပြုအမူ မျိုး လုပ်မယ်ဆိုရင်တော့ မမကိုအပြစ်မတင်နဲ့နော်၊ ကဲ အပေါ့ သွားချင်သေးလား၊ မမလိုက်ပို့မယ်"

မျိုးမျိုးတံခါးကို အသေအချာပိတ်ပြီး ခင်မာချိုအိပ်ရာဘေး ဝင်ထိုင်သည်။

"မမကို စိတ်ဆိုးလား"

ခင်မာချိုက မျက်နှာသေလေးနှင့် မျိုးမျိုးကို ကြည့်သည်။

"မမမှာ တာဝန်ရှိလို့ပါ။ မမအနေနဲ့ အဆောင်ပေါ်မှာ နေထိုင်ကြတဲ့ မိန်းကလေးတွေအားလုံးကို စောင့်ရှောက်နေရပါတယ် မချို၊ မမှားသင့်တာတွေ မမှားအောင်လို့ပါ။ ညီမကို မမအကြိမ်ကြိမ် ပြောခဲ့ပြီးပြီနော်၊ စိုးဝင်းဆိုတာ လူရှုပ်လူပွေလို့၊ အိမ်ထောင်သည်လို့၊ မမစကားကို မချိုနားဝင်သေးမှာမဟုတ်ဘူး၊ အပြစ်တောင်တင်ချင် တင်နေဦးမှာ၊ ထားပါ။ တစ်နေ့ မမစေတနာကို မချိုသဘောပေါက် နားလည်လာပါလိမ့်မယ်"

မျိုးမျိုးက သူ့အခန်းဘက် ပြန်လျှောက်သွားသည်။ ပြီးတော့ အခန်းထဲမှ မီးကိုဖွင့်ပြီး ဝန်ခံကတိစာချုပ်တစ်ခုရေးလိုက်သည်။

ကျွန်မ မခင်မာချိုသည် ၂၀-၆-၂၀၀၆ ရက်နေ့ ည ကိုးနာရီ အချိန်က တိတ်တဆိတ် ခိုးထွက်ပြီး ကျောင်းပေါ်အင်ချပ် ကိုစိုးဝင်းနှင့်



ချိန်းတွေ့ရန်ကြံစည်ခဲ့ပါသည်။ သို့သော် မအင်ချပ်ချုပ် မမျိုးမျိုးက တွေ့ရှိခဲ့သဖြင့် အကြံမအောင်မြင်ခဲ့ကြပါ။

နောက်နောင်၌အပြုအမူမျိုး ထပ်မံချူးလွန်မိပါက အထက်ရုံးကြီးကြပ်သူများ၏ အပြစ်ပေးသည့်ဒဏ်ကို ခံယူမည် ဖြစ်ကြောင်း၊ အောက်တွင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးအပ် ပါသည်။

| | |
|---|---|
| (ဒေါ်မျိုးမျိုး) | (မခင်မာချို) |
| (မအင်ချပ်ချုပ်) | (ခဲရွှေမ) |
| (အတည်ပြုလက်မှတ်ရေးထိုးသူ) | (ဝန်ခံကတိပြုသူ) |

စာချုပ်ရေးပြီး စာရွက်ကိုင်ကာ မမျိုးမျိုး အခန်းထဲမှ ထွက်လာ ခဲ့ပြန်သည်။ ပြီးတော့ အဆောင်မီးကို ဖွင့်လိုက်သည်။ ပြီးတော့ ခင်မာချိုဆီလျှောက်ခဲ့သည်။

"မချို. . . မမဖတ်ပြမယ်၊ ပြီးတော့မှ လက်မှတ်ထိုး ဟုတ်ပြီ လား။ ဒီတစ်ကြိမ်တော့ မမခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ်ခုလို လုပ်မယ်ဆိုရင်တော့ မမသည်းမခံတော့ဘူး။ အထက်ရုံးတင်ပြပြီး နှစ်ယောက်လုံးကို အရေးယူခိုင်းမယ်၊ သဘောပေါက်လား. . ."

ခင်မာချိုက ခေါင်းညိတ်သည်။ မျိုးမျိုးက ကတိဝန်ခံချက် ဖတ်ပြပြီး ခင်မာချိုကို လက်မှတ်ရေးထိုးစေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ ဒီစာကို ရှုံးမတင်ပြပါနဲ့နော်"

"မမ ကတိပေးပါတယ်၊ နောက်တစ်ကြိမ်ကျူးလွန်မှသာ မမတင်ပြမှာပါ။ ဒါက နောင် မချိုပြစ်မှု မကျူးလွန်မိအောင် ထိန်းထားတဲ့ အရံအတားပါ။ ယုံပါမချို၊ မမ သူများတွေကို ဒုက္ခရောက်အောင်မလုပ်တတ်ပါဘူး။ ဒါပေမယ့် စည်းကမ်းကို ထပ်မံကျူးလွန်ဖောက်ဖျက်ရင်တော့ မမ မညှာနိုင်တော့ဘူး"

"နားလည်ပါတယ် မမ"

မျိုးမျိုးက မီးမှိတ်ပြီး လက်နှိပ်ဓာတ်မီးဖြင့် သူ့အခန်းသို့ ပြန်လည်ထွက်သွားသည်။

နန်းခမ်းလှိုင်ကတော့ အဖြစ်အပျက်တွေအားလုံး သိရှိမြင်တွေ့သဘောပေါက်နေပြီး သံဗုဒ္ဓေဂါထာတော် ရွတ်ဆိုနေရင်းမှ ခြော်. . . ပြဿနာ ပြဿနာ ဟုရေရွတ်မိရင်း သက်ပြင်းကို မှုတ်ထုတ်လိုက်မိတော့၏။

◆ ◆ ◆ ◆ ◆

အခန်း (၁၇)

အပေါ်စအိုထိပ်တွင် ရန်နိုင်ရပ်နေသည်။ ဝင့်စက်ဆရာ ကျော်သူအောင်က ဝင့်စက်မောင်းနေရင်း ရန်နိုင်ကို ပြုံးပြီးကြည့်သည်။

"နန်းခမ်းလှိုင်နဲ့ညီလေးတို့က ဘယ်လိုစီစဉ်ထားလဲ"

ဟု မေးလိုက်သည်ကို ရန်နိုင်ကပြုံးပြီး. . .

"သူက ပညာဆက်သင်ဦးမယ်၊ ကျွန်တော်ကလည်း အလုပ်ဆက်လုပ်ပြီး ဘွဲ့ရအောင်ယူပေါ့၊ ဒီကြားထဲ ကျွန်တော်က ငွေစုရမှာပေါ့ဗျာ၊ အိမ်ထောင်တစ်ခုကို လွယ်လွယ်ကူကူနဲ့ မထူထောင်ရဲပါဘူးကိုအောင်"

"ဟုတ်တယ်၊ တို့လည်း ဘွဲ့သာရထားတာ၊ ငွေက မစုမိသေးဘူး၊ သက်သက်ကတော့ တစ်အိုးတစ်အိမ်နဲ့ နေချင်တယ်၊ ဝင့်စက်မောင်းလို့ရတဲ့ လခက စုလို့ရပါတယ်၊ အစ်ကို သုံးလစာ စုပြီး တစ်သိန်းနှစ်သောင်းရှိတယ်၊ ထမင်းက မော်ကတော့သာ ဆိုတော့ စားစရိတ်မကုန်ပါဘူး၊ နောက်ထပ် အစုနှစ်ကြိမ်လွှဲတဲ့အထိ ဆက်လုပ်ကြဦးမယ်ကွာ၊ သက်သက် ခဲရွေးမလာခင်က တစ်လ



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းပဲရတာ၊ သူ့လည်း စုခိုင်းထားပါတယ်၊ တစ်လကို တို့ နှစ်ယောက်ပေါင်းမှ ခြောက်သောင်းပဲရတာ၊ ဒီတစ်ခါ အစုဖြတ်ပြီး ရင်တော့ လစာတိုးတောင်းရမှာပဲ၊ တခြားမော်တွေမှာ ဝင့်စက် ဆရာတစ်ယောက် တစ်လငါးသောင်းပေးနေပြီလေ"

ကျော်သူအောင်က ခဲခြင်းကြီးကို ကြည့်ရင်းဆိုသည်။

"ဟုတ်တယ် ကိုအောင်၊ ကျွန်တော်တို့လည်း ရေရှည်စီမံကိန်း ပါပဲ၊ သူဘွဲ့ရမှ သင့်တော်တဲ့ အလုပ်တစ်ခုဝင်၊ ကျွန်တော်လည်း ဘွဲ့ရတာနဲ့စုပြီးငွေလေးနဲ့ အိုးအိမ်ထူထောင်ကြမယ်၊ အဆင်ပြေရင် အစိုးရဝန်ထမ်းလုပ်လိုက်မယ်၊ ဘွဲ့ရပြီဆိုတော့ လွယ်မှာပါ"

"ကောင်းတယ်၊ အစ်ကိုကတော့ စက်မောင်းစက်ပြင်ရယ်၊ ကားမောင်းကားပြင်ရယ်တတ်ထားတယ်၊ အပြင်မှာ လုပ်စားလည်း ရပါတယ်၊ ကြည့်သေးတာပေါ့၊ အပြင်လုပ်ရတာက မော်ထဲမှာလုပ် ရတာထက် အဆင်ပြေရင်လည်း ပြောင်းလုပ်တာပေါ့"

ရန်နိုင်က ဝန်းတံခါးကြီးကိုကျော်၍ အပြင်ကို ငေးနေသည်။

"မော်ထဲမှာ လုပ်ရတာက အန္တရာယ်များတယ်ဆိုပေမယ့် ထမင်းဟင်းအတွက် မပူရဘူး၊ အချိန်တန် ပန်းကန်လေးဆွဲပြီး စားပွဲ ချောင်သွားလိုက်ရုံပဲ၊ အပြင်ကြတော့ ဆန်တစ်ပြည် တစ်ထောင်ကျော် နဲ့ ဆီ၊ ဆား၊ ဟင်းချက်စရာဖိုးတွေကလည်း နင့်နေတာပဲ ကိုအောင်၊ ကျွန်တော်လည်း အမျိုးမျိုး စဉ်းစားနေပါတယ်၊ ကျင်းဆင်းရတာ လည်း အန္တရာယ်များတာပဲ၊ ဒါပေမယ့် ကျင်းပြိုကျင်းပိတယ်ဆိုတာ ဖြစ်တောင့်ဖြစ်ခဲပါ၊ အန္တရာယ်ကြောက်နေရင်တော့ ဘာမှ လုပ်စားလို့ ရမှာ မဟုတ်တော့ပါဘူး"



ကျော်သူအောင်က ရန်နိုင့်ကို ကြည့်နေသည်။

"ဒီလိုပဲ လုပ်နေကြရတာပါပဲကွာ၊ တို့တွေမှာ သတိရှိနေဖို့ အသိရှိဖို့တော့ လိုတာပေါ့၊ ဒါမှ ရသမျှလုပ်အားခလေးတွေ စုမိ ဆောင်းမိမှာ၊ မိမိရဲ့ ရည်ရွယ်ချက်တွေ မပျက်စေနဲ့ပေါ့ ငါ့ညီရာ၊ အပေါင်းအသင်းမမှားစေနဲ့ မှားနေတဲ့သူကိုလည်း လက်တွဲပြီး ပြုပြင် ပေးပေါ့ကွာ၊ တချို့ကျတော့ မင်းတို့ငါတို့လို ပညာအဆင့်အတန်း ရှိကြတာမဟုတ်ဘူး၊ သုံးလေးငါးတန်းနဲ့ မော်ထဲရောက်လာကြသူတွေ လဲ ရှိကြတာပဲ၊ သူတို့တွေကတော့ သူများပျော်ရင်ပျော်မယ်၊ သူများ သွားရင်သွားမယ်၊ သူများလုပ်ရင်လုပ်မယ်ဆိုတဲ့ လူစားတွေလည်း အများကြီးကွ၊ စဉ်းစားတွေးခေါ်တတ်တဲ့ အသိဉာဏ်မရင့်ကျက် သူတွေပေါ့၊ သူတို့တွေကိုလည်း တို့က ပစ်ထားလိုက်လို့မရဘူး၊ လက်တွဲခေါ် ပြုပြင်ပေးရမှာပဲ၊ လွှတ်ထားရင်လွှတ်ထားသလို သူတို့ တွေ ဒုက္ခရောက်ကုန်ကြမှာပေါ့"

"ဟုတ်ပါတယ် ကိုအောင်၊ ကျွန်တော်လည်း အိပ်ဆောင် ထဲက ကောင်လေးတွေ အတော်များများကို ထိန်းကျောင်းပေးနေ ပါတယ်၊ တချို့က မုန့်ဖိုးလေးထောင့်ငါးရာ ရတာနဲ့ အရက်မှာကြ သူတွေ၊ အမဲဘူး၊ ဝက်ဘူး မှာကြသူတွေ၊ ဖဲရိုက်ကစားကြသူတွေ အများကြီး၊ လက်ထဲမှာ ပိုက်ဆံကို နွေးနေအောင် မကိုင်ဘဲ အမျိုး မျိုးဖြုန်းတီးနေကြတဲ့ ကောင်လေးတွေကို ဆုံးမနေရတာပဲ၊ သူတို့ အရက်မသောက်ဘဲလည်း နေနိုင်ကြတာပဲ၊ နေလည်းနေခဲ့ကြတာပဲ၊ ပိုက်ဆံလေးရတာနဲ့ ဘာမှ သတိမရဘူး၊ အရက်ကို သတိရကြတယ်၊

www.burmeseclassic.com



အရက်သောက်ပြီး ဆူကြ၊ ရန်ဖြစ်ကြ ဒါကြောင့် ကျွန်တော်ပြောထားတယ် မင်းတို့ ဒီတစ်ခါ အရက်သောက်တာ တွေ့လို့ကတော့ လုပ်ကွက်တာဝန်ခံကို တင်ပြပြီး အရေးယူခိုင်းမယ်လို့. . .”

“လပြည့်လကွယ် အပြင်မထွက်ရလို့ပေါ့၊ အပြင်ထွက်ရရင် ဒီကောင်တွေ အရက်ဆိုင်တောင်မကဘူး၊ ဘိန်းခန်းတို့၊ ဟို. . . အတန်းတို့တောင် ရောက်ကြမှာကွ၊ တချို့များ အပြင်ထွက်ခွင့်ရရင် ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ကြေညာပြီးတောင် ပြောနေကြတယ်၊ ဟစ်ကြွေးနေကြတယ်၊ သူတို့အစား အစ်ကို ကြက်သီးတောင် ထမိတယ်”

“ဒါနဲ့ အစ်ကို၊ ဝဏ္ဏ တော်တော်ပြောင်းလဲနေပါလား”

ကျော်သူအောင် ပြုံးလိုက်၏။

“ဟုတ်တယ်၊ ငါ့ဆီ မှန်မှန်လာတယ်၊ ဆရာကြီး ဦးဇော်ဟိန်းဆီလည်း သွားတာတွေ့နေရတယ်”

“ဒီကောင် စာကျက်နေပြီ၊ ညဆိုင်းဆင်းရတဲ့အခါ နေ့ဘက်စာကျက်နေတတ်ပြီး၊ နေ့ဆိုင်းဆင်းရတဲ့အခါ အိပ်ဆောင်ထဲမှာ ညဘက်စာကျက်နေတတ်တယ်၊ ည ၁၀ နာရီ ၁၁ နာရီမှ မီးမှိတ်လို့ သူ့ဘေးနားက အကောင်တွေနဲ့ စကားများနေရတယ်တဲ့”

“ဘာပဲဖြစ်ဖြစ် ကောင်းတဲ့သတင်းပါပဲ၊ ဒါနဲ့ သူ ရတနာ့ရဲ့ ရော တွေ့သေးလား”

ရန်နိုင်က နှုတ်ခမ်းရွဲ့ပြီးပြောသည်။

“ဒီကောင် ရတနာ့ကို ရှောင်နေတယ်၊ ဆုံတွေ့မခံဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ သူစာကျက်နေတယ်၊ စာဖတ်နေတယ်ဆိုတဲ့ သတင်းဟာ မင်္ဂလာရှိတဲ့ သတင်းပါပဲ၊ တချို့လူတွေ အလုပ်မင်ပန်းတယ်ဆိုပြီး အိပ်ကြ၊ နားကြ၊ အရက်မှာသောက်ကြ၊ ခပ်ကူး ရှူကြ၊ ရှိုက်ကြနဲ့စာရင် စာကျက်နေတယ်ဆိုတာ ကောင်းတာပေါ့၊ ရတနာနဲ့တွေ့ရင် ပြောလိုက်ပါကွာ၊ ဝဏ္ဏာစာကျက်နေတယ်လို့ ဒါမှ သူလည်း စိတ်ချမ်းသာမှာ"

"ဟုတ်ကဲ့ ပြောလိုက်မယ် အစ်ကို၊ ဝဏ္ဏာက နေ့ဆိုင်းဆင်းနေရတော့ နေ့လယ်ထမင်းစားချိန်ဆို ကျောင်းထဲမှာ စားတာ၊ ညနေဆိုရင်လည်း ၆ နာရီထိုးခါနီးမှ စားဖိုဆောင်ရောက်လာပြီး ထမင်းခူး၊ ဟင်းထည့်ပြီး အပြင်ထွက်စားတာ၊ စားဖိုဆောင်ထဲမှာတောင် စားတာမဟုတ်ဘူး၊ သူက ရတနာနဲ့ တွေ့မှာစိုးလို့ ရှောင်နေတာ"

"ဟုတ်ပါပြီ၊ သူစိတ်ချမ်းသာသလို နေပါစေ၊ လုပ်ပါစေ၊ လမ်းမှားမရောက်ဖို့ဘဲ တို့က စောင့်ကြည့်ရမှာ၊ ကောင်းတာလုပ်လို့ကတော့ တို့ဘာမှ မကန့်ကွက်ပါဘူး"

"ဒါနဲ့ ညီလေးက ညဆိုင်းလား"

"ဟုတ်တယ် အစ်ကို၊ ဝဏ္ဏာနဲ့ကျွန်တော်က ဆန့်ကျင်ဘက်၊ သူနေ့ဆိုင်းဆို ကျွန်တော်ညဆိုင်းပဲ"

"ကောင်းပြီ ညီလေးသွားအိပ်၊ ညဆိုင်းဆိုတော့ နေ့လယ်အိပ်ထားမှ ညအလုပ်လုပ်နိုင်မှာ"

"ကောင်းပါပြီ အစ်ကို" ဟုဆိုကာ ထွက်သွားသော ရန်နိုင်ကို ကျော်သူအောင် ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆရာကြီးဦးဇော်ဟိန်း လုပ်ကွက်အတွင်း လှည့်ပတ်စစ်ဆေးရင်း အောက်ချောဘားပုံးနားရောက်လာပြီး ခဲထုပ်များကိုကြည့်၏။

"ကျင်းအမှတ် ၁ ကောင်းသွားပြီ မဟုတ်လား၊ ခဲထုပ်တက်တာ နည်းလှချည့်လား"

ဟု ဝင့်စက်ဆရာ ကျော်သူအောင်ကို မေးသည်။ ကျော်သူအောင်က ဦးဇော်ဟိန်းကိုကြည့်ပြီး. . .

"ကျင်းဆင်းနေ့စား ပုတ်ပြတ်တွေက အရင် အယောက် ၂၀ လောက် လာတာဆရာ၊ ခု ၁၀ ယောက် ၁၂ ယောက်လောက်ပဲ လာကြတော့ ခဲခြင်းအတက်နည်းနေတယ်"

"အခု. . . အမှတ် ၁ ကျင်းရော၊ အမှတ် ၂ ကျင်းရော ခဲထုပ်တွေတက်နေရဲ့နဲ့ ခဲကြိတ်စက်ကို မနိုင်ဖြစ်နေတယ်"

"ဟုတ်ကဲ့ဆရာ၊ အောက်က ခဲထုပ်တက်သမျှ ကျွန်တော်တို့ တင်ပေးနေတာပါပဲ၊ ခု. . . ခေါင်းစားကျင်းတွေက ခဲထုပ်တွေ ဝေးသွားတယ်ထင်တယ်၊ ခဲဆွဲတာ သိပ်ကြာတယ်၊ အရင်လို မဟုတ်ဘူး၊ အရင် မနက်ပိုင်းတင် ခဲထုပ်တွေက အတော်များများ ရောက်နေပြီ"

"မဖြစ်ဘူး၊ ကျင်းဆင်းပုတ်ပြတ်ခေါင်းဆောင်ကို ပြောမှဖြစ်မယ်၊ တစ်နေ့ လူ ၁၅ ယောက် အနည်းဆုံးခေါ်လာမှ ဖြစ်မှာ၊ ခဲကြိတ်စက်ရပ်ထားလို့ မဖြစ်ဘူး၊ နားနေလို့ မဖြစ်ဘူး၊ ခဲကြိတ်စက်ရပ်သွား၊ ခဲမကျတော့တာနဲ့ ခဲရွှေမတွေရော ကျင်းပေါ် လုပ်သား

www.burmeseclassic.com

www.burmeseclassic.com



တွေကော အလုပ်ရပ်သွားရော၊ အဲဒီလိုဖြစ်တာမျိုး လုပ်ကွက်တာဝန်ခံကော၊ ခဲကြိတ်စက်မန်နေဂျာကော မလိုလားဘူး၊ ခဲအိတ်တွေအောက်က အဆက်မပြတ်တက်နေမှဖြစ်မှာ. . .”

ဦးဇော်ဟိန်း ချောဘားပုံးထဲ ခဲအိတ်များ ပစ်ထည့်နေကြသော လုပ်သားလေးများဆီ လျှောက်သွားပြန်၏။

“ကလေးတို့ ခဲအိတ်ထည့်ပြီး သန့်ရှင်းရေးကောင်းကောင်းလုပ်ကြ၊ လေးပင်ကျင်း စအိုဝမှာ ခဲတုံးတွေမရှိစေနဲ့၊ အောက်စအိုမှာ အလုပ်လုပ်နေကြတဲ့ ကျင်းသားလေးတွေရှိတယ်၊ ခဲလုံးသေးလေးတစ်လုံး အပေါ်က ကျလာရင်တောင် အောက်ကလူတွေကို ထိခိုက်မိရင် ဒဏ်ရာအကြီးအကျယ်ရနိုင်တယ်၊ အခန့်မသင့်ရင် သေတောင်သေနိုင်တယ်၊ မပေါ့ဆကြနဲ့၊ အလုပ်လုပ်တဲ့အခါ စေတနာထား၊ ကိုယ်ချင်းစာတရားရှိရှိနဲ့ လုပ်ကြ၊ ကြားလား. . .”

“ဟုတ်ကဲ့ ဦးလေး”

ချောဘားပုံးထဲ ခဲအိတ်တွေထည့်နေကြသော အလုပ်သမားလေးများက ဦးဇော်ဟိန်းကို တရိုတသေပြန်ပြောကြသည်။ ဦးဇော်ဟိန်း ကျင်းအမှတ် ၂ ဘေးမှ ဖြတ်ကာ မီးဖိုချောင်နောက်ဘက်သို့ ဆက်လျှောက်သွား၏။ မီးဖိုဆောင်နောက်ဘက် ထင်းပုံကြီးဘေးတွင် အုန်းတိုင်ဆွေးများကို လွှဖြင့်ဖြတ် ပုဆိန်ဖြင့်ခွဲနေကြသော လုပ်သားလေးနှစ်ယောက် ရှိနေကြသည်။ သူတို့ဘေးတွင် ဦးဇော်ဟိန်း ရပ်လိုက်သည်။

“မီးဖိုထဲကို ထင်းချောင်းတွေ အရမ်းမပစ်ချနဲ့ ကို. . . တလောက ထင်းတုံးကြီးတွေ အရမ်းပစ်ချလို့ မီးဖိုပေါက်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာလည်း ထမင်းချက်နေကြတဲ့ စားဖိုမှူးတွေ ရှိနေကြတယ်၊ လူကြည့်ပြီးမှ ထင်းတုံးကို ဖြည်းဖြည်းချ၊ ပြီးတော့ မီးဖိုချောင်ထဲမှာ ထင်းတွေကို သေသေသပ်သပ်စီ၊ လမ်းကြောင်းထဲက အုန်းတိုင်ဆွေးတွေကို အရင်ဖြုတ်၊ ခွဲ၊ ဟုတ်ပြီလား၊ လမ်းကရှုပ်နေတယ်. . .”

ထိုစဉ် ရေဆရာ ထွန်းလှအောင်က ဦးဇော်ဟိန်းရှေ့မှ ဖြတ်သွားသည်။

“ဟော့. . . ရေဆရာ၊ မီးဖိုခန်းထဲမှာလည်း ရေမရှိဘူး၊ ရေချိုးခန်းတွေထဲမှာလည်း ရေမရှိဘူး၊ အဲဒါ လုပ်ပါဦးဟ၊ ထမင်းချက်တာ နောက်ကျလို့ မဖြစ်ဘူး၊ အလုပ်နားတာနဲ့ ဘသားချောတွေက ပန်းကန်ဆွဲပြီး စားဖိုဆောင်ပြေးလာကြမှာ၊ စားဖိုဆောင်မှာ ထမင်းဟင်းအသင့်မဖြစ်လို့ မရဘူး၊ ရေမရှိရင် ဘာမှ လုပ်လို့ ရတာ မဟုတ်ဘူး. . .”

ရေဆရာ ထွန်းလှအောင်က ဆရာကြီးဦးဇော်ဟိန်းကို ကြည့်သည်။

“ရေမလာဘူးဆရာ၊ ရေစက်ပျက်နေတယ်ထင်တယ်. . .”

“ဟာ. . . ဘယ်ဖြစ်မလည်း၊ လာ. . . လာ. . . ငါ ရေစက်ကို တယ်လီဖုန်းဆက်ပေးမယ်၊ တော်တော်ခွကျတာပဲ”

ဆရာကြီးဦးဇော်ဟိန်း ရုံးခန်းဆီပြေးသည်။ ရေစက်ကို တယ်လီဖုန်းဆက်သည်။ ရေစက်တာဝန်ခံက ပိုက်ပျက်နေသောကြောင့် ပြင်နေပါသည်။ ပိုက်ပြင်ပြီး အမြန်လွှတ်ပေးပါမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လွှတ်ပေးပါဗျာ၊ ခု ၅၂၈ မှာ ရေအခက်အခဲ ဖြစ်နေတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ အမြန်ဆုံးပြင်ပြီး လွှတ်ပေးပါ့မယ်. . ."

"ကဲ. . . ရေဆရာ၊ အုတ်ရေလှောင်ကန်က မိုးရေတွေကို စားဖို့ဆောင်ဆီ အမြန်ပိုက်ဆက်ပြီးလွှတ်ပေး၊ နင့်မေကလွှား သူ့ပိုက် ပြင်ပြီးအောင်စောင့်နေရရင် ဘယ်အချိန် ထမင်းဟင်းချက်ရမလဲ၊ အဲဒါ အမြန်ဆုံးလုပ်. . ."

"ဟုတ်ကဲ့ဆရာ. . ."

ဆရာကြီးဦးဇော်ဟိန်း ရုံးခန်းတွင်းရှိ ကုလားထိုင်တွင် ထိုင်ရင်း အမောဖြေလိုက်၏။ မျက်အတွင်းမှာ စက်သံတွေကတော့ တဂျုံးဂျုံး။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

စက်သံတွေကတော့ တဂျုံးဂျုံး. . .။

လုံခြုံရေးမှူး အိုက်သောင်းနှင့်အဖွဲ့ဝင်နှစ်ယောက်တို့သည် မှော် ၅၂၈ ကိုပတ်လျက် ကြည့်ရှုစစ်ဆေးနေကြသည်။ အိပ်ဆောင်တွေထဲလည်း ဝင်ကြည့်သည်။

ည ၉ နာရီကျော်လာပြီဖြစ်သော်လည်း တချို့က မအိပ်ကြသေး။ ဖဲကစားသူတွေ၊ အရက်သောက်သူတွေ တွေ့ရှိပါက ဖဲထုပ်ကောအရက်ပုလင်းပါ သိမ်းယူပြီး အိမ်သာကျင်းထဲ ပစ်ထည့်ခိုင်းရသည်။ တချို့က အိပ်ပျက်ခံပြီး ဆေးပေါ့လိပ်ကြေး ဖဲကစားနေကြသည်။ အချို့က အရက်ခိုးသောက်လေ့ရှိသည်။ ဖိုးသမားတွေ့လို့ကတော့ ရုံးခန်းပို့ ချက်ချင်း အိပ်ရာလိပ်ခိုင်းပြီး မောင်းထုတ်ပစ်ရသည်။ သူတို့၏လုပ်အားခတွေ မခံစားရတော့။

သူတို့ ဘယ်တိုင်မည်နည်း။ သူတို့၏ သက်သေခံပစ္စည်းတွေက ရဲအချုပ်ရောက်ပြီး ထောင်တွေနှစ်ရှည်ကျသွားနိုင်သည် မဟုတ်ပါလား။ တကယ်တော့ ည ၉ နာရီ မီးမှိတ်အိပ်ကြဖို့စည်းကမ်းချက်ထဲမှာပါသည်။ မနက်ဖြန် စောစောထပြီး အလုပ်လုပ်ကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်ဝင်ကြရမည်။ အိပ်ရေးဝကြဖို့ လိုသည်မဟုတ်လား။ မနက် ၆ နာရီ ကျင်းဆင်းကြရမည့်သူတွေ အိပ်ရေးမဝလို့မဖြစ်။ ကျင်းဆင်းကျင်းတက် အရေးကြီးသည်။ ခြေချော်လက်ချော် ပြုတ်ကျသွားသည်ရှိသော် ပေ ၃၀၀ အနက် အရိုးအသားရှာတွေ့မည်မဟုတ်။

ပြီးတော့ အရက်၊ ဘိန်း စသည့် မူးယစ်သမားတွေကိုလည်း စောင့်ကြည့်စောင့်ဖမ်းရသည်။ သည်ကောင်တွေက စာရိတ္တပိုင်း ချို့ယွင်းလာပြီး လစ်ရင်လစ်သလို ခိုးတတ်လာသည်။ ထို့ကြောင့် သူတို့တွေကို ရှင်းပစ်မှ နောင်ကျောက်ခိုးမှုတွေကင်းမည်။

အလကား အပျော်ဖဲကစားသူများကိုတော့ ဖဲထုပ်သိမ်းပြီး နောင်မကစားတော့ဘဲ ကစားမိပါက ကုမ္ပဏီမှ ပေးသောပြစ်ဒဏ် ခံယူပါမည်ဆိုပြီး ရုံးခန်းတွင် လက်မှတ်ရေးထိုးကြရသည်။ ဤသည်မှာလည်း အကျင့်စာရိတ္တကောင်းမွန်ရေး၊ အိပ်ရေးမပျက်ဘဲ အလုပ်ကိုကောင်းစွာ လုပ်နိုင်ဖို့ ဖြစ်သည်။

အိပ်ဆောင်ပေါ် တက်လာကတည်းက မီးမမှိတ်သေးသည်ကို လုံခြုံရေးမှူး အိုက်သောင်းမြင်သည်။ အချို့လုပ်သားတွေ စောင်ခေါင်းမြီးခြုံပြီး အိပ်ပျော်နေကြပြီ။ သို့သော် ကျင်းဆင်းလုပ်သားဝဏ္ဏက အိပ်ရာထက်တွင် စာအုပ်တစ်အုပ်နှင့်။

"အိပ်ချိန်ဆိုတာ နားမလည်ဘူးလား၊ ည ၉ နာရီဆို မီးမှိတ်ရမယ်မဟုတ်လား၊ မင်းက ဘာတွေဖတ်နေတာလဲ၊ ဝဏ္ဏလား. . ."

www.burmeseclassic.com

www.burmeseclassic.com



အိုက်သောင်းက ဝဏ္ဏလက်ထဲမှ စာအုပ်ကို လှမ်းယူလိုက်သည်။

“ကျွန်တော် ကျောင်းစာဖတ်နေတာပါ၊ စာမေးပွဲဖြေမလို့ပါ”

“ဒါ စာသင်ဆောင်မဟုတ်ဘူး၊ လုပ်ကွက်၊ မှော် . . ၊ မင်း မနက်ဖြန် ကျင်းဆင်းရမယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“စာဖတ်မယ်ဆိုရင် ည ၉ နာရီကျော်ပြီ၊ စာဖတ်လို့ မရဘူး၊ မီးမှိတ်အိပ်ရမယ်ဆိုတာ မင်းသဘောပေါက်ထားပါ၊ ခုချက်ချင်း မီးမှိတ်၊ နောက်တစ်ခါ တွေ့ရရင် ရုံးခန်းအရောက်ပဲ”

ဝဏ္ဏက မီးမှိတ်ပြီးအိပ်ရန် ပြင်သည်။

“ရော့ မင်းစာအုပ်၊ နောက်တစ်ခါ ဒါမျိုးမတွေ့ချင်ဘူး”

“ဟုတ် . . . ဟုတ်ကဲ့ပါ”

အိုက်သောင်းတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျောက်ခွဲစက်အောက်ရှိ မှုန်ကန်ဆည်နေကြသည့်နေရာ ရောက်သွားကြသည်။ ယောက်ျားလေးတွေက မှုန်ကန်ထဲမှ မှုန်ခဲများကို ဂေါ်ပြားဖြင့်ကော်ပြီး တစ်ဖက်ရှိ ချိုင့်ကြီးအတွင်း လောင်းထည့်နေကြသည်။

သူတို့တွေ ခဲကြိတ်စက်ကြီးဘေးရှိ ရေချိုးကန်များထဲ ဝင်စစ်ဆေးပြီး အမျိုးသမီးဆောင်ဘက် လျှောက်ခဲ့ကြသည်။ အမျိုးသမီးဆောင်ပေါ်တွင် ကက်ဆက်သံတိုးတိုးထွက်နေသည်ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မအင်ချုပ်ချုပ် မှိုးမှိုး၊ ကက်ဆက်ဖွင့်နေတာ မကြားဘူးလား၊ ချက်ချင်းပိတ်ခိုင်းပါ"

အမျိုးသမီးဆောင်ပေါ်မှ ကက်ဆက်သံတိတ်သွားသည်။ မိန်းကလေးတွေ စကားတွတ်ထိုးနေသံတွေပါ ဆိတ်သွားသည်။ လုံခြုံရေးကင်းသမားတွေက စက်ဆရာတွေအခန်း ဝင်ကြည့်သည်။ တာဝန်ကျသူများမှအပ အခြားသူတွေ အိပ်နေကြပြီ။ စက်ခန်းမှ တစ်ဆင့် တောင်တက်လှေခါးလမ်းအတိုင်း အပေါ်ကင်းဆီ တက်ခဲ့ကြသည်။

အပေါ်ကင်းရုံတွင် မန်နေဂျာ အားဖာနှင့် စာရေးအားတွေ့တို့ကို တွေ့ရသည်။ သူတို့တွေကလည်း အပေါ်ကင်းကို ရှောင်တခင်လာရောက်စစ်ဆေးကြခြင်းဖြစ်မည်။ အပေါ်ကင်းရုံဘေးတွင် အပြင်ထွက်ပေါက်ရှိသည်။ အပေါ်မှ စီးကျလာသည့်ရေနှင့်အတူ ပါလာတတ်သည့် ခဲများ၊ သဲများဖြင့် မြောင်းပိတ်သွားမည်စိုး၍ တစ်တောင်သာသာအကျယ် ရေစီးမြောင်း ဖော်ထားသည်။ မိုးမရွာလျှင် သွပ်ပြားခံပြီး ပိတ်ထားသော်လည်း မိုးရေများဖြင့် မြောင်းတစ်လျှောက် ရေနှင့်သဲများစီးမျောလာလျှင် ရေများစီးဆင်းသွားနိုင်ရန် ဖွင့်ထားလေ့ရှိသည်။ အပြင်သို့ ခိုးထွက်ခိုးဝင်သူများက ဤမလွယ်ပေါက်ကို အသုံးချတတ်သည်။ လုံခြုံရေးသမားများက ကင်းရုံပေါ်အိပ်နေ၊ ခပ်ကူးနှင့်ဇိမ်လုပ်နေလို့ကတော့ ခိုးထွက်သူတို့ စိတ်ကြိုက်တွေ့လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ အပေါ်ကင်းတွင် တာဝန်ကျသူတချို့ စားဖို ဆောင် ရောက်နေတတ်သည်။ စားဖိုမှူးနှင့်ပေါင်းပြီး ညစာခိုးစားသူတွေလည်း ရှိသည်။ စားဖိုမှူးအငယ်မလေး ဝေမာကို ရစ်သီရစ်သီနှင့် အလုပ်ကူလုပ်ပေးသယောင်နှင့် ပိုးပန်းနေကြသူတို့လည်း ရှိသည်။ များသောအားဖြင့် ကျင်းဆင်းလုပ်သားလေးများက စားဖိုဆောင်ကို အချိန်မှဲ့မလာရဲကြ။

လုံခြုံရေးဝန်ထမ်းများသာ စားဖိုဆောင်မှာ ခြေရှုပ်နေကြသည်။ နေ့ရောညပါ သူတို့တွေချည့်။

သည်တော့ ကင်းသမား၊ လုံခြုံရေးသမားများကို လုပ်ငန်းတာဝန်ခံတို့က ထပ်ဆင့်စစ်ဆေးနေကြခြင်းဖြစ်သည်။

"ဘယ်လိုလဲ အောက်မှာ သေသေချာချာ စစ်ဆေးခဲ့ရဲ့လား"

"ဟုတ်ကဲ့ စစ်ခဲ့ပါတယ်"

မန်နေဂျာက လုံခြုံရေးမှူးအိုက်သောင်းကိုကြည့်သည်။

"ယမ်းတိုက်ဘေးနားကနေ မှော် ၁၉ ကုန်းအထက်၊ ပြီးတော့ ၂၂၃ ကျင်းပျက်ဘက်တက်တဲ့လမ်းကို မနက်ဖြန် သေသေချာချာစစ်ပြီး အခိုင်အမာပိတ်ခိုင်းပါ။ အဲဒီ နေရာမှာ လုံခြုံရေးကင်းမရှိဘူး၊ ကျော်တက်ပြီး ထွက်လို့လွယ်နေတယ်၊ ခု ဒီက ပြန်အဆင်း အဲဒီဘက်လှည့်သွားကြည့်ကြပါ၊ ပြင်စရာရှိရင် မနက်ဖြန်ပြင်ခိုင်း"

"ဟုတ်ကဲ့ခင်ဗျာ"

မန်နေဂျာနှင့်စာရေးတို့ အထက်ကင်းမှအောက်သို့ ပြန်ဆင်းသွားကြသည်။ သူတို့က အမျိုးသမီးဆောင်နောက်လမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းဘက်လှည့်ဆင်းသည်။ ဤမှ ယောက်ျားလေးဆောင်အောက်လမ်းအကိုင်း အမှတ် ၃ ကျင်းကို ပတ်ပြီး ကားရှိုဒေါင်ဘက်ဖြတ်ဆင်းလာကြသည်။ သည်တွင် ကားဘေး၌ထိုင်ပြီး စာဖတ်နေသော ဝဏ္ဏနှင့်ဆုံပြန်၏။

"မင်းက ဘာစာတွေဖတ်နေတာလဲ"

ဝဏ္ဏအလန့်တကြားမော်ကြည့်သည်။ မန်နေဂျာနှင့်စာရေးတို့ကို တွေ့တော့ စာအုပ်ကို ပိတ်ပြီး. . .

"ကျွန်တော်ခဏစာဖတ်နေတာပါ၊ အိပ်ဆောင်ထဲမှာ စာဖတ်ရင် စည်းကမ်းဖောက်ရာကျမှာစိုးလို့၊ ခု ကားဂိုဒေါင်က မီးရောင်နဲ့လာဖတ်နေတာပါ"

"ဘာစာတွေဖတ်နေတာလဲ"

စာရေးကြီးက စာအုပ်ကိုယူကြည့်သည်။

"ကျောင်းစာပါ ကျွန်တော် ဒီနှစ်မှာ စာမေးပွဲ ပြန်ဖြေမလို့ပါ"

"မင်း မနက်ဖြန်ကျင်းဆင်းရမယ် မဟုတ်လား။ တစ်အားညဉ့်နက်ခံပြီး စာဖတ်မနေနဲ့၊ အိပ်ရေးပျက်မယ်၊ စာမေးပွဲကလည်း အဝေးကြီးလိုပါသေးတယ်"

စာအုပ်ကိုလှမ်းပေးရင်း ဝဏ္ဏကို ကြင်နာစွာကြည့်သည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ၁၀ နာရီထိပဲ ဖတ်မှာပါ. . ."

မန်နေဂျာနှင့်စာရေးကြီးတို့ ဝဏ္ဏအပါးမှ ထွက်ခွာသွားကြပြီး ဆီဂိုဒေါင်နှင့် ဝင့်စက်ဆရာတို့ အလုပ်လုပ်နေကြသည်ကို စစ်ဆေးကြသည်။ ပြီးမှ စားဖိုဆောင်ထဲ ဝင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏစာအုပ်ပိုက်ပြီး နေရာမှ ထသည်။ ဝင့်စက်ဆရာကျော်သူအောင်၏ အိပ်ခန်းဘက်ဆီလျှောက်ခဲ့သည်။ အိပ်ခန်းထဲတွင် မီးမှိတ်၍အိပ်နေကြပြီ။ ညဆိုင်းတာဝန်ခံ ကျော်စိုးလှိုင်က. . .

"မအိပ်သေးဘူးလား ဝဏ္ဏ. . ."

ဟုမေးသည်။ ဝဏ္ဏခေါင်းခါပြီး ဝင့်စက်ဘေးရှိ ခုံတန်းတွင် ဝင်ထိုင်လိုက်သည်။

"ကော်ဖီမစ်သောက်မလား၊ ဖျော်ပြီးသားရှိတယ်. . ."

ကျော်စိုးလှိုင်က မေးသည်။ ဝဏ္ဏက ခေါင်းရမ်းပြီး အမှတ် ၂ စအိုပေါက်မှ ထွက်ကျလာသော ခဲထုပ်များကို ငေးကြည့်နေသည်။

"အစုဖြတ်ခါနီးပြီနော်၊ လောပန်းမလည်း လာတော့မယ်၊ ခု မန္တလေးရောက်နေပြီတဲ့. . ."

ဝဏ္ဏက စိတ်မဝင်စား၊ အစုဖြတ်လည်းသူတို့က လစာသာရမည်၊ ကျင်းသား၊ ခဲရွှေမအားလုံးက ခုအပတ်လခစားတွေ၊ ခဲရွှေမနှစ်သောင်း၊ ကျင်းသားသုံးသောင်း ဒါပဲရမည်။ ဘာပဲဖြစ်ဖြစ် ငွေအချို့စုပြီး အချို့အိမ်ပို့ပေးမည်။ စာမေးပွဲဖြေဖို့ စရိတ်လည်းလိုသည်၊ စာမေးပွဲဖြေနေသည့်ရက်အတွင်း ထမင်းဟင်းအပြင်က ဝယ်စားရမည်။ ဝမ်ကန်မှာ စာစစ်ဌာနမရှိ။ မိုင်းရှူးဆင်းဖြေရမည်။

ဘာပဲဖြစ်ဖြစ် ဝဏ္ဏတို့အစွမ်းပြရမည်။ အနှိမ်ခံ၊ အစော်ကားခံဘဝက ရုန်းထွက်နိုင်ရမည်။ ဆယ်တန်းအောင်ဖို့က ဘယ်လောက်များခက်လို့လဲ။ အမှတ် ၁၀၀ ပေး ၄၀ ရ အောင်တာမျိုး။ ဆယ်တန်းလေးအောင်ရုံမျှနှင့် လူကို မထီမဲ့မြင် မလေးမစားလုပ်ချင်တဲ့ ရတနာတို့ကို အမောက်ထောင်ပြနိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရိုးရိုးအောင်တာ၊ ကိုယ်က ဝုဏ်ထူးတွေ ထသီကြီးနှင့် တန်းစီပြီးအောင်ပြလိုက်မည်။

ဝဏ္ဏာနေရာမှ ထပြီး ကားဂိုဒေါင်ဆီ ပြန်သွားလိုက်သည်။ ခဲထည့်အိတ်လွတ် တစ်ထပ်ကြီးခင်းပြီးထိုင်ကာ စာအုပ်ကို ပြန်လှန်သည်။ စာတွေပြန်ဖတ်သည်။ အချိန်ကလင့်လာသည်။ ကင်းတဲဆီက ဆယ့်တစ်ချက် သံချောင်းခေါက်လိုက်ပြီ။

ဝဏ္ဏာနေရာမှထပြီး အိပ်ဆောင်ပေါ်တက်ခဲ့သည်။ အိပ်မှ မနက်ဖြန်မနက် ငါးနာရီထရဦးမည်။ ကျင်းဆင်းရဦးမည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ခဲကြိုတ်စက်သိမ်းလိုက်ရပ်လိုက်ပြီးသည့်နောက် ခါစက်ကြီးကိုလည်း ရပ်လိုက်ကြသည်။ ခါစက်ကြီးအား ဖြတ်ပြီး စီးဆင်းနေသော လေးလက်မ၊ နှစ်လက်မပိုက်များမှ ရေစီးလမ်းကိုလည်း လွှဲလိုက်သည်။

ဤအခါ ခါစက်နို့အုံနှစ်ခု၏အထက်ရှိ ကျောက်ကျန်ခွက် ၁၂ ခွက်သည် ထင်ထင်ရှားရှားပေါ်လာကြသည်။ ကျောက်ကျန်ခွက်များ အားလုံးတွင် သဲကျောက်အမှုန်များ ပြည့်နှက်လျက်ရှိနေသည်။

လုပ်ငန်းတာဝန်ခံ၊ မန်နေဂျာနှင့်လောပန်းမတို့သည် ကျောက်ကျန်ခွက်များကို စူးစိုက်ပြီး ကြည့်နေကြ၏။ လောပန်းမ တောင်ကြီးမှ ရောက်လာသည်မှာ တစ်ပတ်ခန့်ပင် ရှိသေးသည်။ မှော်ထဲသို့ပြန်ရောက်သည်နှင့် ဘုန်းကြီးများပင့်ကာ ဆွမ်းကျွေးသည်။ ကမ္ဘာ့ဝါဖတ်ကာ အမျှအတန်းဝေသည်။ မီးလွတ်ဆရာတော်၏ တရားနာယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်းဆင်းလုပ်သား၊ ကျင်းပေါ်လုပ်သား၊ ကျင်းဆရာ၊ အင်ချုပ်နှင့် ခဲရွေးမလေးများ၊ ရုံးတာဝန်ရှိသူများအားလုံးအား ကြက်သားဟင်းဖြင့် ထမင်းကျွေးသည်။ ပြီးတော့မှ လုပ်ကွက်မှော် ထဲဝင်သည်။ ယနေ့ကား လောပန်းမ မှော်ထဲဝင်သောနေ့ ဖြစ်သည်။ တစ်နေ့လုံး မှော်ကြီးအတွင်း လှည့်ပတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဝင့်စက်၊ ချောဘားစက်၊ မီးစက်တွေကိုလည်း လှည့်ကြည့်သည်။ လေးပင်ကျင်းသုံးကျင်းအနက် ပြုရပြင်ရမည့်ကျင်းများကိုလည်း ကျင်းဆရာတွေနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။

လုပ်ကွက်အတွင်းမှ မကျေနပ်ချက်များ၊ ကျင်းဆရာ၊ အင်ချုပ်၊ ကျင်းသားတို့၏တောင်းဆိုချက်များကိုလည်း နားထောင်သည်။ ကျင်းသားအချို့က လပြည့်လကွယ် အပြင်ပေးထွက်ဖို့ တောင်းဆိုချက်များကို စဉ်းစားပေးပါမည်ဟု မယုတ်မလွန်ပြောကြား ခဲ့သည်။ သူလုပ်ကွက်တာဝန်ခံ၊ ရုံးအဖွဲ့တို့နှင့် ညှိနှိုင်းပြီး လုပ်သား များတောင်းဆိုသည့်အချက်ကို ဆောင်ရွက်ပေးပါမည်ဟု ဆိုထား၏။

"ကျွန်မက ကိုယ့်ဘက်ကိုပဲ မကြည့်ပါဘူး၊ အားလုံးရဲ့ အကျိုးကိုကြည့်ရမှာပေါ့၊ ကျောက်ရဖို့ဆိုတာ ကျွန်မတစ်ယောက်တည်း ရချင်လို့ချင်လို့ရတာမျိုး မဟုတ်ဘူး၊ တကယ်လက်တွေ့ တူးဖော် လုပ်ကိုင်ပေးနေသူတွေက မြေအောက်ကျင်းဆင်းလုပ်သားတွေ၊ ကျင်းဆရာတွေ၊ အင်ချုပ်တွေပါ၊ သူတို့တွေ အသက်စွန့်ထွက်လုပ် ပေးကြလို့ ကျောက်ကောင်းကျောက်မျက် ပွင့်ကောက်တွေ့ရခဲ့တာပါ၊ မြေအောက်က တူးဖော်ပေးလိုက်တဲ့ ဂန်းထိုး၊ ယမ်းခွဲ၊ တူထုပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ခဲအိတ်တွေကို ကျင်းပေါ်လုပ်သားတွေက အဆင့်ဆင့် တာဝန်ယူပြီး ခွဲစက်ဆီပို့ပေးကြပါတယ်။ ခွဲစက်ကမှ ခဲကြမ်း၊ ခဲနုတ် စတာတွေကို ကြိတ်ဝါးပြီး ခဲရွေးမလေးတွေက ရွေးပေးခဲ့ကြပါတယ်။ ပြောရမယ်ဆိုရင် အားလုံးအလုပ်လုပ်ပေးကြလို့ ကျွန်မတို့ ကျောက် တွေရတာပါ၊ အဲဒီကျောက်တွေရဖို့ တစ်နည်းပံ့ပိုးပေးနေကြသူ တွေက စားဖိုမှူးတွေပဲဖြစ်ပါတယ်၊ အလုပ်သမားတွေအားလုံး အချိန် မှန်ထမင်းစားရဖို့ နေ့မအားညမအား ချက်ပြုတ်ပေးနေရတာလည်း လွယ်တဲ့အလုပ်မဟုတ်ပါဘူး၊ အလုပ်သမားနှစ်ရာနီးပါးအတွက် နေ့စဉ်ချက်ပြုတ်စီမံပေးနေကြရတာ၊ ထမင်းလေးနပ်ကျွေးနေရတာ အလှူလေးတစ်ခုပါပဲ၊ အလှူမှာ ချက်ရတာက တစ်ရက်နှစ်ရက်ပါ၊ မှော်ထဲမှာ၊ ကုမ္ပဏီမှာချက်ရတာက နေ့စဉ်နေ့တိုင်းမဟုတ်လား၊ ဒါတောင် ထမင်းမကောင်းလို့ ဟင်းမကောင်းလို့ဆိုပြီး ဆူပူမှုတွေကို သည်းခံချက်ပြုတ်နေကြရသူတွေလည်းဖြစ်တယ်၊ နောက် မှော်ထဲက အလုပ်သမား၊ အလုပ်သမလေးတွေ နေမကောင်းဖျားနာဒဏ်ရာ ရသူအသီးသီးကို စိတ်ရှည်လက်ရှည် ဆေးကုပေးနေတဲ့ ဆေးမှူး တာလည်း ကျောက်ရရှိဖို့အတွက် တစ်နည်းတစ်ဖုံကူညီနေသူဖြစ်ပါ တယ်၊ အလုပ်သမားတွေ နေကောင်းကျန်းမာကြမှ အလုပ်လုပ်နိုင် မှာမဟုတ်လား။ နောက် . . . ဂိုဒေါင်မှူးတို့ အဝယ်တော်တို့ဟာလည်း ကျောက်ရရှိရေးအတွက် တစ်နည်းတစ်ဖုံပံ့ပိုးပေးနေကြသူတွေ ဖြစ်ပါတယ်၊ ပြောရမယ်ဆိုရင်တော့ အများကြီးပါ၊ ဝင့်စက်ချောဘား စက်၊ ခဲကြိတ်စက်၊ ခါစက်၊ မီးစက်၊ ရေစက် တာဝန်ရှိသူအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း ကျောက်ရဖို့ကို သွယ်ဝိုက်တာဝန်ယူဆောင်ရွက်ပေးနေကြတဲ့ သူတွေဖြစ်ပါတယ်၊ ခြုံပြီးပြောရရင် လုပ်ငန်းတာဝန်ခံဖြစ်တဲ့ မန်နေဂျာ စတဲ့ ရုံးအဖွဲ့နဲ့တကွ လုံခြုံရေးတာဝန်ရှိတဲ့ ကြီးကြပ်ကွပ်ကဲသူအားလုံး ဟာ သူ့တာဝန်နဲ့သူ ကျေအောင်ဆောင်ရွက်ခဲ့ကြလို့ ကျွန်မတို့ ကျောက်တွေရရှိခဲ့ကြခြင်းဖြစ်ပါတယ်။ ကျွန်မတို့ မှော်ဟာ ၅၂၈ ဖြစ်ပါတယ်၊ ၅၂၈ ဆိုတာ အင်မတန်ခိုင်မြဲတဲ့ မိသားစုရဲ့မေတ္တာစိတ် ကိုဖော်ညွှန်းနေတယ်လို့ ကျွန်မထင်ပါတယ်၊ ကျွန်မတို့အားလုံးဟာ ညီအစ်ကိုမောင်နှမစိတ်၊ တစ်သွေးထဲတစ်သံထဲ ညီညွတ်ကြတဲ့ မေတ္တာစိတ်၊ တစ်ယောက်နဲ့တစ်ယောက် ခင်မင်တွယ်တာသံယောဇဉ် တွေ တင်းကျပ်ရစ်ပတ်နေကြတဲ့ မိသားစုစိတ်ဓာတ်တွေနဲ့ စုပေါင်း လုပ်ဆောင်ခဲ့ကြလို့ ပြီးခဲ့တဲ့အစုခွဲချိန်တုန်းကလည်း ကျောက်ပိသာ သုံးဆယ်ရရှိခဲ့တာ အားလုံးအသိပါပဲ၊ အခု အစုခွဲချိန်မှာလည်း ပြီးခဲ့တဲ့ အပတ်ကထက် မလျော့မနည်းရရှိကြလိမ့်မယ်လို့ ကျွန်မထင်ပါတယ်။

မှော် ၅၂၈ ဟာ ၅၂၈ သွယ်သော မေတ္တာဓာတ်တွေနဲ့ ကိန်းဝပ်နေတဲ့မှော်၊ မိသားစုစိတ်ဓာတ်နဲ့ သံယောဇဉ်တွေတစ်ဦးပေါ် တစ်ဦးရစ်ပတ်နေတဲ့မှော် . . . အဖြစ်နဲ့ ဒီရတနာမြေမှာ မော်ကွန်းထိုး ကမ္ပည်းတင်နိုင်ပါပြီ။

ကျွန်မ ရရှိခဲ့တဲ့အကျိုးအမြတ်ထဲကနေပြီး မီးလွတ်အရပ် တော်ရဲ့ မဟာသန္တိသုခကျောင်းမြေပရိဝုဏ်အတွင်းမှာ လောက ချမ်းသာဘုရားကြီးဖြစ်တဲ့ မန္တလေးမဟာမြတ်မုနိဘုရားပုံတော်တူ ကြေးဆင်းတုတော်ကြီးကိုလည်း သိန်း ၃၀ ကျော်အကုန်ခံပြီး ထုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ခဲ့ပြီးပါပြီ၊ ပြီးတော့ စစ်ကိုင်းမြို့က ကောင်းမှုတော်စေတီပုံတူရုပ်ပွားတော်ကြီးကိုလည်း မဟာသန္တိသုခကုန်းမြင့်ထက်မှာ သိန်း ၁၀၀ ကျော်အကုန်ခံပြီး တည်ထားကိုးကွယ်နိုင်ခဲ့ပါပြီ၊ နောင်လည်း ကျွန်မ ဆက်ပြီးလှူပါဦးမယ်၊ ကျွန်မရဲ့အလှူဟာ မှော် ၅၂၈ က ကျောင်းသားတွေ၊ ခဲရွှေမလေးတွေအားလုံးရဲ့အလှူ ဖြစ်ပါတယ်။

အားလုံးအသက်စွန့်ပြီး ရှာဖွေပေးခဲ့ကြလို့သာ ကျွန်မ လှူနိုင်၊ ဒါနပြုနိုင်ခဲ့ခြင်းဖြစ်ပါတယ်၊ ဒီအတွက်လည်း အားလုံးကုသိုလ်အပေါ်မှာ သာဓုခေါ်နိုင်ကြပါတယ်. . .။

မှော်တို့ပြန်ရောက်လာပြီး ပြုလုပ်သည့်အစည်းအဝေးတွင်ပင် လောပန်းမက ခုလိုရင်ဖွင့်ပြောကြားခဲ့ပါသည်။ သည်စကားတွေကြားရတော့ ကျောင်းသားတွေကော ခဲရွှေမလေးတွေပါ ပိုပြီးတက်ကြွလာကြသည်။ ဟုတ်သည်။ မှော် ၅၂၈ သည် ၅၂၈ သွယ်သောမေတ္တာဓာတ်များ ကိန်းအောင်းနေသည့် မှော်ကြီးပင် မဟုတ်ပါလား။

လုပ်ကွက်တာဝန်ခံက ကျောက်ကျန်ပထမခွက်ထဲမှ သဲနုန်းကျောက်အားလုံးကိုကျုံးပြီး သံဆန်ခါထဲသို့ထည့်လိုက်သည်။ လောပန်းမက ဆန်ခါထဲရောက်လာသည့် သဲကျောက်ခဲများကို သံစည်ပိုင်းပြတ်တွင်နှစ်ပြီး ဆန်ခါဝိုက်လာသည်။ ဆန်ခါဝိုက်ပြီး ကျောင်းဆရာ၊ အင်ချုပ်၊ ရှုံးတာဝန်ခံများ ရှေ့မှောက်ချလိုက်သည်။

လောပန်းမ မှောက်ချလိုက်သောဆန်ခါကို မန်နေဂျာက လှန်ဖွင့်ပြီးနောက် မအင်ချုပ်ချုပ် မျိုးမျိုးက ဇာဂနာဖြင့် ကျောက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လေးများကို ကောက်ယူနေသည်။ သူ ကောက်၍ရသော ကျောက်လေးများကို ရွှေ့ရှိရေခွက်နီလေးထဲ ထည့်နေသည်။

ပြီးတော့ ဇာဂနာဖြင့် တွန်းထိုးဖယ်ရှားကာ ကျောက်ပွင့်လေးများရှာနေ၏။ ဤအချိန်တွင်ပင် လောပန်းမက မျှိုးမျိုးလက်ထဲမှ ဇာဂနာကို တောင်းယူပြီး သဲနုန်းများကြားမှ ကျောက်ပွင့်လေးတစ်ပွင့်ကို ကောက်ယူလိုက်သည်။

အားလုံး၏မျက်လုံးတွေက လောပန်းမ ကောက်ယူလိုက်သော ကျောက်ကလေးကို ဝိုင်း၍ကြည့်နေကြ၏။ ပြီးတော့ ကျောက်ကြည့်လက်နှိုပ်ဓာတ်မီးဖြင့် ကျောက်ကလေးကို ထိုးကြည့်စိစစ်နေကြသည်။ မကြာမီ . . .

"ဟေး . . ." ဟူသော ဆူညံသံကြီးများ ပေါ်ပေါက်လာပြီး လုပ်ငန်းတာဝန်ခံက မြေပဲလုံးလောက်ရှိသည့် ကျောက်လေးတစ်လုံးကို လောပန်းမအား ကောက်၍ပေးလိုက်သည်။ လောပန်းမက မီးရောင်တွင်ထောင်၍ကြည့်သည်။ သူမ မျက်နှာဝင်းလက်တောက်ပနေလေသည်။ မျက်လုံးတွေက အရောင်တွေဝင်းလက်နေသည်။ အဖိုးတန်ပွင့်ကောက်တစ်ပွင့်ဖြစ်ကြောင်း အားလုံးသိရှိကြသည်။

သပြေသီးမှည့်ရောင်ကျောက်လေး၊ အရည်အသွေးကလည်း ရှန်းလက်လို့၊ အထိုင်ကလည်း ပြောစရာမရှိ။ ကျောက်အတွင်းမှာလည်း အူခြောက်တွေ၊ အပ်တန်းတွေ၊ အမြှေးတွေ၊ အငွေ့တွေ မတွေ့ရ။ ငါးကြင်းမြီးကွက်လည်း မရှိ။ ပယ်နုန်းကိုလည်း မြင်လိုက် သည်နှင့်ပင် ခွဲခြားနိုင်သည့်ကျောက် . . ။

www.burmeseclassic.com

www.burmeseclassic.com



လောပန်းမ ကျောက်ကိုကိုင်ပြီးခုန်သည်။

အားလုံးက "ဟေး . . . ဟေး. . . ဟေး . . ." ဟူသော အသံကြီးတွေနှင့် အောင်ပွဲခံလိုက်ကြပြီ။

ကျောက်ကျန်ခွက်တွေကို ဆက်လက်ဖော်ကြသည်။ ဆန်ခါဝိုက်ကြသည်။ ဆန်ခါမှောက်ပြီး ကျောက်ကလေးတွေကို ကောက်ကြသည်။

အားလုံး၏ရွှင်ပျလန်းဆန်းနေကြသော မျက်နှာများနှင့်အတူ ခါစက်သိမ်းပွဲသည် ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံလိုက်ပြီဟု ဆိုနိုင်လေတော့သတည်း။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မီးလွတ်ဆရာတော်ဘုရားကတော့ နောင်လည်း ကျောက်မျက်ကျောက်ကောင်းတွေ အခုထက်ပိုမိုရရှိထွက်ရှိပြီး အလုပ်သမားတွေ၊ အလုပ်သမလေးတွေလည်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်ကင်းစင်ကြပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေဟု ဆုပေးသည်။

ရွှေတန်းကျောက်မျက်ရောင်းဝယ်ရေး၌ာနမှ ဒု-ညွှန်ကြားရေးမှူးဖြစ်သော ဗိုလ်မှူးသန်းထိုက်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဘန်းတို့ကတော့ ကမ္ဘာ့အေးကျောက်မျက်ပြပွဲနဲ့ရောင်းချပွဲမှာ မော် ၅၂၈ က သူများကျင်းတွေမော်တွေက အမေရိကန်ဒေါ်လာတစ်သောင်းခွဲဖိုးရောင်းချပေးရင် အနည်းဆုံးဒေါ်လာသုံးသောင်းဖိုး ရောင်းချပေးရမယ်နော်. . . ဟု မှာကြားသွားသည်။

လောပန်းမကတော့ပြုံးပြီး . . .

"ရောင်းပေးမယ် ဗိုလ်မှူး၊ ဒေါ်လာသုံးသောင်းဖိုးမဟုတ်ဘူး၊ ဒေါ်လာငါးသောင်းဖိုး အနည်းဆုံးရောင်းပေးပါ့မယ် . . ." ဟု ပြုံးရွှင်ရယ်မောရင်း ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားလေးတွေ၊ အလုပ်သမခဲရွှေးမလေးတွေကတော့ ကြက်သားဟင်းနှင့် အုန်းထမင်းတို့ဖြင့် စည်းစိမ်ရစ်လျက်ဆီမပါသည့် မုန့်ညင်းဟင်း၊ တို့ဟူးတုံး၊ ခရမ်းသီးဟင်းစားခဲ့ရသည့်တစ်ချိန်ကအဖြစ်သနစ်တွေကိုမေ့ကာ မြိန်ရေရှက်ရေစားသောက်ပျော်ရွှင်လျက်ရှိနေကြတော့သည်။

စားသောက်ကြပြီးနောက် လောပန်းမက ကျင်းပေါ်ကျင်းအောက် အလုပ်သမားအားလုံးနှင့် ခဲရွှေးမလေးများအား ဝတ်စုံတစ်စုံစီဖြင့် အပိုဆုပေးလေသည်။

အစုဖြတ်လိုက်သောအခါ ကျင်းဆရာ၊ အင်ချုပ်၊ အပ်ချုပ်ချုပ်၊ ကျင်းချုပ်၊ မန်နေဂျာ၊ အင်ချုပ်ချုပ်မ၊ အဝယ်တော်၊ လုံခြုံရေးတို့သည် သုံးလအတွင်း အနည်းဆုံးသုံးသိန်းမှ ငါးသိန်း၊ ခုနှစ်သိန်း၊ ဆယ်သိန်း အသီးသီးရရှိသွားကြလေသည်။

ကျင်းလုပ်သားလေးအသီးသီးကိုလည်း တစ်လလျှင်အနည်းဆုံးလေးသောင်းမှ ခြောက်သောင်းအထိ တိုးမြှင့်ပေးလိုက်ပြီးဆေးနားသူများ၊ ပျက်ကွက်သူများအားလည်း ဖြတ်တောက်ခြင်းမပြုတော့ဘဲ လုပ်အားခအပြည့်ရှင်းပေးလိုက်လေတော့သည်။ ခဲရွှေးမလေးများကို ယခင်က တစ်လနှစ်သောင်းသာပေးမည်ဟု စာချုပ်တွင်ချုပ်ဆိုထားသော်လည်း အပိုဆုကြေး တစ်ဦးတစ်သောင်းထပ်ဆောင်းကာ. . . တစ်ဦးသုံးသောင်းစီ၊ သုံးလအတွက်ကိုးသောင်းကျပ်စီ ထုတ်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှော်လုပ်ကွက်ကြီးအတွင်းရှိ စားဖိုဆောင်အတွင်းမှာတော့ ဝင့်စက်ဆရာကျော်သူအောင်က ခဲရွှေးမလေးသက်သက်နှင့် တီးတိုး တိုင်ပင်နေကြသည်။

"အခု အစုဖြတ်ပြီးပြီ၊ အလုပ်ပြန်စကြရင် တို့နှစ်ယောက်လုံး မှော် ၅၂၈ မှာပဲ ပြန်လုပ်ကြမယ်နော်၊ ပြီးတော့ ပိုက်ဆံစုကြသေး တာပေါ့" ဟု ကျော်သူအောင်က ဆိုသောအခါ သက်သက်က အသာပင်ခေါင်းညိတ်၏။

"အစ်ကို့သဘောပါပဲ၊ သက်လည်း အိမ်ကိုငွေပို့ပြီး ကျန်တာ ပြန်စုမယ်"

သူတို့နှစ်ယောက် ပြုံးလိုက်ကြသည်။

"တစ်နှစ်လောက်တော့ ခုလိုပဲနေကြသေးတာပေါ့နော်" ဟု ဆိုလိုက်သံကိုကြားရတော့ ရန်နိုင်က နန်းခမ်းလှိုင်ကိုကြည့်သည်။

"ဘယ်လိုလဲ ဝင့်စက်ဆရာတို့ကတော့ တစ်နှစ်ရက်ရွှေ့ လိုက်ပြီ၊ တို့နှစ်ယောက်ကတော့ ဘယ်နှစ်နှစ်ထပ်ပြီး ရက်ရွှေ့ရဦး မှာလဲ"

နန်းခမ်းလှိုင်က ပြုံးသည်။

"သူများက ခုမှကျောင်းပြန်တက်ရဦးမှာ၊ အနည်းဆုံး သုံးနှစ် လောက်တော့စောင့်ဦးပေါ့"

"စောင့်ပါတယ်ဗျာ၊ ဒါပေမဲ့ မိုင်းရှူးအချစ် ၁၅ မိနစ်ဆိုပြီး တို့ကို မေ့မသွားပါနဲ့နော် . . ."

www.burmeseclassic.com

www.burmeseclassic.com



"မမေ့ပါဘူး၊ အစ်ကိုရန်နိုင်ကသာ မှော်ထဲမှာ ကျန်ခဲ့မှာ မဟုတ်လား၊ ခဲရွှေမအသစ်ကလေးတွေ၊ အင်ချုပ်မအသစ်ကလေး တွေနဲ့တွေ့ပြီး နန်းကို မေ့သွားမှာစိုးတယ် . . ."

"ဒါက အစ်ကိုပြောရမှာပါ၊ အစ်ကိုက ကျင်းထဲမှာ ဂန်းထိုး၊ ယမ်းခွဲပြီး ကျန်ခဲ့ရမယ့်သူပါ၊ နန်းက ပင်လုံတက္ကသိုလ်ကြီးမှာ ဘဝတူ တက္ကသိုလ်ကျောင်းသားလေးတွေနဲ့တွေ့ပြီး မြေအောက်ကျင်းထဲက အစ်ကို့ကိုမေ့သွားမှာစိုးတာပါ၊ ဘာပဲဖြစ်ဖြစ်လေ အစ်ကိုကတော့ နန်းကို စောင့်မျှော်နေမှာပါပဲ . . ."

"စိတ်ချပါ အစ်ကို၊ အစ်ကိုလည်း ခုနှစ်တစ်နှစ်ပြီးရင် ဘွဲ့ရ ပြီပဲ၊ အောင်အောင်မြင်မြင်နော်၊ နန်းလည်း ကြိုးစားမယ်၊ ဒါမှ နောင်ရေး အတွက် စိတ်ချရမှာ"

"ဟုတ်ပါပြီ နန်း၊ အစ်ကိုလည်း ငွေစုပါ့မယ်၊ နန်းကျောင်း မှာ ငွေလိုမယ်ထင်တယ်၊ အစ်ကို ပို့ပေးမယ်နော်၊ အစုဖြတ်ချိန်၊ လခထုတ်ချိန်ရောက်တိုင်း ညီမဆီ ငွေပို့ပေးမယ်"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ဝမ်းနည်းနေကြသည်။ မကြာမီ သူတို့တွေ ခွဲကြရတော့မည်။ အစု ဖြတ်လစာထုတ်ပြီးပြီမို့ သူတို့တွေ မှော်ကြီးထဲက ခေတ္တခဏ အပြင်သို့ ထွက်ကြရဦးမည်။

ပြီးတော့မှ မှော်ကြီးက လျှောက်လွှာခေါ်ပြီး သူတို့ကို အလုပ်တွေပြန်ခန့်မည်။ ထွက်ချင်သူတွေ ထွက်ကြပြီး ဝင်ချင်သူတွေ ပြန်၍ဝင်လာနိုင်ကြသည်။ ဤသို့ဖြင့် မှော်ကြီးသည် လည်ပတ်နေ သိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာတွင်ကား ကျောင်းဆင်းလုပ်သားလေး အောင်ထွန်းဇော်က စားဖိုမှူးဝေမာထံ ရောက်ရှိနေသည်။

"ဘယ်လိုလည်း ဝေမာ၊ ၅၂၈ မှာပဲ အလုပ်ပြန်ဝင်မယ် မဟုတ်လား၊ ပြန်ဝင်နော်၊ ငါလည်း ၅၂၈ မှာပဲ အလုပ်ပြန်လုပ်မယ်၊ တို့နှစ်ယောက် ပြန်ဆုံကြပြီး ငွေတွေစုကြတာပေါ့"

ဝေမာက မျက်နှာငယ်လေးနှင့်ဆိုရှာသည်။

"တို့အမေက မကျန်းမာဘူး၊ ရွာကိုပြန်ချင်နေတယ်၊ တို့ ပြန်လိုက်သွားရမလားမသိဘူး . . ."

"မပြန်ပါနဲ့လား ဝေမာရယ် . . .၊ ငါလည်း နင့်အမေကို ဆေးကုပေးပါ့မယ်၊ ငါရတဲ့ငွေထဲက တစ်ဝက်ကို နင်ယူပါဟယ်၊ နင့်အမေကို ဆေးကုပါ၊ ဟုတ်ပြီလား . . ."

"အဲဒီလိုတော့ မလုပ်ပါနဲ့ဟယ်၊ တို့က ညားကြသေးတာမှ မဟုတ်တာ"

"မဟုတ်ပါဘူး၊ ငါ့မှာလည်း အဖေ၊ အမေရှိတော့တာ မဟုတ်ဘူး၊ နင့်အမေကလည်း ငါ့အမေပဲပေါ့၊ မနက်ဖြန် လုပ်ကွက်ထဲ မော်ထဲကထွက်ရင် ငါ နင့်အိမ်ကို လိုက်ခဲ့မယ်နော်. . ."

"ဟာ . . . ဖြစ်ပါ့မလားဟယ်"

"ငါ နင့်အိမ်ကို အလည်ပဲလိုက်မှာပါ၊ ငါက လောလောဆယ် မော်ထဲပြန်မဝင်ရသေးခင် မီးလွတ်ကျောင်းမှာ သွားနေမှာပါ၊ ဆရာတော်က တို့လိုလူတွေကို လက်ခံထားပါတယ်၊ ငါ့အတွက် ဘာမှ မပူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါက မလာစေချင်လို့လည်း မဟုတ်ပါဘူး၊ ငါ့အမေနဲ့အဖေတို့ အစ်ကိုတို့ အထင်လွဲမှာကြောက်လို့ပါ . . ."

"ရပါတယ်၊ လည်ရှုံသက်သက်တော့ လက်ခံပါဟယ် . . .၊ နင့်အိမ် သိရှု၊ နင့်မိသားစုနဲ့ ခင်မင်ရှုလေးပါ"

"အေးပါ၊ လိုက်ခဲ့ပါ၊ တို့က မှော် ၅၂၈ က မောင်နှမတွေပဲ" ဝေမာက ရယ်သည်။ အောင်ထွန်းဇော်လည်း ရယ်လိုက်သည်။

မရယ်နိုင်သူက ခင်မာချို။ အစုခွဲလိုက်ပြီးသည့်နောက် ကိုစိုးဝင်း၏မယားကြီးက လုံခြုံရေးဂိတ်သို့ ရောက်လာသည်။ ကိုစိုးဝင်းနှင့်တွေ့သည်။ ကိုစိုးဝင်း၏လုပ်ခများကိုယူပြီး နှစ်ယောက်အတူ ကားပေါ်တက်ကာ ထွက်ခွာသွားကြတော့သည်။

မျိုးမျိုးက ခင်မာချိုကိုကြည့်ရင်း နှစ်သိမ့်သည်။

"သူ့လမ်းသူသွားတာပဲ မချို ဘာဝမ်းနည်းစရာရှိလဲ . . ."

ခင်မာချိုက မျက်ရည်တွေသုတ်လိုက်သည်။

"ဟုတ်ကဲ့ပါ မမ၊ ကျွန်မ မမအပေါ် ဆိုးခဲ့တာ၊ စကားနာမထောင်ခဲ့တာရှိရင် ခွင့်လွှတ်ပါနော် . . ."

"ခွင့်လွှတ်ပါတယ်ကွယ်၊ မမတို့က မှော် ၅၂၈ က ညီအစ်မတွေပဲ ပြောစရာလိုသေးလား"

ခင်မာချို မျက်ရည်တွေကို သုတ်လိုက်သည်။ ပြီးတော့ သူ့လက်ဆွဲအိတ်ကို ဆွဲလိုက်သည်။

"ညီမက ဒီညနေပဲ ပြန်မှာလား . . ."

"ပြန်မယ် မမ၊ ဝမ်ကန်မှာ ကျွန်မ အဒေါ်ရှိတယ်၊ အဲဒီမှာ ညအိပ်ပြီး မနက်ဖြန် မိတ္ထီလာပြန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ...၊ သွားလေရာ လာလေရာ ဘေးမသီ ရန်မခပါစေနဲ့၊ ခလုတ်မထိဆူးမငြိပါစေနဲ့၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ ...၊ ကဲ ... သွားတော့ညီမလေး၊ သွားတော့ ...၊ လုံခြုံရေးတွေ လက်ဆွဲအိတ်စစ်ပြီးပလား၊ ပြီးရင် ဟိုမှာ ဆိုင်ကယ်တစ်စီးစောင့်နေတယ်၊ အဲဒီဆိုင်ကယ်နဲ့ပြန် ညီမလေး၊ ကံဆုံရင် ပြန်ကြုံကြသေးတာပေါ့နော် ..."

ဆိုင်ကယ်ကယ်ရီသမား၏ နောက်ကယ်ရီယာပေါ်တွင် ပါသွားသော ခင်မာချိုကို အင်ချပ်ချပ်မ မျိုးမျိုးက လက်ပြနှုတ်ဆက်ရင်းကျန်ရစ်သည်။ ထိုစဉ် ရန်နိုင်၊ ကျော်သူအောင်၊ သက်သက်၊ နန်းခမ်းလှိုင်တို့က ဝဏ္ဏကို သတိရကြသည်။

"ရတနာ၊ ဝဏ္ဏကိုတွေ့လား ..."

ရတနာ့မျက်လုံးအိမ်တွင် မျက်ရည်တွေရစ်ဝဲနေသည်။

"ဟင် ... တို့မေ့နေလိုက်တာ၊ ဝဏ္ဏ ...၊ ဒီကောင် ဘယ်ရောက်နေလဲ"

"ကျွန်မ ရှာပြီးပြီ အစ်ကိုကျော်သူအောင်၊ သူနေတဲ့အဆောင်လည်း သွားကြည့်ပြီးပြီ၊ မတွေ့ဘူး ..."

"မဟုတ်ပါဘူး ...၊ စောစောက ဒီကောင် ကျောပိုးအိတ်ထဲ အဝတ်တွေထည့်နေတာ တွေ့ခဲ့ပါတယ်၊ ခဏနေကြဦး ...၊ ငါ သွားရှာဦးမယ်"

ရန်နိုင် ထွက်သွားသည်။ အဆောင်ပေါ် ပြေးတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝဏ္ဏ . . .၊ ဝဏ္ဏ . . ."

ဟုအကြိမ်ကြိမ်ခေါ်သည်။ ခဲကြိတ်စက်၊ ခါစက်၊ အပေါ်ကင်း၊ လေးပင်ကျင်းဝအားလုံး၊ ချောဘားစက်၊ ရုံးခန်းအနှံ့ရှာသည်။ အပြေးအလွှားရှာသည်။ ဝဏ္ဏကို မတွေ့။

"ယော . . .ဟိုမှာ . . .ဟိုမှာ . . .ဝဏ္ဏ၊ ဆိုင်ကယ်ကယ်ရီသမားရဲ့ နောက်ကယ်ရီယာခုံပေါ်ရောက်နေပြီ၊ ဆိုင်ကယ်သမား စက်နှိုးနေပြီ"

ရန်နိုင်သာမက ကျော်သူအောင်ပါ ဂိတ်ပေါက်ဝဆီပြေးသည်။ ရတနာနှင့် နန်းခမ်းလှိုင်၊ သက်သက်တို့လည်း အပြေးလိုက်ကြသည်။ နှုတ်မှလည်း . . .

"ဝဏ္ဏ . . .၊ ဝဏ္ဏ . . ."

ဟုအော်ဟစ်ရင်း လိုက်သည်။

သို့သော်. . . ဝဏ္ဏကို မမီကြတော့။ သူတို့တွေမရောက်မီ ဝဏ္ဏတစ်ယောက် ဆိုင်ကယ်နှင့်အတူ မှော် ၅၂၈ ဂိတ်ပေါက်ဝမှ ပျောက်ကွယ်သွားတော့သည်။

"ဝဏ္ဏ သိပ်ရက်စက်တယ် . . ."

နန်းခမ်းလှိုင်က စီးကျလာသော မျက်ရည်များကိုသုတ်ရင်း ရေရွတ်လိုက်သည်။ ရတနာကတော့ မျက်ရည်တွေမသုတ်ဘဲ တရှုံ့ရှုံ့နှင့်ငိုချလိုက်တော့သည်။

"သူ ကျွန်မကို စိတ်နာသွားတာပါ၊ ကျွန်မ သူ့ကို တောင်းပန်မလို့ပါပဲ၊ မတောင်းပန်လိုက်ရတာ စိတ်မကောင်းဖြစ်နေမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ရတနာကို ဝိုင်းပြီးကြည့်ကြသည်။ ပြီးတော့ ဖြေသိမ့်ပေးကြသည်။ နှစ်သိမ့်ပေးကြသည်။ သို့သော်လည်း ရတနာ မဖြေသိမ့်နိုင်. . .။

ဝမ်းနည်းကြေကွဲမှုတွေက ထိန်း၍မရ။ သိမ်း၍မရနိုင်။ သည်တော့လည်း ရတနာ ငိုရလေတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

တစ်နှစ်ခွဲခန့်ကြာသောအခါ ဝဏ္ဏထံမှ စာလေးနှစ်စောင် မော်ဂျ၂၈ သို့ရောက်လာသည်။ တစ်စောင်က ကြီးကြပ်ရေးမှူး ဆရာကြီးဦးဇော်ဟိန်းထံ. . .။

တစ်စောင်ကတော့ ဝင့်စက်ဆရာ ကျော်သူအောင် ထံသို့. . .။ စာ၏အကြောင်းအရာမှာ အတူတူပင်ဖြစ်သည်။ သူ့စာထဲတွင် . . .

သူ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့ကြောင်း. . .။ သူ့မိဘများထံပြန်ပြီး သူစုဆောင်းထား သော ငွေငါးသိန်းနှင့်အတူ သူ ဆယ်တန်းစာမေးပွဲအောင်ပြီဆိုသည့် သတင်းကောင်းပါးတာ ကန်တော့ခဲ့ပါကြောင်း. . .။

သူ့ဖခင်နှင့်မိခင်တို့တွေ့သာမက သူ့ညီ၊ ညီမတို့၏ ဝမ်းသာ ပျော်ရွှင်ကြည်နူးမှုကိုလည်း သူ ခံစားတွေ့ကြုံခဲ့ရပါကြောင်း. . .။

ယခု သူ ပင်လုံတက္ကသိုလ်၏ မြန်မာစာဌာနတွင် ဆက်လက် ပညာဆည်းပူးနေပါကြောင်း. . .။ တက္ကသိုလ်တွင် မော်ဂျ၂၈ မှ မိတ်ဆွေများဖြစ်ခဲ့ကြသည့် ရတနာ၊ နန်းခမ်းလှိုင်တို့နှင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခဲ့ကြပြီး ယခင်ကနှယ် ရင်းနှီးပျော်ရွှင်စွာ အတူပညာသင်ကြားလျက် ရှိပါကြောင်း။

သူ မသိနားမလည် မရှင်းလင်းသည့်စာများ၊ သချ်ာများကို ဖေးမကူညီ သင်ကြားပြသပေးခဲ့ကြသည့် ဆရာကြီးဦးဖော်ဟိန်းနှင့် တကွ ဝင့်စက်ဆရာကိုကျော်သူအောင်တို့ကို အထူးကျေးဇူးတင်ကန်တော့လိုက်ပါကြောင်း. . .။

သူ မော် ၅၂၈ မှ ထွက်ခွာသွားစဉ်က နှုတ်မဆက်ခဲ့ဘဲ ထွက်ခွာသွားခဲ့မိသည်ကိုလည်း ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါကြောင်း။ ကိုရန်နိုင်နှင့် မသက်သက်တို့တွေကိုလည်း မမေ့ပါကြောင်း။ ကိုအောင်ထွန်းဇော်နှင့် စားဖိုမှူးဝေမာတို့ကိုလည်း သတိရပါကြောင်း။

မော် ၅၂၈ ၏ ၅၂၈ သွယ်သောမေတ္တာများကို သူ တန်ဖိုးထားအသိအမှတ်ပြုပါကြောင်း။

လောပန်းနှင့်တကွ လုပ်ကွက်တာဝန်ခံလူကြီးမင်းများ၊ ကျင်းပေါ်ကျင်းအောက်လုပ်သားများ၊ ကျင်းဆရာများ၊ အင်ချုပ်များ၊ ခဲရွေးမများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ကျောက်ကောင်း၊ ကျောက်မျက်၊ ပွင့်ကောက်များစွာရရှိပြီး နိုင်ငံတော်အကျိုး၊ အများပြည်သူ့အကျိုး၊ အမျိုးဘာသာသာသနာ့အကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါကြောင်းဖြင့် ရေးသားထားသည့်စာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဇော်ဟိန်းက လုပ်ကွက်တာဝန်ခံဦးအားဖာအား ဝဏ္ဏ၏စာကိုပြသည်။ ဦးအားဖာက စာရေးကြီးကိုပြသည်။

"တို့ လှည့်ပတ်စစ်ဆေးချိန်က ကားဂိုဒေါင်ဘေးမှာ စာဖတ်နေတဲ့ကောင်လေးရဲ့စာပေါ့" ဟုစာရေးကြီးကို ပြောသည်။ စာရေးကြီးက စာကိုဖတ်ရင်း ပြုံးလိုက်သည်။

"ဒါလည်း . . . ကျောက်ကောင်းတစ်ပွင့် ရလိုက်သလိုပါပဲ" ဟုမှတ်ချက်ချသည်။

ရန်နိုင်ကတော့ ဝဏ္ဏစာဖတ်ပြီး ဒေါသထွက်မိသည်။

"ငါ့လခွီး . . . ငါ့မှာ အိပ်ဆောင်ပေါ်တက်ရှာရ၊ ခဲကြိတ်စက်၊ ခါစက်၊ ဝင့်စက်၊ ချောဘားစက်တွေဆီ ပြေးကြည့်ရနဲ့၊ ဖတ်ဖတ်ကိုမောလို့၊ နောက်ဆုံးတော့ သူက ဆိုက်ကယ်ကယ်ရီယာပေါ်မှာ ငါပြေးလိုက်တော့ ဆိုက်ကယ်သမားကို အတင်းစက်နှိုးပြီး အမောင်းခိုင်းတယ်၊ ဆိုင်ကယ်ရဲ့ အိတ်ဇောပိုက်က မီးခိုးတွေမှုတ်ထုတ်ပြီး ငါ့ကို လှောင်သလိုလုပ်ပစ်ခဲ့တယ်လေ၊ ပေးစမ်း ဒီကောင့်စာ၊ သူ့လိပ်စာ ဘယ်မှာလဲ၊ ငါ စာရေးပြီး ဆဲလိုက်ဦးမယ်" ဟုဆိုလေသည်။

ကျော်သူအောင်ကတော့ ဝဏ္ဏ၏စာကို သက်သက်ပြုံးရင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ ဝဏ္ဏနဲ့ရတနာ ပြန်တွေ့ကြ၊ ပြန်ဆုံ‌ ပညာအတူသင်ကြနဲ့၊ ပျော်စရာကြီးပါလားနော် ....." ဟုဆို‌ ရယ်မောလိုက်ကြလေသတည်း။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ခုနှစ်၊ စာပေဗိမာန်စာမူဆု

ဝတ္ထုရှည်၊ ပထမဆုရ

"မှော် ၅၂၈"

ရေးသူ- ပုသိမ်အောင်သန်းဦး

အဖ ဦးလှဝင်း၊ အမိ ဒေါ်ခင်ရီဝါ့မှ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလတွင် ပုသိမ်မြို့၌ မွေးဖွားသည်။

၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သင့်ဘဝမဂ္ဂဇင်းပါ "ထီးကလေးတစ်လက်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ ရောက်ရှိသည်။ မြဝတီ၊ သွေးသောက်၊ မိုးဝေ၊ စန္ဒာ၊ ရုပ်ရှင်တေးကဗျာ၊ စတိုင်သစ်၊ လုံမလေး၊ ပညာတန်ဆောင်၊ နိုင်ငံ့ဝုဏ်ရည်၊ မှုခင်းရှုထောင့်စသည့် မဂ္ဂဇင်းအသီးသီးတွင် ဝတ္ထုတို ၅၀ ကျော်၊ ဆောင်းပါး ၁၀၀ ကျော်၊ ကဗျာ ၃၀ ကျော် ပုံနှိပ်ဖော်ပြခဲ့ပြီးဖြစ်သည်။

စာပေဗိမာန်စာမူဆု ၅ ဆုရရှိခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် " အိပ်မက်တိုင်းပြည်မဟုတ်ပါ" စာအုပ်ဖြင့် အမျိုးသားစာပေဆု (လူငယ်စာပေ) ဆွတ်ခူးရရှိခဲ့သည်။

ယခုအခါ ဟဲဟိုးမြို့နယ် အမှတ် (၅) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးအဖြစ်မှ အနားယူပြီး စာပေများရေးသားလျက် အကျိုးဆောင်ဂျာနယ်အယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်းမှာ ဦးအောင်သန်းဦးဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၁၈၂/၂၀၂ အခန်း (၁၄) ပထမထပ်၊ ၃၄ လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း

www.burmeseclassic.com